# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် 'ဒေါသ' ကိုစွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ-၂၂၁)


၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၁ ရက် | ၂၀၂၃ ခုနှစ်၊ ဇွန် ၂၈ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၂)၊ အမှတ်(၂၆၇)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် NCA လက်မှတ်ရေးထိုးထားသည့် PPST အဖွဲ့ဝင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၅)ဖွဲ့ (ALP၊ DKBA၊ KNU/KNLA-PC၊ LDU၊ PNLO)၏ ကိုယ်စားလှယ်အဖွဲ့ ဒုတိယနေ့ တွေ့ဆုံဆွေးနွေး

နေပြည်တော် ဇွန် ၂၇

နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် NCA လက်မှတ်ရေးထိုးထားသည့်PPST အဖွဲ့ဝင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၅)ဖွဲ့ (ALP၊ DKBA၊ KNU/KNLA-PC၊ LDU၊ PNLO)၏ ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲ ဒုတိယနေ့ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုဌာန၌ ကျင်းပပြုလုပ်သည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့ ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု

*စာမျက်နှာ ၃ ကော်လံ ၁* ❐



နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် NCA လက်မှတ်ရေးထိုးထားသည့် PPST အဖွဲ့ဝင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၅)ဖွဲ့ (ALP၊ DKBA၊ KNU/KNLA-PC၊ LDU၊ PNLO)၏ ကိုယ်စားလှယ်အဖွဲ့တို့ ဒုတိယနေ့ တွေ့ဆုံဆွေးနွေးစဉ်။

## ယနေ့ ဖတ်စရာ


**အရှိန်အဟုန်ဖြင့် ရေရှည်တိုးတက်ဖို့ . . .** — ဆောင်းပါး — စာ ၁၀

**သဘာဝဘေးအန္တရာယ် ကျရောက်သောဒေသများတွင် တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိ** — ပြည်တွင်းသတင်း — စာ ၁၁

**မိုးရာသီ အောင်မင်္ဂလာအဝေးပြေးနှင့် ဒဂုံရေအဝေးပြေးတို့တွင် တစ်ရက်လျှင် ခရီးသွား ၉၀၀၀ ခန့်အား ခရီးသွားဝန်ဆောင်မှုပေးနေ** — ပြည်တွင်းသတင်း — စာ ၁၈


## မှတ်သားဖွယ်ရာ မိုးရေချိန်များ

၂၇-၆-၂၀၂၃

| | | | |
|---|---|---|---|
| ကျောက်ဖြူမြို့ | ၅ ဒသမ ၁၁ လက်မ | နေပြည်တော် | ၂ ဒသမ ၂၅ လက်မ |
| ပိုင်ကျုံမြို့ | ၄ ဒသမ ၆၀ လက်မ | (ဥတ္တရသီရိမြို့နယ်) | |
| ငါးသိုင်းချောင်းမြို့ | ၃ ဒသမ ၅၀ လက်မ | မန်အောင်မြို့ | ၂ ဒသမ ၂၅ လက်မ |
| မိုးကောင်းမြို့ | ၃ ဒသမ ၃၁ လက်မ | ပန်းတနော်မြို့ | ၂ ဒသမ ၀၃ လက်မ |
| ပေါက်တောမြို့ | ၃ ဒသမ ၁၁ လက်မ | ပုဏ္ဏားကျွန်းမြို့ | ၂ ဒသမ ၀၀ လက်မ |
| စစ်တွေမြို့ | ၂ ဒသမ ၆၄ လက်မ | နေပြည်တော် | ၁ ဒသမ ၉၇ လက်မ |
| ကျုံပျော်မြို့ | ၂ ဒသမ ၆၄ လက်မ | (ဇေယျာသီရိမြို့နယ်) | |

# အိမ်နောက်ဖေးနှင့် အိမ်ဘေးမကျန် ဈေးဆိုင်တည်

"အိမ်နောက်ဖေးတွင် ဈေးဆိုင်တည်ပါ" ဟူသော မြန်မာဆိုရိုးစကား တစ်ခုရှိသည်။ မြေပိုကွက်လပ်များရှိနေတတ်သည့် အိမ်နောက်ဘက်တွင် ဟင်းသီးဟင်းရွက်သီးနှံများ စိုက်ပျိုးကြရန် ဆော်ဩထားခြင်းဖြစ်သည်။ ရာသီအလိုက် ဘူး၊ ပဲတောင့်ရှည်၊ ကြက်ဟင်းခါး၊ ချဉ်ပေါင်၊ ငရုတ်စသည်ဖြင့် စိုက်ပျိုးကြသည့်ဓလေ့များ ယခင်က ရှိခဲ့ကြသော်လည်း လူဦးရေတိုးပွား၍ မြေပိုများ ရှားလာ၊ ဟင်းသီးဟင်းရွက်ကို တန်ဖိုးနည်းနည်းနှင့် အလွယ်တကူဝယ်ယူစားနိုင်လာကြသည့်အခါ ကိုယ်တိုင်စိုက်၊ ကိုယ်တိုင်စားခဲ့ကြသည့် ဓလေ့များ ပျောက်ကွယ်လာသည်။

မိမိတို့နေ့စဉ်စားသောက်နေကြရသည့် အစားအစာများတွင် ကျန်းမာရေးနှင့် ညီညွတ်မျှတစေရန် လိုအပ်ချက်အရ ဟင်းသီးဟင်းရွက်များ မပါမဖြစ် ပါကြရသည်။ ဟင်းသီးဟင်းရွက်တစ်မျိုးစီတိုင်းတွင် ဗီတာမင်အာဟာရဓာတ်များ မတူကွဲပြားစွာပါရှိနေသည့်အတွက် အာဟာရစုံလင်အောင် နေ့စဉ်စားသုံးနိုင်ကြရန်လည်း လိုသည်။ ခေတ်ကာလအလျောက် ဟင်းသီးဟင်းရွက်များကို ဝယ်ယူစားသောက်လာကြရသည့်အခါ အာဟာရဖြစ်မဖြစ်ဆိုသည်ထက် ဘေးအန္တရာယ် မဖြစ်စေရန်ပင် ဂရုပြုလာကြရသည်။ ဈေးကွက်တွင် တင်ပို့ရောင်းချရန် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်ကြသည့်အခါ ဓာတ်မြေဩဇာများ၊ ပိုးသတ်ဆေးများ သုံးစွဲခြင်း၊ အပင်ကြီးထွားရေး၊ အသီးအနှံများ ကြီးထွားရေးတို့အတွက် အပင်ဟော်မုန်းဆေးများ သုံးစွဲခြင်း၊ မျိုးဗီဇနည်းပညာများဖြင့် ဖန်တီးထားခြင်း၊သစ်သီးများအရောင်လှစေရန်၊ ချက်ချင်းမှည့်စေရန် ဆေးများသုံးစွဲခြင်း စသည့်နည်းလမ်းများကို သုံးစွဲလာကြရာ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ၊ သီးနှံများက ကျန်းမာရေးထိခိုက်နိုင်သည့် ဘေးထွက်ဆိုးကျိုးများလည်း ပါရှိလာသည်။

အိမ်ရှေ့၊ အိမ်ဘေး၊ အိမ်နောက် စသည်ဖြင့် မြေကွက်လပ်ငယ်များတွင် တစ်နိုင်တစ်ပိုင်ဟင်းသီးဟင်းရွက်ဥယျာဉ်ငယ်များ ဖန်တီးစိုက်ပျိုးခြင်းအားဖြင့် အကျိုးကျေးဇူးအများအပြား ရရှိနိုင်သည်။ သန့်ရှင်းလတ်ဆတ်၍ ဘေးအန္တရာယ်ကင်းပြီး အာဟာရပြည့်ဝသော ဟင်းသီးဟင်းရွက်များ ရရှိနိုင်ခြင်း၊ အလွယ်တကူ ဆွတ်ခူးစားသုံးနိုင်ခြင်း၊ ငွေကုန်ကြေးကျ လျှော့ချနိုင်ခြင်း၊ ဥယျာဉ်ငယ်အတွင်း ရေလောင်း၊ ပေါင်းသင်၊ မြေဆွေးထည့်၊ အပင်ပြုစုရသည့်လုပ်ငန်းများကို နိစ္စဓူဝအချိန်မှန်ဆောင်ရွက်ရသောကြောင့် စိတ်ပိုင်းဆိုင်ရာအရရော၊ ရုပ်ပိုင်းဆိုင်ရာအရပါ ကောင်းမွန်နိုင်ခြင်း၊ မိသားစုဝင်များအတူတကွ စုပေါင်းဆောင်ရွက်ကြခြင်းဖြင့် ညီညွတ်မှုနှင့် ပျော်ရွှင်မှုတို့ ရရှိနိုင်ခြင်း စသည်ဖြင့် ဟင်းသီးဟင်းရွက်ဥယျာဉ်ငယ် စိုက်ပျိုးရာမှ ရရှိနိုင်သော အကျိုးကျေးဇူးအများအပြားရှိသည်။ ဘူး၊ ဖရုံ၊ သခွား၊ ကြက်ဟင်းခါးကဲ့သို့သော နွယ်ပင်များ၊ ချဉ်ပေါင်၊ ဟင်းနုနယ်၊ ရုံးပတီကဲ့သို့သော စိမ်းလန်းသည့် အပင်ငယ်များ၊ နံနံ၊ ပူဒီနာ၊ ပင်စိမ်း၊ မြင်းခွာကဲ့သို့သော အပင်ကလေးများကို မျက်စိပသာဒဖြစ်အောင် လှပစွာစိုက်ပျိုးထားခြင်းဖြင့် စားသုံး၍ရသလို အိမ်ကိုလည်း လှပစေသည်။

ယခုအခါ အိမ်ခြံဥယျာဉ်(Home Garden) များ စိုက်ပျိုးရေးအတွက် နိုင်ငံတော်က အားပေးလျက်ရှိရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနက ဟင်းသီးဟင်းရွက်ပျိုးပင်များ၊ မျိုးစေ့ထုပ်များ၊ မြေဩဇာထုပ်များ၊ စိုက်ပျိုးနည်းပညာပေးလက်ကမ်းစာစောင်များကို အချို့သော မြို့နယ်များတွင် ပြည်သူများအား ဖြန့်ဝေပေးလျက်ရှိသည်။ ကိုယ်တိုင်စိုက်၊ ကိုယ်တိုင်စားနိုင်သည့် ဟင်းသီးဟင်းရွက်ဥယျာဉ်ငယ်များ တစ်နည်းအားဖြင့် အိမ်ခြံဥယျာဉ် (Home Garden) များမှာ နေ့စဉ်နေရောင်ခြည် ငါးနာရီမှ ခြောက်နာရီအတွင်းရရှိသော နေရာများတွင် အိုး၊ ပုံးခွံ၊ သေတ္တာစသည်တို့ကို အသုံးပြု၍ စိုက်ပျိုးနိုင်ခြင်းဖြစ်ရာ မိသားစုအတွက် ကောင်းကျိုးဝေဆာဖြစ်ထွန်းနိုင်သည့် အိမ်ခြံဥယျာဉ်များ ရာသီမပြတ်စိုက်ပျိုးနိုင်ကြပါစေကြောင်း။ ။

## ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် SMS စာတိုဖြင့် လှူဒါန်းနိုင်

နေပြည်တော် ဇွန် ၂၇

မြန်မာနိုင်ငံတွင် ၂၀၂၃ ခုနှစ် မေ ၁၄ ရက်က ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် လှူဒါန်းမှုများပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေးအတွက် ပြည်သူများ အသုံးပြုမှုများပြားသည့် မိုဘိုင်းတယ်လီဖုန်းများမှတစ်ဆင့် SMS (စာတို) ဖြင့် လှူဒါန်းငွေများပေးပို့နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုသို့လှူဒါန်းရာတွင် မိုဘိုင်းသုံးစွဲသူ စေတနာရှင်ပြည်သူများအနေဖြင့် မိမိတို့၏ အသုံးပြုနေသည့် မိုဘိုင်းဖုန်းများမှတစ်ဆင့် 9090 သို့ 500 ဟု SMS ပေးပို့၍ တစ်ကြိမ်လျှင် ၅၀၀ ကျပ်နှုန်းဖြင့် လှူဒါန်းနိုင်ကြောင်း သိရသည်။

သတင်းစဉ်

## ယာဉ်မတော်တဆမှုများနှင့် ပတ်သက်၍ ဖြစ်စဉ်ဖြစ်ပွားမှုများကို စစ်ဆေးဖော်ထုတ်ပြီး ထပ်မံဖြစ်ပွားမှုမရှိစေရေး ကြိုတင်ကာကွယ်တားဆီးရေးလုပ်ငန်းများ ဆောင်ရွက်

ပုသိမ် ဇွန် ၂၇




ဧရာဝတီတိုင်းဒေသကြီး ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပရာ တိုင်းဒေသကြီး ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီအဖွဲ့ဝင်များ တက်ရောက်ကြပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများက Video Conferencing စနစ်ဖြင့် တက်ရောက်ကြသည်။

### ကြပ်မတ်ဆောင်ရွက်

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ယာဉ်တိုက်မှု၊ ဒဏ်ရာရရှိမှုနှင့် သေဆုံးမှုနှုန်းများ လျော့နည်းကျဆင်းလာစေရေး အတွက် ကြပ်မတ် ဆောင်ရွက်လျက်ရှိသော်လည်း သိသာစွာ လျော့နည်းမှုမရှိသေးကြောင်း၊ အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်ကောလိပ်များ ဖွင့်သည်နှင့် အသိပညာပေး ဟောပြောခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ စစ်ဆေးခြင်း၊ အရေးယူခြင်းများဆောင်ရွက်လျက်ရှိရာ လိုအပ်မှုများရှိနေကြောင်း၊ မိမိတို့တိုင်းဒေသကြီးသည် ကျေးလက်နေလူဦးရေ များသောကြောင့် ဆိုင်ကယ် အများဆုံး အသုံးပြုလျက်ရှိရာ ယာဉ်မတော်တဆမှုများ လျော့နည်းကျဆင်းရေးအတွက် ဆိုင်ကယ်စီးဦးထုပ်များကို စနစ်တကျ မေးသိုင်းကြိုးတပ်ဆင်အသုံးပြုစေခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာစေခြင်း၊ သုံးယောက် စီးနင်းမောင်းနှင်မှု မရှိစေရေးနှင့် အရက်သေစာသောက်စား၍ မောင်းနှင်မှုမရှိစေရေးတို့ကို စတင်ထွက်ခွာသည်နှင့် ကျေးရွာများအလိုက် စနစ်တကျစစ်ဆေး ကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း။

### ပြည်သူများ ပူးပေါင်းပါဝင်

ယာဉ်မတော်တဆမှုများနှင့် ပတ်သက်၍ ဖြစ်စဉ်ဖြစ်ပွားမှုများကို သေချာစွာ စစ်ဆေးဖော်ထုတ်ပြီး အလားတူဖြစ်စဉ်များ ထပ်မံဖြစ်ပွားမှု မရှိစေရေး ကြိုတင်ကာကွယ်တားဆီးရေး လုပ်ငန်းများ ဆောင်ရွက်ရန်လိုကြောင်း၊ ယာဉ်မတော်တဆမှုများ လျော့နည်းပပျောက်စေရေး ဆောင်ရွက်ရမည့် နည်းလမ်းများအတိုင်း တိတိကျကျ လိုက်နာဆောက်ရွက်ရန်နှင့် သက်ဆိုင်ရာဌာနဆိုင်ရာများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေး အဖွဲ့များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ပြည်သူများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုကြောင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ပတ်သက်၍ ယာဉ်တိုက်မှုဖြစ်စဉ်များ ၅၀ ရာခိုင်နှုန်း လျော့ကျရေးအတွက် များများအသိပညာပေး၊ စစ်ဆေးအရေးယူသွားရန်လိုကြောင်း ပြောကြားသည်။

### ပညာပေးဆောင်ရွက်

ဆက်လက်၍ တိုင်းဒေသကြီး ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးတို့က ၂၀၂၃ခုနှစ် ဇန်နဝါရီလမှ မေလအထိ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ၊ ယာဉ်မတော်တဆမှုကြောင့် ဒဏ်ရာရ၊ သေဆုံးမှု အခြေအနေများ၊ တိုင်းဒေသကြီးအတွင်း ယာဉ်မတော်တဆဖြစ်ပွားမှု အခြေအနေများ၊ အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။ ယင်းနောက် ကော်မတီအဖွဲ့ဝင်များနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများက အထွေထွေတင်ပြဆွေးနွေးမှုများအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြီး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ်ထုတ်လွှင့်မည်

နေပြည်တော် ဇွန် ၂၇

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"ကော့ကရိတ်မြို့၊ သိမ်ဇရပ်မြို့အတွင်းသို့ KKO (ခွဲထွက်) အဖွဲ့၊ KNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့တို့က လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူ ၁ ဦး သေဆုံး၊ ၄ ဦး ဒဏ်ရာရရှိခဲ့သည့်ဖြစ်စဉ်"** ခေါင်းစဉ်ဖြင့် ဇွန် ၂၈ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"ဓားပြတိုက်လုယက်မှုများ ကျူးလွန်ခဲ့သည့် တွံတေးမြို့ပြပြောက်ကျား အမည်ခံ PDF အကြမ်းဖက်အဖွဲ့ ဒုတိယခေါင်းဆောင်နှင့် အဖွဲ့ဝင်များအား ထပ်မံဖော်ထုတ်ဖမ်းဆီးရမိ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီ မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



❐ ရှေ့ဖုံးမှ

ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်နှင့် ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်များ၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) ဥက္ကဋ္ဌ စောမြရာဇာလင်း၊ ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော် (DKBA) မှ စစ်ရေးချုပ်အဆင့်ရှိ စောစိန်ဝင်း၊ KNU/KNLA ငြိမ်းချမ်းရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒေါက်တာနော်ကပေါ်ထူး၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး (LDU) ဒုတိယဥက္ကဋ္ဌ ကျာဖူး၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) ဦးဆောင်နာယက ဖြားတန်ခွန်ဥက္ကာတို့ ဦးဆောင်သည့် ငြိမ်းချမ်းရေးဆွေးနွေးရေးကိုယ်စားလှယ်များ တက်ရောက်ကြသည်။

**မူကြမ်းများကို ဆွေးနွေးညှိနှိုင်းခဲ့**

ဆွေးနွေးပွဲတွင် NCA-S EAO အဖွဲ့များကြား ဆွေးနွေးသဘောတူထားသော ဘုံသဘောတူညီချက်များကိစ္စ၊ ဖက်ဒရယ်အခြေခံမူများကိစ္စ၊ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးကိစ္စ၊ UWSP၊ NDAA၊ SSPP အဖွဲ့များ၊ နိုင်ငံရေးပါတီများနှင့် တွေ့ဆုံဆွေးနွေးနိုင်ရေးအပေါ် NCA-S EAO များ၏ သဘောထားများနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာကြသူများက မိမိတို့၏သဘောထားများကို အပြန်အလှန် ပွင့်ပွင့်လင်းလင်း ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။ ယင်းနောက် နှစ်ရက်တာ ဆွေးနွေးညှိနှိုင်းချက်များအရ သဘောတူညီချက်ရယူနိုင်ရန် မူကြမ်းများကို ဆွေးနွေးညှိနှိုင်းခဲ့ကြပြီး ဒုတိယနေ့ တွေ့ဆုံဆွေးနွေးပွဲကို ရပ်နားခဲ့သည်။

**ဆက်လက်ကျင်းပသွားမည်**

တတိယနေ့ ဆွေးနွေးပွဲကို ဇွန် ၂၈ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး နှစ်ဖက်တူညီသည့် သဘောထားများကို သဘောတူညီချက်များအဖြစ် လက်မှတ်ရေးထိုးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးအောင်သော် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီး H.E. Dr. Nikolay Listopadov အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၂၇**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သော်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E.Dr. Nikolay Listopadov အား ယနေ့ နံနက်ပိုင်းတွင် အဆိုပါ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးနှင့် ဆက်လက်ပူးပေါင်းလုပ်ဆောင်သွားမည့်ကိစ္စရပ်များ၊ နှစ်နိုင်ငံ ခရီးသွားလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံနိုင်ရေး၊ မြန်မာနိုင်ငံ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း၏ အလားအလာကောင်းများနှင့် အခွင့်အလမ်းကောင်းများ ခရီးသွားလုပ်ငန်းနှင့် သက်ဆိုင်သည့် ဖိုရမ်များ၊ အွန်လိုင်းဆွေးနွေးပွဲများ ဆက်လက်ကျင်းပသွားရေး၊ ရုရှား-မြန်မာ Charter Flight များ ပြေးဆွဲနိုင်ရေးတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြပြီး အမှတ်တရလက်ဆောင် ပစ္စည်းများ အပြန်အလှန် ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# အမျိုးသားမှတ်ပုံတင်လုပ်ငန်းဆိုင်ရာမှတ်တမ်းများအား ကွန်ပျူတာစနစ်ဖြင့် မှတ်တမ်းတင်ထိန်းသိမ်းခြင်းလုပ်ငန်း Software အသုံးပြုနည်းသင်တန်းဖွင့်

**နေပြည်တော် ဇွန် ၂၇**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ အမျိုးသား မှတ်ပုံတင်လုပ်ငန်းဆိုင်ရာ မှတ်တမ်းများအား ကွန်ပျူတာစနစ်ဖြင့် မှတ်တမ်းတင်ထိန်းသိမ်းခြင်းလုပ်ငန်း (Digital Document Archiving System Software) အသုံးပြုနည်းသင်တန်း ဖွင့်ပွဲကို ယမန်နေ့ နံနက်ပိုင်းက နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးဌာန အစည်းအဝေး ခန်းမ၌ ကျင်းပသည်။ **(အောက်ဝဲပုံ)**



အခမ်းအနားသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဋ္ဌေးလှိုင်၊ အမြဲတမ်းအတွင်းဝန် ဦးဝင်းဇော်အောင်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက အမျိုးသားမှတ်ပုံတင် ပုံစံ (၁) မှတ်တမ်းများသည် နှစ်ကာလရှည်ကြာစွာ ထိန်းသိမ်းထားရှိသည့် စက္ကူမှတ်တမ်းများဖြစ်ခြင်းကြောင့် ပျက်စီးဆုံးရှုံးမှုမရှိစေရေးအတွက် Scan ဖတ်၍ ကွန်ပျူတာမှတစ်ဆင့် Software အသုံးပြုကာ Digital Document Archiving System ဖြင့် Server အတွင်း သိမ်းဆည်းနိုင်ရေး သင်တန်းဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ ပုံစံ(၁) မှတ်တမ်းများသည် လူပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ ကိုယ်ရေးအချက်အလက်များဖြစ်သည်နှင့် အညီ နိုင်ငံသားဖြစ်မှုအတွက် ဥပဒေနှင့်တိုက်ဆိုင်စိစစ်နိုင်ရန် အရေးပါသည့် အထောက်အထားများဖြစ်ပါကြောင်း၊ ယင်းလုပ်ငန်းကို ဆောင်ရွက်ကြမည့် ဝန်ထမ်းများအနေဖြင့် စာရွက်စာတမ်းလုံခြုံရေးကို အလေးထားကြရန်နှင့် ဌာနအတွက်သာမက နိုင်ငံတော်အတွက် အရေးပါသည့်မှတ်တမ်းထိန်းသိမ်းခြင်း လုပ်ငန်းဖြစ်ခြင်းကြောင့် စနစ်တကျ ဂရုပြုဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

အဆိုပါသင်တန်းကို နှစ်ရက်ကြာ ပို့ချသွားမည်ဖြစ်ပြီး သန္ဓေဝန်ထမ်းနှင့် အစားခန့်ဝန်ထမ်း စုစုပေါင်း ၃၃ ဦး တက်ရောက်ကြောင်းနှင့် သင်တန်းပြီးဆုံးပါက နေပြည်တော်ရုံးချုပ်ရှိ အမျိုးသားမှတ်ပုံတင်ပုံစံ(၁)မှတ်တမ်းများကို Digital Document Archiving System Software အသုံးပြု၍ Server အတွင်း သိမ်းဆည်းခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ကျောက်တံခါးမြို့နယ်၌ စားသောက်ကုန်များကို ဈေးနှုန်းချိုသာစွာ ရောင်းချပေး

**ကျောက်တံခါး ဇွန် ၂၇**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် ကျောက်တံခါးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က ကျောက်တံခါးမြို့မဈေးရှေ့၌ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းချိုသာစွာ နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ထိုသို့ရောင်းချပေးရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညွန့်ဆွေ ဦးဆောင်၍ ပြည်သူများအား အခြေခံစားသောက်ကုန်ပစ္စည်းများဖြစ်သည့် ဆန်နှင့် စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးခဲ့သည်။ (ယာပုံ)



အဆိုပါ စားသောက်ကုန်ပစ္စည်းများ ရောင်းချပေးနေမှုကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာအဖွဲ့မှ တာဝန်ရှိသူများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ထောက်ပံ့ရေးပစ္စည်းများ မုန်တိုင်းဒဏ်သင့်ဒေသများသို့ စနစ်တကျဖြန့်ခွဲပေးပို့နိုင်ရေး စီမံဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေး

**စစ်တွေ ဇွန် ၂၇**

ရခိုင်ပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အနီးကပ်ကြီးကြပ်ကွပ်ကဲရန် စစ်တွေမြို့၌ ရောက်ရှိနေသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ ဘက်စုံသုံးဆိပ်ကမ်းနှင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဖောင်တော်ကြီးဆိပ်ကမ်းတို့၌ ဆိုက်ကပ်ထားသော မာကျူရီဖို့စ်သင်္ဘော၊ MV ROYAL VENUS သင်္ဘောနှင့် ပြည်တော်အေး-၂ သင်္ဘောများပေါ်မှ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အသုံးပြုမည့် ထောက်ပံ့ရေးပစ္စည်းများကို လူအင်အား၊ စက်ယန္တရားအင်အားများအသုံးပြု၍ မုန်တိုင်းဒဏ်သင့်ဒေသများသို့ စနစ်တကျဖြန့်ခွဲပေးပို့နိုင်ရေး စီမံဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရခိုင်ပြည်နယ်ဘိုးဘွားရိပ်သာသို့ ရောက်ရှိပြီး အဘိုးအဘွား ၃၇ ဦးအတွက် စားသောက်ဖွယ်ရာများနှင့် အလှူငွေများ ထောက်ပံ့လှူဒါန်းကာ ရိပ်သာအတွင်း လှည့်လည်ကြည့်ရှုသည်။

### လိုအပ်သည်များ မှာကြား

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကျေးလက်လမ်း ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်ရုံးများ၊ သိုလှောင်ရုံများ၊ ဝန်ထမ်းအိမ်ရာများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မိုခါ မုန်တိုင်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အောင်မင်္ဂလာရပ်ကွက်နှင့် ရွာသစ်ကေကျေးရွာတို့ကို ဆက်သွယ်ပေးထားသော အရှည် ၈၅ ပေ၊ အကျယ် ၁၂ ပေရှိ ဘေလီသစ်သားကြမ်းခင်းတံတား ပြန်လည်တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တံတားရေရှည်တည်တံ့ခိုင်မြဲအောင် စနစ်တကျ တည်ဆောက်သွားရန် မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပြည်နယ်အစိုးရညီ့ဂေဟာ၌ လယ်ယာအထောက်အကူပြု ယွန်းလျှံကုမ္ပဏီဥက္ကဋ္ဌ ဦးအောင်မျိုးဦးနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒေသတွင်းတောင်သူများအတွက် ထွက်နှုန်းမြင့် GW-11 မျိုးစပါး စိုက်ပျိုးနိုင်ရေး၊ ဒေသတွင်း မွေးမြူရေးလုပ်ငန်းများအတွက် တိရစ္ဆာန်အစားအစာ Ever Green မြက် စိုက်ပျိုးနိုင်ရေး၊ အချိန်တိုအတွင်း ရှင်သန်ဖြစ်ထွန်းနိုင်သည့် သစ်ပင်များစိုက်ပျိုးရေးနှင့် စိုက်ပျိုးမွေးမြူရေးနှင့်စပ်လျဉ်းသည့် အသိပညာပေးနိုင်ရေးဆိုင်ရာများကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ထောက်ပံ့ငွေများ ပေးအပ်

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် သူနာပြုနှင့် သားဖွားသင်တန်းကျောင်းသို့ ရောက်ရှိပြီး သင်တန်းသား သင်တန်းသူများ စာတွေ့လက်တွေ့သင်ကြားနေမှုကို ကြည့်ရှုအားပေးပြီး သင်တန်းသား သင်တန်းသူများအတွက် စားစရိတ်ထောက်ပံ့ငွေများ ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မိုခါဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စစ်တွေကမ်းနားပတ်လမ်း(ရှုခင်းသာလမ်း)၊ စာတိုက်လမ်းဆုံမှ စစ်တွေဟိုတယ်အထိ အရှည်ပေ ၁၂၈၀၀ လမ်းပိုင်း ပြင်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ကျင်းပသည့် သဘာဝဘေး ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ပြီး လုပ်ငန်းကော်မတီအလိုက် တင်ပြသည့် ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းများအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့ပြင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များသို့ ဟင်းသီးဟင်းရွက်မျိုးစေ့များ ပေးအပ်ပွဲအခမ်းအနားကို ယနေ့တွင် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန၌ ကျင်းပရာ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး တက်ရောက်သည်။

အခမ်းအနားတွင် ရခိုင်ပြည်နယ်အတွင်းရှိ ခရိုင်စိုက်ပျိုးရေးဦးစီးမှူးများထံ ရုံးပတီ၊ တိုင်ထောင်ပဲ၊ တိုင်လွတ်ပဲ၊ ရွှေဖရုံ၊ ကျောက်ဖရုံ၊ ခရမ်းသီး၊ ခရမ်းကြွပ်သီး၊ သခွား၊ ငရုတ်၊ ချဉ်ပေါင်၊ ကြက်ဟင်းခါး၊ ပဲလင်းမြွေနှင့် ပဲစောင်းလျား စသည့်မျိုးစေ့ထုပ် ၅၈၅၀၀ ကို ဖြန့်ခွဲပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ရခိုင်ပြည်နယ်ဘိုးဘွားရိပ်သာ၌ အဘိုး အဘွား ၃၇ ဦးအတွက် စားသောက်ဖွယ်ရာများနှင့် အလှူငွေများ ထောက်ပံ့လှူဒါန်းစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးလှမိုး သူနာပြုနှင့်သားဖွား သင်တန်းကျောင်း သင်တန်းသား သင်တန်းသူများအတွက် စားစရိတ်ထောက်ပံ့ငွေများ ပေးအပ်စဉ်။



ပြည်ထောင်စုဝန်ကြီး ဦးလှမိုးနှင့်အဖွဲ့ဝင်များ စစ်တွေမြို့ ဘက်စုံသုံးဆိပ်ကမ်း၌ ထောက်ပံ့ရေးပစ္စည်းများ မုန်တိုင်းဒဏ်သင့်ဒေသများသို့ စနစ်တကျဖြန့်ခွဲပေးပို့နိုင်ရေး စီမံဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးလှမိုးနှင့်အဖွဲ့ဝင်များ အောင်မင်္ဂလာရပ်ကွက်နှင့် ရွာသစ်ကေကျေးရွာကို ဆက်သွယ်ထားသည့် ဘေလီသစ်သားကြမ်းခင်းတံတား ပြန်လည်တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

# ကျောက်တော်မြို့နယ်၌ တောင်သူများအား စပါးမျိုးစေ့နှင့် ဓာတ်မြေဩဇာအိတ်များ ထောက်ပံ့

**ကျောက်တော် ဇွန် ၂၇**

ကျောက်တော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ၂၀၂၃-၂၀၂၄ ခုနှစ် မိုးရာသီတွင် မိုးစပါးစံပြကွက်များ၊ မျိုးစေ့ထုတ်လုပ်ငန်းများ စိုက်ပျိုးမည့်တောင်သူများအား စပါးမျိုးစေ့နှင့် ဓာတ်မြေဩဇာ ထောက်ပံ့ပေးအပ်ပွဲကို ဇွန် ၂၆ ရက် နံနက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ကစ္ဆပနဒီခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုအဖွဲ့မှ ဗိုလ်မှူးချုပ် အောင်သူဦးနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စွာညွန့်တို့က အမှာစကားပြောကြားကြသည်။ ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်သန့်အောင်က မျိုးစပါးနှင့် ဓာတ်မြေဩဇာ ထောက်ပံ့ပေးအပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ယင်းနောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက တောင်သူများအား မျိုးစပါးနှင့် ဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်သည်။ **(ယာပုံ)**

ထိုသို့ထောက်ပံ့ပေးအပ်ရာတွင် ကျေးရွာအုပ်စု ငါးအုပ်စုမှတောင်သူ ၆၇ ဦးအား ပေါ်ဆန်းရင် မျိုးစပါး တင်း ၁၀၀၊ ဆင်းသွယ်လတ်မျိုးစပါး တင်း ၈၀၊ GW-11 တင်း ၇၀ နှင့် ယူရီးယားဓာတ်မြေဩဇာ ၁၂၅ အိတ်ကို ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။ **ဖြူဖြူဝင်း(ပြန်/ဆက်)**



# ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် ဇွန် ၂၇

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး H.E. Dr. Nikolay Listopadov အား ယနေ့နံနက် ၁၁ နာရီတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။** (ယာပုံ)



**အမြင်ချင်းဖလှယ်ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ လျှပ်စစ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရုရှားနိုင်ငံနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များ၊ နှစ်နိုင်ငံအကြီးအကဲများအကြား ဆွေးနွေးဆောင်ရွက်ခဲ့မှုများအရ သဘောတူစာချုပ် ချုပ်ဆိုနိုင်ခဲ့သည့်အခြေအနေ၊ မြန်မာနိုင်ငံတွင်ရှိသော နေရောင်ခြည်စွမ်းအင်၊ ရေအားလျှပ်စစ်နှင့် လေအားလျှပ်စစ် စသည့်အရင်းအမြစ်များကိုအသုံးပြု၍ စွမ်းအင်အရင်းအမြစ်မျိုးစုံမှ ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေ၊ လျှပ်စစ်ကဏ္ဍဆိုင်ရာ စီမံကိန်းများတွင် မြန်မာနိုင်ငံအနေဖြင့် ပြည်တွင်းကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများနှင့် နှစ်နိုင်ငံအကြား ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**



# မုတ်ကျွန်းတာ တာဖို့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် မုတ်ကျွန်းတာကမ်းစားမှုဖြစ်စဉ်အား ကွင်းဆင်းကြည့်ရှုစစ်ဆေး

**ရန်ကုန် ဇွန် ၂၇**

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် အဖွဲ့ဝင်များသည် ယမန်နေ့နံနက်ပိုင်းက ကုန်းခြံကုန်းမြို့နယ် မုတ်ကျွန်းတာ(သောင်ခုံကျေးရွာ)အပိုင်းတွင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ စက်ယန္တရားကြီးများဖြင့် အလျား ပေ ၇၂၀၀ ရှိသော ပန်းတာအသစ် တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးရာ ညွှန်ကြားရေးမှူး ဦးကျော်နိုင်ဦးက ဌာနပိုင်စက်ယန္တရားကြီးများ အပြင် လုပ်ငန်းများ အမြန်ဆုံးပြီးစီးရေးအတွက် ကုမ္ပဏီမှ စက်ယန္တရားကြီးဖြင့် ငှားရမ်းလုပ်ကိုင်လျက် လုပ်ငန်းဆောင်ရွက်နေမှုများ ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် သောင်ခုံရွာအနီး မုတ်ကျွန်းတာ၏ ကမ်းပြိုကမ်းစားဖြစ်ပေါ်နေသည့်နေရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြရာ **(အပေါ်ပုံ)** တာဝန်ရှိသူများက ကမ်းစားမှုဖြစ်စဉ်ကို လည်းကောင်း၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနနှင့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်မည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားသည်။

အဆိုပါမုတ်ကျွန်းတာအား ၁၉၆၉ ခုနှစ်တွင် တည်ဆောက်ခဲ့ပြီး တာမိုင်အလျားသည် ၇၃ မိုင်ရှည်လျား၍ ကွမ်းခြံကုန်းမြို့နယ်အပိုင်းတွင် တာမိုင် ၄၄ မိုင်နှင့် ကော့မှူးမြို့နယ်အပိုင်းတွင် တာမိုင် ၂၉ မိုင်ရှိရာ ကွမ်းခြံကုန်းမြို့နယ် (သောင်ခုံအပိုင်း) သောင်ခုံရွာ၊ ရွာလယ်လမ်းပိုင်းအဖျားမှ သောင်ခုံရွာနတ်စင်ကွေ့အထိ ကမ်းပြိုကမ်းစားမှုများ ဆက်တိုက်ဖြစ်ပေါ်ခဲ့ပြီး ကမ်းစားမှုမြင့်မားလာကာ တာပြိုနိုင်သည့်နေရာတွင် အရေးပေါ်ပန်းတာ ပေ ၂၀၀ ခန့်နှင့် တာပေါင်၏ အတွင်းဘက်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေဖြင့် ပေ၂၇၀၀ ကျော်ရှိ ပန်းတာအသစ်များ တည်ဆောက်ခဲ့သော်လည်း မူလတာဟောင်းမှာ ကမ်းစားမှုကြောင့် တာအိလျော့မှုဖြစ်ပေါ်နေခြင်း၊ ပျက်စီးမှုဖြစ်ပေါ်နေသော မုတ်ကျွန်းတာ(သောင်ခုံအပိုင်း)သည် ရန်ကုန်မြစ်ဝတွင် တည်ရှိကာ တာပေါင်၏ အပြင်ဘက်ခြမ်း ရန်ကုန်မြစ်အတွင်းတွင် ပင်လယ်ကူးသင်္ဘောကြီးများ နေ့စဉ်ဝင်ထွက်သွားလာမှုရှိခြင်းတို့ကြောင့် ၂၀၁၀ ပြည့်နှစ်တွင် တာပေါင်နှင့် ကမ်းပါးအကွာအဝေးမှာ ပေ ၃၀၀ ကျော် ကွာဝေးသော်လည်း နှစ်စဉ်ကမ်းပြိုကမ်းစားလာမှုကြောင့် ယခုအခါတာပေါင်နှင့် ကမ်းပါးမှာ နီးကပ်စွာတွေ့ရှိနေရမှုနှင့် မြစ်ဘက်ခြမ်း တာပေါင်အလယ်ခန့်အထိ ရေတိုက်စားမှုကြောင့် ပျက်စီးမှုဖြစ်ပေါ်နေပြီး ထိုပျက်စီးနေသည့်အပိုင်းများတွင် ဆက်လက်ရေတိုက်စားမှုကြောင့် လက်ရှိပျက်စီးမှုဖြစ်ပေါ်နေသော မုတ်ကျွန်းတာ (သောင်ခုံအပိုင်း) တွင် အလျား ပေ ၇၂၀၀ ရှိသော ပန်းတာအသစ် တည်ဆောက်ခြင်းလုပ်ငန်းကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် အချိန်မီ ဆောင်ရွက်ပေးခြင်းအားဖြင့် ကွမ်းခြံကုန်းမြို့နယ်နှင့် ကော့မှူးမြို့နယ်အတွင်းရှိ စုစုပေါင်း လယ်မြေ ၇၅၃၁၇ ဧကအား ရေငန်ဝင်ရောက်ခြင်းမှ ကာကွယ်ပေးနိုင်မည့်အပြင် သောင်ခုံကျေးရွာအုပ်စုနှင့် အနီးပတ်ဝန်းကျင်ရှိ ဒေသခံပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်များ ဘေးကင်းလုံခြုံစေခြင်းတို့ ရရှိမည်ဖြစ်ကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

# (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲနှင့် အရှေ့တောင်အာရှ လက်ရည်စစ်တင်းနစ်ပြိုင်ပွဲတွင် ဆုတံဆိပ်များရရှိခဲ့သည့် ပဲခူးတိုင်းဒေသကြီးမှ နိုင်ငံ့လက်ရွေးစင်အားကစားသမားများအား ထပ်ဆင့်ဂုဏ်ပြု

ပဲခူး ဇွန် ၂၇

**(၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲနှင့် အရှေ့တောင်အာရှ လက်ရည်စစ်တင်းနစ်ပြိုင်ပွဲတွင် ဆုတံဆိပ်များရရှိခဲ့သည့် ပဲခူးတိုင်းဒေသကြီးမှ နိုင်ငံ့လက်ရွေးစင်အားကစားသမားများအား ထပ်ဆင့်ဂုဏ်ပြုခြင်းအခမ်းအနားကို ပဲခူးမြို့ မြို့တော်ခန်းမ၌ ဇွန် ၂၇ ရက်က ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်ချီးမြှင့်သည်။**

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက (၁၂) ကြိမ်မြောက် အာဆီယံ မသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးအတွင်းမှ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများက အားကစားနည်းအလိုက် ရွှေတံဆိပ်ခုနစ်ခု၊ ငွေတံဆိပ် ငါးခု၊ ကြေးတံဆိပ် ၁၂ ခု စုစုပေါင်း ၂၄ ခု ရယူပေးနိုင်ခဲ့သည့်အတွက် အထူးပင်ဝမ်းမြောက်ဂုဏ်ယူမိကြောင်း၊ ဘရူနိုင်းနိုင်ငံတွင် ပြုလုပ်ခဲ့သည့် အသက်(၁၂) နှစ်အောက် အရှေ့တောင်အာရှ လက်ရည်စစ် တင်းနစ်ပြိုင်ပွဲတွင် တိုင်းဒေသကြီးဂုဏ်ဆောင် နိုင်ငံ့လက်ရွေးစင် အားကစားသမားလေးဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ အမျိုးသားအသင်းလိုက် တတိယဆုနှင့် အမျိုးသမီးအသင်းလိုက် ဒုတိယဆုများ ရရှိခဲ့သည့်အတွက်လည်း ထပ်ဆင့်ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ တိုင်းဒေသကြီးအတွင်း အားကစားကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် ယှဉ်ပြိုင်မည့် အားကစားနည်းအလိုက် အောင်နိုင်ရေးအလံ ပေးအပ်ခြင်းနှင့် ထောက်ပံ့ငွေ ပေးအပ်ခြင်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိမိတို့အစိုးရအဖွဲ့အနေဖြင့် အားကစားနည်းအလိုက် ဆုတံဆိပ်များ ရရှိလာပါကလည်း ယခုလို အခမ်းအနားဖြင့် ထိုက်ထိုက်တန်တန် မှတ်တမ်းတင် ထပ်ဆင့်ဂုဏ်ပြုပွဲများ ပြုလုပ်ပေးခြင်းဖြစ်ကြောင်း၊ လာမည့် အားကစားပြိုင်ပွဲများတွင် ယခုထက် ပိုမိုအောင်မြင်မှုများရရှိရန် ကြိုးစားအားထုတ်စေလိုကြောင်း၊ လိုအပ်သည်များ ထပ်မံပံ့ပိုးကူညီပေးသွားမည်ကြောင်း ပြောကြားသည်။

ထို့နောက် (၁၂)ကြိမ်မြောက် အာဆီယံ မသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်ဆု ရရှိခဲ့သည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများအား တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ဇနီးတို့က လည်းကောင်း၊ ငွေတံဆိပ်နှင့် ကြေးတံဆိပ် ဆုရရှိသူများအား တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများက လည်းကောင်း၊ ဘရူနိုင်းနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည့် အသက် (၁၂)နှစ်အောက် အရှေ့တောင်အာရှ လက်ရည်စစ် တင်းနစ်ပြိုင်ပွဲတွင် ဆုရရှိခဲ့သူများနှင့် နည်းပြတို့အား တိုင်းဒေသကြီးဥပဒေချုပ်နှင့် အတွင်းရေးမှူးတို့က လည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီးတို့က အားကစားသမားများနှင့် နည်းပြများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားသည်။ **(အောက်ပုံ)**

(၁၂)ကြိမ်မြောက် အာဆီယံ မသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီး ကိုယ်စားပြု နိုင်ငံ့ဂုဏ်ဆောင် မသန်စွမ်း အားကစားသမားများမှ ရွှေ၊ ငွေ၊ ကြေး စုစုပေါင်း ၂၄ ခု ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# အင်္ဂလိပ်စာဘာသာပြန်သင်တန်း အမှတ်စဉ် (၁/၂၀၂၃) သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ



နေပြည်တော် ဇွန် ၂၇

**အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန လူငယ်ရေးရာဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားလာစေရန်ရည်ရွယ်၍ အင်္ဂလိပ်စာဘာသာပြန် သင်တန်းအမှတ်စဉ် (၁/၂၀၂၃) ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း (Gold Camp) ရှိ Multipurpose Hall ၌ ကျင်းပသည်။** (ယာပုံ)

အခမ်းအနားသို့ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ဒုတိယဝန်ကြီး ဒေါက်တာစိုးဝင်း၊ လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ သင်တန်းဆရာများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက လူငယ်ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အဓိကတာဝန်ယူ ထမ်းဆောင်နေကြသည့် လူငယ်ရေးရာဦးစီးဌာနမှ ဝန်ထမ်းများ တစ်ဦးချင်းစွမ်းဆောင်ရည် မြင့်မားလာစေရန်နှင့် အင်္ဂလိပ်စာဘာသာပြန်အခြေခံအဆင့် ကျွမ်းကျင်တတ်မြောက်စေရန်၊ လုပ်ငန်းသုံးအင်္ဂလိပ်စာ ဝေါဟာရများ ကြွယ်ဝစေရန်၊ လူငယ်ရေးရာကိစ္စရပ်များနှင့် ပတ်သက်၍ နိုင်ငံတကာတွင် ဆောင်ရွက်နေသည့် ကိစ္စရပ်များကို သိရှိနားလည်စေရန် ရည်ရွယ်၍ သင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ ၂၀၂၃ ခုနှစ်တွင် အာဆီယံလူငယ်ဆိုင်ရာဝန်ကြီးများ အစည်းအဝေး (AMMY) နှင့် အာဆီယံလူငယ်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး (SOMY) တို့ကို မြန်မာနိုင်ငံက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရမည်ဖြစ်ပြီး လူငယ်ရေးရာဦးစီးဌာနမှလည်း သက်ဆိုင်ရာကဏ္ဍအလိုက် ပါဝင်ဆောင်ရွက်ရမည်ဖြစ်သည့်အတွက် သင်တန်းသား၊ သင်တန်းသူများအနေဖြင့် မိမိတို့၏ စွမ်းရည်များပိုမိုတိုးတက်လာစေရန် ကြိုးစားလေ့လာသင်ယူကြစေလိုကြောင်း ပြောကြားသည်။

အဆိုပါ သင်တန်းကို ဇွန် ၂၇ ရက်မှ ဇူလိုင် ၂၄ ရက်အထိ လူငယ်ရေးရာဦးစီးဌာန အစည်းအဝေးခန်းမ၌ ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းသား၊ သင်တန်းသူ ၂၀ တက်ရောက်ခဲ့ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော် အားကစား လေ့ကျင့်ရေးစခန်းရှိ စားရိပ်သာတွင် အားကစားသမားများကို နေ့လယ်စာကျွေးမွေးရန် ချက်ပြုတ်ပြင်ဆင်နေမှုနှင့် အသားငါး၊ ဟင်းသီးဟင်းရွက် သိမ်းဆည်းရာ နေရာများကို ကြည့်ရှုစစ်ဆေးပြီး အားကစားသမားများအား အာဟာရ ညီညွတ်ပြည့်ဝသည့် အစားအသောက်များ ကျွေးမွေးရန်နှင့် စားရိပ်သာပတ်ဝန်းကျင် သန့်ရှင်းသပ်ရပ်မှုရှိစေရေး ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**


# စာပေဗိမာန်စာမူဆုရ စာအုပ်များ ဖြန့်ချိရောင်းချ

နေပြည်တော် ဇွန် ၂၇

**ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က စာပေဗိမာန်စာမူဆု၊ လူငယ်စာပေ ဒုတိယဆုရရှိသည့် စာရေးသူ တင်လင်းဇော်၏ 'အညတရကျွန်တော်' စာအုပ်နှင့် ၂၀၂၁ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ ဒုတိယဆုရရှိသည့် စာရေးဆရာ မင်းလွင်ဦး(အောင်ပန်း) ၏ 'တောင်ရိုး' စာအုပ်များကို ဖြန့်ချိရောင်းချလျက်ရှိသည်။**


**အညတရကျွန်တော်**

တင်လင်းဇော်၏ 'အညတရကျွန်တော်' စာအုပ်တွင် မဖွံ့ဖြိုးသေးသော ရွာသိမ်ရွာငယ်လေးမှ လူငယ်လေးတစ်ဦး၏ ပညာရေးအတွက် အပတ်တကုတ် ကြိုးစားရုန်းကန် အားထုတ်ခဲ့ရသောဘဝကို စာဖတ်သူရင်ထဲ ကွင်းကွင်းကွက်ကွက် ပုံပေါ်အောင် ရေးသားထားသည်။ အမြင်မကျယ်သော သမားရိုးကျ ရွာဘုန်းကြီးကျောင်း၌ စာသင်ကြားခဲ့ရသော ဘုန်းကြီးကျောင်းသားဘဝ၊ အခက်အခဲများနှင့် အတန်းကျောင်းသားဘဝ၊ ရွာငယ်လေးမှတစ်ဆင့် သစ်ရာကောက် ရွာကြီးသို့ ပြောင်းရွှေ့ကာ ကိုယ့်ထမင်း ကိုယ်ချက်စားရင်း ဖြစ်သလို နေထိုင်ခဲ့ရသည့် အလယ်တန်းကျောင်းသားဘဝ၊ တောင်တွင်းကြီးကျောင်းတွင် အထက်တန်းပညာသင်ကြားရန် ကပ်ရပ် နေထိုင်ခဲ့သော ဘဝတို့ကို ရသမြောက်အောင် ရေးသားထားသည်။ ဤခေတ်လူငယ်များ အနေနှင့် ထိုခေတ်က ပညာဆည်းပူးလိုစိတ် အရင်းခံနှင့် စိတ်အားထက်သန်စွာ ကြိုးစားခဲ့ပုံကို အသိပညာတိုးပွားကိုယ်ချင်းစာတရား ထွန်းကားကာ နားလည်စာနာစိတ် ပေါ်ထွန်း၍ လူငယ်များ အကျိုးထွန်းစေသော စာအုပ်ဖြစ်သည်။ စာအုပ်ရောင်းဈေးမှာ ကျပ် ၃၀၀၀ ဖြစ်သည်။



**တောင်ရိုး**

စာရေးဆရာ မင်းလွင်ဦး (အောင်ပန်း) ၏ 'တောင်ရိုး' စာအုပ်တွင် ရှမ်းပြည်နယ်၌ နေထိုင်လျက်ရှိသော တောင်ရိုးတိုင်းရင်းသားများ၏ ဇာစ်မြစ်သမိုင်း၊ ပျံ့နှံ့နေထိုင်ရာဒေသ၊ ဆင်ယင်ထုံးဖွဲ့မှု၊ စာပေနှင့် စကား၊ ရာသီပွဲများ၊ တေးဂီတ၊ အနုပညာ၊ ကိုးကွယ်ယုံကြည်မှု၊ ရိုးရာအယူအဆ၊ ရှောင်ခလေ့နှင့် ဆောင်ခလေ့၊ စကားပုံ၊ စကားထာ၊ ပုံပြင်၊ ရတု၊ အော် (ချောင်း)၊ အနုရိုး (အနုကဗျာ၊ မေတ္တာဘွဲ့) နှင့် ကျေးလက်တေးသံသာများ၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ တောင်ရိုးအမျိုးသားနေ့ ဖြစ်ပေါ်လာပုံ၊ တောင်ရိုးတိုင်းရင်းသား သာသနာ့အာဇာနည်များ၊ ဒေသအသီးသီးရှိ တောင်ရိုးလူဦးရေစာရင်း၊ ထင်ပေါ်ကျော်ကြားသော တောင်ရိုးနယ်များနှင့် အခြားကဏ္ဍများစုံလင်လှသည်။ မြေပြင်ကွင်းဆင်းပြီး တွေ့ဆုံမေးမြန်းချက်များ၊ မှီငြမ်းကိုးကားစာအုပ်များ၊ သက်ဆိုင်ရာများ၏ ထောက်ခံချက်များ ပြည့်စုံနိုင်သမျှ ပြည့်စုံအောင် ရေးသားပြုစုထားသည်။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးအတွက် အထောက်အကူပြုနိုင်သည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။ ရောင်းဈေးမှာ ကျပ် ၃၀၀၀ ဖြစ်သည်။



အဆိုပါစာအုပ်များကို အမှတ် ၅၂၉ - ၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈)၊ အမှတ် (တ- ၅၅) သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၆၇-၃၄၁၃၄၆၈၁)၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၂-၄၀၃၀၁၈၆) နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉- ၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန် အရောင်းဌာန (ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈) သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

# နတ်တလင်းမြို့နယ်၌ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

နတ်တလင်း ဇွန် ၂၇

နတ်တလင်းမြို့နယ် မြို့နယ်သစ်တောဦးစီးဌာနမှ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်ကို မေ ၂၆ ရက် နံနက် ၈ နာရီက ရုံးကုန်းကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ကျော်ဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်လွင်စန်းတို့က သစ်ပင်စိုက်ပျိုးပွဲတော်သို့ တက်ရောက်လာကြသူများအား ပျိုးပင်များပေးအပ်ကာ တက်ရောက်လာကြသည့် ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက စုစုပေါင်း အပင် ၅၀၀ တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။ **ဝေယံဖြိုး(ပြန်/ဆက်)**



## မြန်မာ့ပင်လယ်ပြင် အခြေအနေ

နေပြည်တော် ဇွန် ၂၇

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင် လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်နှင့် မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# ရွှေပြည်သာမြို့နယ်အတွင်းရှိ ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး ဆောင်ရွက်



ရွှေပြည်သာ ဇွန် ၂၇

ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး၊ ဓာတ်အားပြတ်တောက်မှု လျော့နည်းစေရေးနှင့် ဓာတ်အားပျောက်ဆုံးမှု လျော့နည်းကျဆင်းစေရေးအတွက် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင်နှင့် ရွှေပြည်သာမြို့နယ် လျှပ်စစ်မန်နေဂျာရုံးမှ ဝန်ထမ်းများက ယမန်နေ့တွင် ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသည့် သစ်ပင်၊ သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းကြသည်။ (ဝဲပုံ)

ထိုသို့ သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းရာတွင် ရွှေပြည်သာမြို့နယ် သံဒင်းစက်မှုလမ်းမကြီးရှိ (33 KV) ဖီဒါ (၆)နှင့် ဖီဒါ (၇)တွင်ရှိသော ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသည့် သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းကို ရန်ကုန်မြောက်ပိုင်းခရိုင် လျှပ်စစ်မန်နေဂျာရုံးမှဦးစီး၍ လျှပ်စစ်ဝန်ထမ်းအင်အား ၁၀၉ ဦးဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **အေးအေးမိုး(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဦးကိုကို “လောဘအမှောင်” ဆို ငို ပြော ဇာတ်တော်ကြီး ဝတ်စုံပြည့် ဇာတ်တိုက်လေ့ကျင့်နေမှုကို ကြည့်ရှုအားပေး

**နေပြည်တော် ဇွန် ၂၇**

အနုပညာဦးစီးဌာနမှ အနုပညာရှင်ဝန်ထမ်းများ၏ “လောဘအမှောင်” ဇာတ်တော်ကြီး ဝတ်စုံပြည့် ဇာတ်တိုက်လေ့ကျင့်ခြင်းကို ယမန်နေ့ ညနေပိုင်းက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရုံးအမှတ် (၃၅) ရှိ လေ့ကျင့်ရေးဇာတ်ရုံ၌ ဆောင်ရွက်သည်။





**ကြည့်ရှုအားပေး**

ဝတ်စုံပြည့်ဇာတ်တိုက်လေ့ကျင့်နေမှုကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ် စိုးသန်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်ဦး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ တာဝန်ရှိသူများက သွားရောက် ကြည့်ရှုအားပေးသည်။

လေ့ကျင့်ဇာတ်တိုက်မှုအပြီးတွင် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက စင်တင်အနုပညာဖြစ်သည့် ပြဇာတ်နှင့် ဇာတ်တော်ကြီးများ၏ အနှစ်သာရသည် အပြောပညာရပ်ဖြစ်ကြောင်း၊ စာပေ၏ အနှစ်သာရသည် အတွေးဖြစ်ကြောင်း၊ ရုပ်ရှင်၏ အနှစ်သာရသည် လှုပ်ရှားမှုဖြစ်ကြောင်း၊ ထို့ကြောင့် ဇာတ်သဘင်၏ အပြောပညာရပ်ကို အလေးထား၍ လေ့ကျင့်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားပြီး ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးနှင့် ဒုတိယဝန်ကြီး ဦးမြင့်စိုးတို့က အကြံပြုဖြည့်စွက်ဆွေးနွေးကြသည်။

**ဂုဏ်ပြုဆုငွေများ ချီးမြှင့်**

ဖျော်ဖြေတင်ဆက်မှုများအပြီးတွင် တင်ဆက်ကပြသူအနုပညာရှင်ဝန်ထမ်းများကို ပြည်ထောင်စုဝန်ကြီး ဦးကိုကိုနှင့် ဦးအောင်နိုင်ဦးတို့က ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဘားအံ၌ MSMEs ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ထုတ်ကုန်ပြပွဲနှင့် Talk Show စကားဝိုင်းဆွေးနွေးပွဲကျင်းပ

**ဘားအံ ဇွန် ၂၇**

ပြည်တွင်း ထုတ်ကုန်အားပေးရန်၊ သွင်းကုန် အစားထိုးနိုင်ရန်နှင့် ပို့ကုန်ရရှိစေရန် ရည်ရွယ်၍ MSME များ အားပေးမြှင့်တင်ရေး အစီအစဉ်တစ်ရပ်အနေဖြင့် ကရင်ပြည်နယ် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီ၏ MSMEs ထုတ်ကုန်ပြပွဲနှင့် Talk Show စကားဝိုင်းဆွေးနွေးပွဲကို ဇွန် ၂၇ ရက် နံနက် ၉ နာရီခန့်က ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပသည်။




ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက MSMEs လုပ်ငန်းများ ရေရှည်တည်တံ့စေရေး ဈေးကွက်ရရှိရန် အရေးကြီးပြီး ယခုကဲ့သို့ ထုတ်ကုန်ပြပွဲများတွင် ပါဝင်ပြသခြင်းဖြင့် MSME ထုတ်ကုန်များ ဈေးကွက်သို့တင်ပို့ရောင်းချနိုင်ခြင်း၊ ဈေးကွက်ရရှိစေရေးအတွက် ဆက်စပ်ဌာနများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ခြင်း၊ လုပ်ငန်းရှင်အချင်းချင်း ချိတ်ဆက်ဆောင်ရွက်နိုင်ခြင်း စသည့်အကျိုးကျေးဇူးများစွာကို ရရှိစေမည်ဖြစ်ကြောင်း၊ MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် ကုန်ကြမ်းများ၊ သွင်းအားစုများ၊ လုပ်အားနှင့် အရင်းအနှီးများ လိုအပ်ပြီး ကုန်ကြမ်းများကို အသုံးပြုရာတွင် နိုင်ငံခြားကုန်ကြမ်းများကို ဦးစားပေး မစဉ်းစားဘဲ ပြည်တွင်း ကုန်ကြမ်းများကိုသာ အသုံးပြုကြစေလိုကာ သွင်းကုန်အစားထိုး ပြုလုပ်နိုင်ရန်နှင့် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ဆောင်ရွက်နိုင်ရန် လိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က စားသောက်ကုန်ထုတ်လုပ်မှု ထူးချွန်ဆု၊ လူသုံးကုန်ပစ္စည်းထုတ်လုပ်မှု ထူးချွန်ဆု၊ စိုက်ပျိုးရေးထုတ်ကုန်ထူးချွန်ဆု၊ မွေးမြူရေးထုတ်ကုန်ထူးချွန်ဆု၊ သစ်တောထွက်ပစ္စည်းထုတ်လုပ်မှု ထူးချွန်ဆု၊ ဝါးလက်မှုပစ္စည်းထုတ်လုပ်မှု ထူးချွန်ဆု၊ ဝန်ဆောင်မှုလုပ်ငန်း ထူးချွန်ဆု ရရှိသူများအား ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်ပြီး ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ MSMEs အေဂျင်စီဝင်များ၊ ထူးချွန်ဆုရရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းဓာတ်ပုံများ ရိုက်ကြသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တက်ရောက်လာသူများသည် ခန်းမအတွင်း ခင်းကျင်းပြသထားသော ဒေသတွင်း MSMEs ထုတ်ကုန်ပြခန်း ၃၅ ခန်းအား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။ (ဝဲပုံ)

ဆက်လက်၍ MSMEs ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ Talk Show စကားဝိုင်းဆွေးနွေးပွဲကို ကျင်းပရာ Moderator အဖြစ် ဘားအံခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စိုးစိုးအေးက ဆောင်ရွက်ပြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ ပြည်တွင်း အခွန်များဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန တို့မှ ပြည်နယ်ဦးစီးမှူးများ၊ ပထမပုဂ္ဂလိကဘဏ်လီမိတက်မှ ဒုတိယအထွေထွေမန်နေဂျာနှင့် အထည်ချုပ် လုပ်ငန်းရှင်တစ်ဦးတို့က MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး နည်းပညာ၊ အရင်းအနှီးနှင့်ဈေးကွက်ရရှိရေး၊ မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေနှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေမှ ရရှိနိုင်သော ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များ၊ လယ်ယာကဏ္ဍ ထုတ်လုပ်မှုနှင့် အဓိကသီးနှံ ၁၀ မျိုး စိုက်ပျိုးနေမှုနှင့် လယ်ယာထွက်ကုန် အခြေခံစက်မှုလုပ်ငန်းများ၊ MSMEs လုပ်ငန်းများအတွက် အခွန်ကင်းလွတ်ခွင့်၊ လုပ်ငန်းရှင်များ သတိပြုရမည့် ကုန်အညွှန်း အမှတ်အသားများ၊ MSMEs ချေးငွေနှင့် ဘဏ်မှ လက်ခံနိုင်သော အာမခံပစ္စည်းများ၊ MSMEs လုပ်ငန်းများ တွေ့ကြုံရနိုင်သည့် အခက်အခဲနှင့် ကျော်လွှားနိုင်မည့် အခြေအနေတို့ကို ဦးဆောင်ဆွေးနွေးခဲ့ကြပြီး စကားဝိုင်း ဆွေးနွေးပွဲသို့တက်ရောက်လာသူများက သိရှိလိုသည်များနှင့် မရှင်းလင်းသည်များအား မေးမြန်းကြရာ အပြန်အလှန် မေးခွန်းများ မေးမြန်းဖြေကြား၍ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ဆိုင်ကလုန်းမုန်တိုင်း မိုခါ တိုက်ခတ်မှုကြောင့် သဘာဝဘေးဒဏ်သင့်ဒေသများရှိ ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများအား တပ်မတော်(လေ)မှ လေယာဉ်/ရဟတ်ယာဉ်များဖြင့် ဆက်လက်ပို့ဆောင်




**နေပြည်တော် ဇွန် ၂၇**

တပ်မတော် (လေ) အနေဖြင့် သဘာဝဘေးဒဏ်သင့်ဒေသများသို့ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများ၊ စေတနာရှင်အလှူရှင်များက လှူဒါန်းသည့် စားသောက်ဖွယ်ရာများ၊ ကူညီထောက်ပံ့ရေးပစ္စည်းများ၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့ပေးအပ်သည့် ပစ္စည်းများကို တပ်မတော်လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ကူညီ ပို့ဆောင်ပေးလျက်ရှိသည်။

ထိုသို့ပို့ဆောင်ပေးလျက်ရှိရာ ယနေ့တွင် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများ၊ စေတနာရှင် အလှူရှင်များက လှူဒါန်းသည့် ဆန်၊ ကြက်သွန်နီ၊ ငါးခြောက်ကြော်၊ ငါးသေတ္တာ စသည့် စားသောက်ဖွယ်ရာ ပစ္စည်းများ စုစုပေါင်းတန်ချိန် ၃ ဒသမ ၃၈၂ တန်အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ စစ်တွေလေဆိပ်သို့ တပ်မတော် (လေ) မှ လေယာဉ်ဖြင့် ပို့ဆောင်ပေးခဲ့သည်။

သဘာဝဘေးဒဏ်သင့်ဒေသများရှိ ပြည်သူများအတွက် ကယ်ဆယ်ရေးပစ္စည်းများကို တပ်မတော် (လေ) မှ လေယာဉ်/ရဟတ်ယာဉ်များဖြင့် အချိန်နှင့်တစ်ပြေးညီ ပို့ဆောင်ပေးလျက်ရှိရာ ယနေ့အချိန်ထိ ထောက်ပံ့ရေးပစ္စည်း ၅၃၉ ဒသမ ၆ တန်၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ကူညီ ဆောင်ရွက်ပေးကြမည့် တပ်မတော်သားများနှင့် ဌာနဆိုင်ရာ ဝန်ထမ်း ၃၄၂ ဦး တို့ကို ပို့ဆောင်ပေးနိုင်ခဲ့ကြောင်းနှင့် လေဆိပ်များသို့ ရောက်ရှိသည့် ကယ်ဆယ်ရေးပစ္စည်းများအား မုန်တိုင်းဒဏ်သင့် ဒေသများသို့ ရဟတ်ယာဉ်များဖြင့် ဆက်လက်ပေးပို့ ဖြန့်ဖြူးလျက်ရှိကြောင်းနှင့် အဆိုပါ တပ်မတော်လေယာဉ်/ ရဟတ်ယာဉ်များဖြင့် ပို့ဆောင်ပေးလျက်ရှိသော ပစ္စည်းများကို တာဝန်ရှိသူများက လက်ခံ ရယူပေးကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





# ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း မိုခါ တိုက်ခတ်မှုကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ဒေသအလိုက်ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇွန် ၂၇

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဆိုင်ကလုန်းမုန်တိုင်း မိုခါ တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့်ဒေသများကို သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများအဖြစ် ကြေညာချက်များထုတ်ပြန်၍ ယင်းကြေညာချက်များပါဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီးဖြစ်သည်။**

ထိုသို့ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး လူအေး သည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဆေးကုသမှု ခံယူရာမှ ကျန်းမာရေး ပြန်လည်ကောင်းမွန်လာပြီဖြစ်သည့် နဂါးကျောင်းပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ စက္ကိန္ဒာဘိဝံသအား သွားရောက်ဖူးမြော်ကြည်ညိုပြီး ကျန်းမာရေးအခြေအနေများ မေးမြန်းလျှောက်ထား၍ နဝကမ္မအလှူငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် စေတီတောင်ရပ်ကွက်ရှိ စွန့်ပစ်အမှိုက်ပုံကြီးအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများနှင့် ရပ်ကွက်နေပြည်သူများက ယန္တရားများဖြင့် ရှင်းလင်းဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ ယင်းနောက် ငလပွေ့ရပ်ကွက်ရှိ MSME လုပ်ငန်းတစ်ခုဖြစ်သော နေလှန်းဆားကြမ်းမှ အိမ်သုံးအိုင်အိုဒင်းဆား ထုတ်လုပ်သည့် ကြံတိုင်းအောင် ဆားကြိတ်စက်လုပ်ငန်းသို့ သွားရောက်၍ ဆားထုတ်လုပ်မှုလုပ်ငန်းအဆင့်ဆင့်အား လေ့လာကြည့်ရှုအားပေးခဲ့သည်။

အလားတူ ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်၌ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်း သည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ လက်ဝဲဒက်ပြင်ရှည်ကျေးရွာအုပ်စု ဂန္ဓမာကျေးရွာ၌ ကျေးရွာ လေးရွာမှ ဒေသခံပြည်သူများအား နယ်မြေခံဆေးကုသရေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို သွားရောက်ကြည့်ရှုအားပေးပြီး ကျေးရွာ ရှစ်ရွာမှ လေဘေးသင့်ပြည်သူများအား ဆန်နှင့်စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။ ယင်းနောက် အမှတ် (၃) ရပ်ကွက်ရှိ မြို့လယ်ရေမြောင်းအား မြို့သန့်ရှင်းသာယာလှပစေရေး၊ မိုးရာသီကာလ ရေမြောင်းများ ရေပြည့်ရေလျှံမှုများ မဖြစ်စေရန်နှင့် ရေစီးရေလာ ကောင်းမွန်စေရေးအတွက် စက်ယန္တရားများဖြင့် တူးဖော် ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အတူ ရခိုင်ပြည်နယ် သံတွဲမြို့၌ ရောက်ရှိနေသော ဗိုလ်ချုပ် စိုးနိုင်ဦးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည့် မိုးစပါး စိုက်ကွေပြည့်မီရေးနှင့် လယ်ယာသားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြားပြီး တာဝန်ရှိသူများ၏ ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ရခိုင်ပြည်နယ် ရသေ့တောင်မြို့၌ ရောက်ရှိနေသော ဗိုလ်ချုပ် အောင်မျိုးထွန်းသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ တောင်ရင်တန်းရပ်ကွက်ရှိ အလိုတော်ပြည့်ကျောင်း ဆရာတော်အား သွားရောက်ဖူးမြော်ကြည်ညိုပြီး နဝကမ္မအလှူငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့အတူ ရခိုင်ပြည်နယ် မင်းပြားမြို့၌ ရောက်ရှိနေသော ဗိုလ်မှူးချုပ် ခင်ဇော်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ မင်းပြားမြို့နယ် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီမှ လှူဒါန်းသည့် ဆွမ်းဆန်တော်များနှင့် စားသောက်ဖွယ်ရာများကို သီလရှင်ကျောင်းတိုက်အသီးသီးတွင် သီတင်းသုံးဆောက်တည်နေကြသည့် သာသနာ့နွယ်ဝင် သီလရှင် ၃၃ ပါးအား အလယ်ပိုင်းရပ်ကွက်ရှိ ခမ္မိကာရုံ ပရိယတ္တိစာသင်ကျောင်းတိုက်၌ သွားရောက်ဆက်ကပ်လှူဒါန်းသည်။ **(အပေါ်ပုံ)**

အလားတူ ရခိုင်ပြည်နယ် မောင်တောမြို့၌ ရောက်ရှိနေသော ဗိုလ်မှူးချုပ် တင်ဆွေသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ မြို့သူကြီးကျေးရွာ၌ မောင်တောခရိုင် သစ်တောဦးစီးဌာနမှ ကျင်းပပြုလုပ်သည့် ၂၀၂၃ ခုနှစ်၊ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ၌ တက်ရောက် အမှာစကားပြောကြားပြီး ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများအား စိုက်ပျိုးပင်များ ဖြန့်ဝေပေးသည်။ ယင်းနောက် သစ်ပင်များစုပေါင်းစိုက်ပျိုးကြပြီး ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများ၏ သစ်ပင်စိုက်ပျိုးနေမှုများကို ကြည့်ရှုအားပေးသည်။ ထို့နောက် မြို့မတောင်ရပ်ကွက်၌ ကျန်းမာရေးစောင့်ရှောက်ပေးနေမှုများကို သွားရောက်ကြည့်ရှုအားပေးပြီး စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်းသင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ ဆက်လက်ကပြသီဆိုဖျော်ဖြေ

**နေပြည်တော် ဇွန် ၂၇**

ရခိုင်ပြည်နယ်အတွင်းရှိ မိုခါမုန်တိုင်းဒဏ်သင့် ဒေသများတွင် ပြန်လည် ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား စိတ်ရွှင်လန်းချမ်းမြေ့စေရန်နှင့် ပင်ပန်းနွမ်းနယ်မှုများ ပြေပျောက်စေရန်အတွက် ယနေ့ညနေပိုင်းတွင် ပလက်ဝမြို့ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရှိ ကီမိုခန်းမ၌ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ စစ်သည်/စစ်သမီးများက အဆို/ အကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထိုသို့ ဖျော်ဖြေတင်ဆက်ရာတွင် စစ်သည်/ စစ်သမီးများက မြန်မာသံစဉ် တေးသီချင်းများ၊ ခေတ်ပေါ်တေးသီချင်း အဆို/အကများ၊ တေးသရုပ်ဖော်အကများ၊ ရယ်ရွှင်ဖွယ်ရာ ဟာသပြဇာတ်၊ ဒေသ၏ရိုးရာယဉ်ကျေးမှု အကအလှများ၊ ဗဟုသုတဖြစ်ဖွယ်ရာ အသိပညာပေးအစီအစဉ်များဖြင့် ကဏ္ဍစုံလင်စွာ သီဆိုကပြဖျော်ဖြေကြရာ နယ်မြေခံတပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ ပျော်ရွှင်စွာ ကြည့်ရှုအားပေးကြသည်။ ထိုသို့ သီဆိုကပြဖျော်ဖြေသော စစ်သည်/ စစ်သမီးများအား နယ်မြေခံတပ်မှ တာဝန်ရှိသူများက ဆုငွေများ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# ကျောက်ဆည်မြို့နယ်၌ ကျွဲ၊ နွား ကာကွယ်ဆေးများ အခမဲ့ထိုးနှံ

**ကျောက်ဆည် ဇွန် ၂၇**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ ကျွဲ၊ နွားများတွင် ဖြစ်ပွားတတ်သည့် ခွာနာ၊ လျှာနာရောဂါများ ကင်းဝေးစေရေး ကြိုတင်ကာကွယ်ဆေးများကို မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ အခြေခံတိရစ္ဆာန်ကျန်းမာရေးလုပ်သားများနှင့်အတူ ယနေ့နံနက်ပိုင်းက ကျေးရွာများသို့ အခမဲ့ကွင်းဆင်းထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ ကာကွယ်ဆေးများ ကွင်းဆင်းထိုးနှံရာတွင် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မင်းဦးနှင့် ဝန်ထမ်းများ၊ အခြေခံတိရစ္ဆာန် ကျန်းမာရေးလုပ်သားများက ကတဲကျေးရွာတောင်သူဦးရဲစိုး နွားခြံသို့ သွားရောက်ပြီး ခွာနာ၊ လျှာနာဆေးများ အခမဲ့ထိုးနှံပေးခဲ့ကြောင်းနှင့် ကျွဲ၊ နွား မွေးမြူသူများအနေဖြင့် မိမိတို့၏ ကျွဲ၊ နွားများကို ကာကွယ်ဆေးများ ထိုးနှံလိုပါက သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများမှတစ်ဆင့် မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနများနှင့် ချိတ်ဆက်ပြီး စာရင်းပေးထိုးနှံနိုင်ကြောင်း သိရသည်။ **တင်တင်ထွေး**

# ပရဟိတလုပ်ငန်းများတွင် စိတ်စေတနာထက်သန်စွာ ဆောင်ရွက်ချင်စိတ်ရှိသည့် လူငယ်၊ လူရွယ်များကို ယခုထက်ပိုပြီး သင်တန်းများပို့ချ မွေးထုတ်ပေးခြင်းအားဖြင့် ပြည်နယ်အတွင်းရှိ လူ့အသက်ပေါင်းများစွာကို ပိုမိုကယ်ဆယ်စောင့်ရှောက်နိုင်မည်ဖြစ်

**မြစ်ကြီးနား ဇွန် ၂၇**
မြန်မာနိုင်ငံ လူမှုကူညီရေးအသင်း၊ ကချင်ပြည်နယ်မှ ကြီးမှူး၍ Rest In Peace Group နှင့် ပြည်နယ်အတွင်း ပရဟိတလူမှုကူညီရေးအသင်း/အဖွဲ့ ၂၀ ကျော်မှ အသင်းသား ၁၈၀ ခန့်တို့အတွက် နိုင်ငံတကာအဆင့်မီ အရေးပေါ်အသက်ကယ်ဆယ်ရေး အခြေခံသင်တန်း အမှတ် (၂) ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက မြစ်ကြီးနားခရိုင် အားကစားနှင့် ကာယပညာဦးစီးဌာနပိုင် မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည်။



သင်တန်းဖွင့်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ယနေ့ကာလတွင် အသင်းအဖွဲ့များ အားကောင်းလာပြီး ပြည်နယ်အတွင်း လူမှုကယ်ဆယ်ရေးနှင့် လူထုအကျိုးပြုလုပ်ငန်းများတွင် ယခင်ကထက် ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်လာနိုင်သည်ကို တွေ့ရှိရသည့်အတွက် မိမိတို့အစိုးရအဖွဲ့အနေဖြင့်အသင်းအဖွဲ့များအားလုံးကို ဥပဒေဘောင်အတွင်းမှ အစွမ်းကုန် ကူညီကာကွယ်စောင့်ရှောက်ပေးသွားမည်ဖြစ်ကြောင်းနှင့် လူတိုင်းမလုပ်နိုင်သည့် ပရဟိတလုပ်ငန်းများတွင် စိတ်စေတနာထက်သန်စွာဆောင်ရွက်ချင်စိတ်ရှိသည့် လူငယ်၊ လူရွယ်များကို ယခုထက်ပိုပြီး သင်တန်းများပို့ချ မွေးထုတ်ပေးခြင်းအားဖြင့် ပြည်နယ်အတွင်းရှိ လူ့အသက်ပေါင်းများစွာကို ပိုမိုကယ်ဆယ်စောင့်ရှောက်နိုင်မည်ဖြစ်ကြောင်း ဂုဏ်ပြုပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အသင်းအဖွဲ့အတွက် ထောက်ပံ့လှူဒါန်းငွေကျပ် ၁၀ သိန်းနှင့် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများက ထောက်ပံ့ငွေများကို ထောက်ပံ့ပေးအပ်ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ ကျင်းပသည့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးမွေးမြူရေးဆောင်ရွက်သော ပြည်နယ်အဆင့် ကျေးရွာစီမံကိန်းကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များနှင့် ပြည်နယ်အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် လုပ်ငန်းစီမံကိန်းများနှင့် စပ်လျဉ်း၍ ဘဏ္ဍာရေး၊ လုပ်ထုံးလုပ်နည်းနှင့် အညီ တိုးတက်အောင်မြင်အောင် ဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများကို ခရိုင်၊ မြို့နယ်များတွင် ဆောင်ရွက်ရသည့် လုပ်ငန်းစီမံကိန်းများအလိုက် စံသတ်မှတ်ချက် လုပ်ထုံးလုပ်နည်းများနှင့်အညီ ရန်ပုံငွေများကို ခွင့်ပြုချထားပေးခဲ့ပြီး ဘဏ္ဍာငွေ လုပ်ထုံးလုပ်နည်းနှင့်အညီ ချေးငွေများအပေါ် ပထမ ခြောက်လအတွက် အတိုးငွေများကိုလည်း ပြန်လည်ကောက်ခံရရှိနေပြီဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်ရသည့်လုပ်ငန်းများ ပုံမှန်လည်ပတ်မှု ပိုမိုတိုးတက်အောင်မြင်စေရေး၊ ယခုနှစ်ထက် လာမည့်နှစ်များတွင် လုပ်ငန်းများ ပိုမိုတိုးချဲ့ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်ရမည် ဖြစ်သကဲ့သို့ ဒေသခံတောင်သူများ လက်တွေ့အကျိုးဖြစ်ထွန်းအောင်မြင်စေရေး အလေးထားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် တက်ရောက်လာသူများက သက်ဆိုင်ရာ စီမံကိန်းလုပ်ငန်းများအပေါ် ရင်းနှီးမတည်ပေးထားမှုအခြေအနေများ၊ အတိုးငွေများ ကောက်ခံရရှိမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားရမည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်ချက်များအပေါ် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

ကချင်ပြည်နယ်အတွင်း စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုများ တိုးတက်မြင့်မားရေး အတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေကျပ် ၈ ဘီလီယံကို မြစ်ကြီးနားခရိုင်အတွက် ၂ ဒသမ ၇၀၅ ဘီလီယံ၊ မိုးညှင်းခရိုင်အတွက် ၁ ဒသမ ၈၀ ဘီလီယံ၊ ဗန်းမော်ခရိုင်အတွက် ၁ ဒသမ ၈၆ ဘီလီယံ၊ ပူတာအိုခရိုင်အတွက် ၁ ဒသမ ၁၃၅ ဘီလီယံ၊ တနိုင်းခရိုင်အတွက် ၀ ဒသမ ၃၀ ဘီလီယံနှင့် ချီဖွေခရိုင်အတွက် ၀ ဒသမ ၂၀ ဘီလီယံ ရင်းနှီးမတည်ချထားပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

---

◆ *ကျောဖုံးမှ*

ထပ်မံ၍ ဇွန် ၂၄ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က ကျွန်းစုမြို့နယ် ကတန်ဘိနယ် ကယားကျွန်း အနောက်မြောက်ဘက်၌ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တရားမဝင်သစ် ၈ ဒသမ ၅၇၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၈၅၉၉၂၀) ကိုလည်းကောင်း၊ အလျား ၄၆ ပေ၊ အနံ ၁၃ ပေ ၉ လက်မ၊ စောက် ၆ ပေရှိ စက်လှေတစ်စင်းနှင့် ဆက်စပ်ပစ္စည်းတန်ဖိုးငွေ ၁၃၅၀၀၀၀ ကိုလည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၃၅၉၉၂၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**စစ်ဆေးမှုများဆောင်ရွက်**

ထို့အပြင် ဇွန် ၂၅ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က ကော့ကရိတ် (တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် Empty Plastic Drum အခု ၁၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀) ကိုလည်းကောင်း၊ Paiqiu အားကစားဖိနပ်အရန် ၄၃၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၄၀၀၀၀) ကိုလည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၄၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**ဖမ်းဆီးအရေးယူ**

ထို့အတူ ဇွန် ၂၅ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဆိပ်ဖြူမြို့နယ် အနော်ရထာတံတားစစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ်တစ်စီးနှင့် သုံးဘီးယာဉ် တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် နွားထီးခြောက်ကောင်နှင့် နွားမနှစ်ကောင် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၅၀၀၀၀)၊ အဆိုပါနွားများ တင်ဆောင်လာသည့် DONG FANG သုံးဘီးယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀) နှင့် Isuzu မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၅၀၀၀၀၀)၊ လိုင်စင်မဲ့ Kenbo 110 မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀ တို့ကို အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ လည်းကောင်း၊ မင်းတုန်းမြို့နယ် မင်းတုန်း–မြောက်ပြင် ဆက်သွယ်ရေးလမ်းအနီး၌ တရားမဝင် ကျွန်းသစ် ၂ ဒသမ ၀၂၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၃၄၆၅၂) ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၆၃၄၆၅၂ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ ဇွန် ၂၆ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ခရိုင်သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းအဖွဲ့များက ပဲခူးခရိုင်၊ တောင်ငူခရိုင်နှင့် သာယာဝတီခရိုင်များအတွင်း စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တရားမဝင်ကျွန်းသစ် ၆၂ ဒသမ ၁၅၄ တန်၊ သစ်မာ ၅၄ ဒသမ ၉၀၁ တန်နှင့် အခြားသစ် ၉ ဒသမ ၀၅၅၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၂၂၇၄၀၄) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**အရေးယူဆောင်ရွက်**

၎င်းအပြင် ဇွန် ၂၆ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် Essence Washing Liquid ၅၂၀၀ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၅၈၈၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၂၅၈၈၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇွန် ၂၄ ရက်၊ ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၀ မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၆၀၈၃၉၉၆ ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

---

# အမ်းမြို့နယ်၌ ၂၀၂၃ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပ

**အမ်း ဇွန် ၂၇**
ရခိုင်ပြည်နယ် အမ်းမြို့နယ်၌ ၂၀၂၃ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ယနေ့နံနက်ပိုင်းက အမ်းမြို့နယ် အမ်း–စစ်တွေကားလမ်းဘေး မိုင်တိုင်အမှတ် (၆/၀) အနီးရှိ ကံ့ကော်တစ်ထောင်ဘုရားဝင်း၌ ကျင်းပသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတော်ကို အမ်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် အမ်းမြို့နယ်သစ်တောဦးစီးဌာနတို့က ကြီးမှူးကျင်းပခဲ့ခြင်းဖြစ်ကြောင်း၊ ဒေသတွင်း ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်လာစေရေး၊ ရာသီဥတုကောင်းမွန်မျှတလာစေရေး၊ ပြည်သူများမှ သစ်ပင်သစ်တောများကို ပိုမိုချစ်ခင်တန်ဖိုးထားတတ်လာစေရေး ရည်ရွယ်၍ သက်တမ်းရင့် အမြင့်နှစ်ပေအထက် ပျဉ်းကတိုး ၁၂၀၊ ပိတောက် ၅၀၊ မဟော်ဂနီ ၇၀၊ ရေတမာ ၅၀၊ မန်ကျည်းရှား ၁၇၀၊ ကုက္ကို ၅၀၊ ကံ့ကော် ၂၀၊ သင်္ဘောနက် ၇၀ စုစုပေါင်း အပင် ၆၀၀ တို့ကို အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် အောင်ကျော်မင်း ဦးဆောင်၍ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဇော်ထက်နှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ပြည်သူများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်၍ စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။

**စိုးမင်းထွန်း(ပြန်/ဆက်)**



---

# စစ်ကိုင်းမြို့၌ ဘက်စုံသီးနှံပိုးမွှား၊ ရောဂါကာကွယ်ရေး သင်တန်းဖွင့်

**စစ်ကိုင်း ဇွန် ၂၇** – စစ်ကိုင်းမြို့၌ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးရေး ဘက်စုံသီးနှံ ပိုးမွှား၊ ရောဂါကာကွယ်ရေး ဝန်ထမ်းတောင်သူ နည်းပညာပေးသင်တန်းကို ယနေ့နံနက်ပိုင်းက ခရိုင်စိုက်ပျိုးရေးဦးစီးဌာနရုံးရှိ မြတ်ဇေယျာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူးက စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ထမ်းနှင့်တောင်သူများကို ဘက်စုံသီးနှံများ ပိုးမွှား၊ ရောဂါကာကွယ်နိုင်ရေး နည်းပညာပေးသင်တန်းတွင် စိတ်ဝင်စားစွာ လေ့လာမှတ်သားပြီး လက်တွေ့စိုက်ပျိုးလုပ်ကိုင်သွားရန်လိုကြောင်း၊ တောင်သူများအနေဖြင့်လည်း စတင်စိုက်ပျိုးရာတွင် မျိုးကောင်း မျိုးသန့်သီးနှံများ ရှာဖွေစိုက်ပျိုးသွားကြရန်နှင့် ဌာနအနေဖြင့် မျိုးကောင်း မျိုးသန့်သီးနှံများ ပံ့ပိုးကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။ သင်တန်းသို့ ခရိုင်/မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်အတွင်းရှိ စိုက်ပျိုးရေးတိုက်နယ်တာဝန်ခံများ၊ ကျေးရွာတောင်သူများ တက်ရောက်ကြကြောင်း သိရသည်။

**ဇော်မြင့်နိုင်**

# အရှိန်အဟုန်ဖြင့် ရေရှည်တိုးတက်ဖို့ . . .

ထွန်းထွန်းလင်း

**အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ (International Cooperative Alliance – ICA Day) သည် ကမ္ဘာတစ်ဝန်းရှိ သမဝါယမများ၏ စိတ်ဓာတ်နှင့် အောင်မြင်မှုများကို ဂုဏ်ပြုသည့် အရေးကြီးသော အခါသမယဖြစ်သည်။ နှစ်စဉ် ဇူလိုင်လ၏ ပထမ စနေနေ့တွင် ကမ္ဘာ့အသီးသီးနှင့် ဒေသအသီးသီးမှ သမဝါယမအသင်းများသည် ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှု၊ လူမှုရေးပါဝင်မှုနှင့် စီးပွားရေးဆိုင်ရာ စွမ်းဆောင်နိုင်မှုတို့ကို အထိမ်းအမှတ်ပြုရန် စုဝေးကြသည်။ ဤဆောင်းပါးသည် (၁၀၁) နှစ်မြောက် ICA နေ့၏ အရေးပါမှုကို သရုပ်ဖော်ထားပြီး တစ်ဦးချင်း၊ အသိုင်းအဝိုင်းနှင့် ကမ္ဘာ့စီးပွားရေးအတွက် အပြုသဘောဆောင်သော အပြောင်းအလဲများ ဖန်တီးရာတွင် သမဝါယမများ၏ ထူးထူးခြားခြား အောင်မြင်မှုများကို မီးမောင်းထိုးပြထားသည်။**

### သမဝါယမအခြေခံမူများနှင့် တန်ဖိုးများ

သမဝါယမလှုပ်ရှားမှု၏ အဓိက အခြေခံမူ ခုနစ်ချက်မှာ စေတနာနှင့် ပွင့်လင်းသော အသင်းဝင်မှု၊ ဒီမိုကရေစီထိန်းချုပ်မှု၊ အဖွဲ့ဝင်စီးပွားရေးပါဝင်မှု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် လွတ်လပ်မှု၊ ပညာရေး လေ့ကျင့်ရေး၊ သတင်းအချက်အလက်နှင့် သမဝါယမအချင်းချင်း ပူးပေါင်းဆောင်ရွက်မှု ဤအခြေခံမူများသည် သမဝါယမအား ကျင့်ဝတ်အရ မျှမျှတတ လည်ပတ်ရန်နှင့် ၎င်းတို့၏ အဖွဲ့ဝင်များနှင့် ၎င်းတို့ ထမ်းဆောင်နေသော ရပ်ရွာလူထု၏ သုခချမ်းသာကို အာရုံစိုက်ခြင်းဖြင့် ခိုင်မာသောအခြေခံအုတ်မြစ်ကို ပေးဆောင်သည်။

အပြည်ပြည်ဆိုင်ရာသမဝါယမနေ့

၂၀၂၃ ခုနှစ်၊ ဇူလိုင်လ (၁) ရက် ( စနေနေ့ )



"Cooperatives: partners for accelerated sustainable development"

"အရှိန်အဟုန်ဖြင့် ရေရှည်တိုးတက်ရေး သမဝါယမများက ဆောင်ရွက်ပေး"

### စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး

သမဝါယမသည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမွဲတေမှု လျှော့ချရေးတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်သည်။ တတ်နိုင်သော အိမ်ရာ၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရေးနှင့် ငွေကြေးဝန်ဆောင်မှုများကဲ့သို့သော မရှိမဖြစ်လိုအပ်သောဝန်ဆောင်မှုများကို လက်လှမ်းမီနိုင်စေခြင်းဖြင့် သမဝါယမသည် လူတစ်ဦးချင်းစီနှင့် လူမှုအသိုင်းအဝိုင်းများကို ၎င်းတို့၏ ဘဝအရည်အသွေးကို မြှင့်တင်ရန် အခွင့်အာဏာပေးသည်။ သမဝါယမသည် ရေရှည်တည်တံ့သော စိုက်ပျိုးရေး၊ တာဝန်ယူမှုရှိသော ထုတ်လုပ်မှုနှင့် စားသုံးမှု အလေ့အကျင့်များ၊ ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးကို မြှင့်တင်ရန်နှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ စိန်ခေါ်မှုများကို ဖြေရှင်းရန်အတွက်လည်း ပံ့ပိုးကူညီသည်။

### အမျိုးသမီးများ၏ စွမ်းပကားနှင့် ကျား၊မတန်းတူညီမျှမှု

သမဝါယမသည် အမျိုးသမီးများ၏ စွမ်းဆောင်နိုင်မှုနှင့် ကျားမတန်းတူညီမျှမှုကို မြှင့်တင်ရာတွင် အဓိကကျသည်။ ၎င်းတို့သည် အမျိုးသမီးများအတွက် ဆုံးဖြတ်ချက်ချသည့် လုပ်ငန်းစဉ်များတွင် ပါဝင်ရန်၊ ခေါင်းဆောင်မှုစွမ်းရည်မြှင့်တင်ရန်နှင့် စီးပွားရေးအခွင့်အလမ်းများကို ရယူရန် ပံ့ပိုးပေးသည်။ အမျိုးသမီးများ ဦးဆောင်သော သမဝါယမသည် ငွေကြေးအမှီအခိုကင်းမှု၊ ပိုမိုကောင်းမွန်သော အသက်မွေးဝမ်းကျောင်းမှုနှင့် လူမှုရေးဆိုင်ရာ ပါဝင်မှုများ၊ ကျား၊ မ ရေးရာအတားအဆီးများကို ဖြိုဖျက်ပြီး ပိုမိုသာတူညီမျှသော လူ့အဖွဲ့အစည်းများကို မွေးမြူရန်လမ်းစများ ဖန်တီးပေးခဲ့သည်။

### ကျေးလက်ဖွံ့ဖြိုးရေးနှင့် စားနပ်ရိက္ခာဖူလုံရေး

ဒေသအများအပြားတွင် သမဝါယမသည် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် စားနပ်ရိက္ခာဖူလုံမှုကို အာမခံသည့် နောက်ကွယ်တွင် မောင်းနှင်အားတစ်ခုဖြစ်သည်။ စိုက်ပျိုးရေးသမဝါယမသည် အသေးစား တောင်သူလယ်သမားများအား အရင်းအမြစ်များ စုပေါင်းရန်၊ ဈေးကွက်များ ရယူရန်နှင့် ကုန်ထုတ်စွမ်းအားမြှင့်တင်ရန် ပံ့ပိုးပေးသည်။ ရေရှည်တည်တံ့သော မွေးမြူရေးအလေ့အကျင့်များကို မြှင့်တင်ခြင်း၊ အသိပညာမျှဝေခြင်းနှင့် စုပေါင်းဈေးကွက်ရှာဖွေခြင်းဖြင့် သမဝါယမသည် ကျေးလက်နေပြည်သူများ၏ ကြံ့ကြံ့ခံနိုင်ရည်ရှိရေးနှင့် ဝင်ငွေရရှိရေးစွမ်းရည်ကို မြှင့်တင်ပေးခြင်း၊ စားနပ်ရိက္ခာဖူလုံရေးနှင့် ကျေးလက်မြို့ပြရွှေ့ပြောင်းနေထိုင်မှုတို့ကို လျှော့ချပေးသည်။

### ပူးပေါင်းဆောင်ရွက်သော ဆန်းသစ်တီထွင်မှုနှင့် ခံနိုင်ရည်ရှိမှု

သမဝါယမသည် ပြောင်းလဲနေသောအချိန်နှင့် လိုက်လျောညီထွေဖြစ်အောင် ဆန်းသစ်တီထွင်နိုင်စွမ်းကို ပြသခဲ့ကြသည်။ ထိရောက်မှုမြှင့်တင်ရန်၊ ဖြန့်ကြက်ချဲ့ထွင်ရန်နှင့် အဖွဲ့ဝင်ဝန်ဆောင်မှုများကို မြှင့်တင်ရန် နည်းပညာများ၊ ခေတ်မီစီမံခန့်ခွဲမှု အလေ့အကျင့်များကို လက်ခံယုံကြည်ကြသည်။ သမဝါယမသည် အကျပ်အတည်းကာလတွင် ခံနိုင်ရည်ရှိမှုကိုလည်း ပြသထားပြီး အဖွဲ့ဝင်များသည် အပြန်အလှန် အကူအညီပေးမှု၊ သမဝါယမကွန်ရက်များနှင့် အရေးပေါ်တုံ့ပြန်ဆောင်ရွက်မှုများမှတစ်ဆင့် အဖွဲ့ဝင်များအချင်းချင်း ပံ့ပိုးကူညီမှုများလည်း ပါဝင်သည်။ ဤခံနိုင်ရည်ရှိမှုသည် သမဝါယမကို ပိုမိုရေရှည်တည်တံ့ပြီး အားလုံးပါဝင်နိုင်သော စီးပွားရေးကို တည်ဆောက်ရာတွင် တန်ဖိုးရှိသောအရာတစ်ခု ဖြစ်လာစေသည်။

(၁၀၁) နှစ်မြောက် ICA နေ့သည် လူ့အဖွဲ့အစည်းအတွက် သမဝါယမက ပေးဆောင်ခဲ့သော သိသာထင်ရှားသော ပံ့ပိုးကူညီမှုများကို အမှတ်ရစေသည်။ သမဝါယမအခြေခံမူများကို ကတိကဝတ်ပြုခြင်းဖြင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး၊ လူတစ်ဦးချင်းနှင့် ရပ်ရွာလူထုအား အခွင့်အာဏာပေးကာ လူမှုရေးနှင့် စီးပွားရေးတန်းတူညီမျှမှုကို မြှင့်တင်ပေးခဲ့သည်။ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများကို ဖြေရှင်းရန်နှင့် အားလုံးအတွက် အပြုသဘောဆောင်သော ပြောင်းလဲမှုများကို ဖန်တီးရန် သမဝါယမ၏ စွမ်းအားကို အတူတကွ အသုံးချနိုင်သည်။ ၂၀၂၃ ခုနှစ် (၁၀၁) နှစ်မြောက် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ ဆောင်ပုဒ်ဖြစ်သော "Cooperatives: partners for accelerated sustainable development" "အရှိန်အဟုန်ဖြင့် ရေရှည်တိုးတက်ရေး သမဝါယမများက ဆောင်ရွက်ပေး"ကို ဂုဏ်ပြုသည့်အနေဖြင့် ပိုမိုတရားမျှတသော၊ အားလုံးပါဝင်ပြီး ရေရှည်တည်တံ့သော အနာဂတ်ကို ပုံဖော်ရာတွင် သမဝါယမ၏ တန်ဖိုးမဖြတ်နိုင်သောအခန်းကဏ္ဍကို အသိအမှတ်ပြုကြပါစို့။ ။

❖ သမဝါယမလှုပ်ရှားမှု၏ အဓိကအခြေခံမူ ခုနစ်ချက်မှာ စေတနာနှင့် ပွင့်လင်းသော အသင်းဝင်မှု၊ ဒီမိုကရေစီထိန်းချုပ်မှု၊ အဖွဲ့ဝင်စီးပွားရေးပါဝင်မှု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် လွတ်လပ်မှု၊ ပညာရေးလေ့ကျင့်ရေး၊ သတင်းအချက်အလက်နှင့် သမဝါယမအချင်းချင်း ပူးပေါင်းဆောင်ရွက်မှု ဤအခြေခံမူများသည် သမဝါယမအား ကျင့်ဝတ်အရ မျှမျှတတလည်ပတ်ရန်နှင့် ၎င်းတို့၏ အဖွဲ့ဝင်များနှင့် ၎င်းတို့ ထမ်းဆောင်နေသော ရပ်ရွာလူထု၏ သုခချမ်းသာကို အာရုံစိုက်ခြင်းဖြင့် ခိုင်မာသောအခြေခံအုတ်မြစ်ကို ပေးဆောင်

## ကျုံပျော်မြို့နယ် ပီလောပီနံစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းများသို့ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများ ထုတ်ချေးပေး

ကျုံပျော် ဇွန် ၂၇

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် အင်းတရော်ကျေးရွာရှိ ပိုမိုပြည့်စုံ ပီလောပီနံစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းမှ အသင်းသား ၅၀ စိုက်ဧက ၁၀၀၊ ကညင်ဆိုင်ကျေးရွာရှိ ရွှေကညင် ပီလောပီနံ စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းမှ အသင်းသား ၅၀ စိုက်ဧက ၁၀၀၊ လှည်းဆိပ်ကျေးရွာရှိ ရွှေဥဒေါင်းပီလောပီနံ စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းမှ အသင်းသား ၂၅ ဦး စိုက်ဧက ၅၀ နှင့် မိုးစပါးစိုက်ပျိုးထုတ်လုပ်မှု အထွက်တိုးစေရန်အတွက် သုခဖြိုးစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းမှ အသင်းသား ၅၀ ဧက ၁၀၀ တို့အတွက် နိုင်ငံ့စီးပွား မြှင့်တင်ရေးစီမံကိန်းရန်ပုံငွေမှ စုစုပေါင်းချေးငွေ ကျပ်သိန်း ၇၀၀ ပံ့ပိုးထုတ်ချေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**သစ်ပင်နည်းလာ တို့ကမ္ဘာ၊ လွန်စွာပူအေး ဥတုဘေး**

## နမ္မတူမြို့နယ် လမ်းပြကြယ်ငွေစုငွေချေးသမဝါယမအသင်း ဂုဏ်ပြုဆုချီးမြှင့်ပွဲကျင်းပ

နမ္မတူ ဇွန် ၂၇

ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ္မတူမြို့နယ်ရှိ လမ်းပြကြယ် ငွေစုငွေချေး သမဝါယမအသင်း လီမိတက်က ဇူလိုင် ၁ ရက်တွင် ကျရောက်မည့် (၁၀၁) နှစ်မြောက် အပြည်ပြည် ဆိုင်ရာ သမဝါယမနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အသင်းဝန်ထမ်းများနှင့် အသင်းသားများ၏ သား သမီးများမှ တက္ကသိုလ်ဝင်တန်း အောင်မြင်သူများ၊ ဂုဏ်ထူးရရှိသည့် ကျောင်းသားကျောင်းသူများနှင့် သင်ကြားမှုထူးချွန်ဆရာမအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်းနှင့် အထကကျောင်းများသို့ အလှူငွေပေးအပ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

❖ *ကျောဖုံးမှ*

ကချင်ယူနိုက်တက်အသင်းသည် ပွဲအစ လေးမိနစ်တွင် ထူးမြတ်ခန့် သွင်းယူသည့်ဂိုးဖြင့် ဦးဆောင်နိုင်သော်လည်း ပထမပိုင်းမှာပင် ဂိုးများပြန်ပေးခဲ့ရသည်။ ရှောဝတီအသင်းအတွက် ချေပဂိုးကို ၁၁ မိနစ်တွင် ညီညီအောင်က သွင်းယူပြီး ၂၄ မိနစ်တွင် ရွှေကိုက ပယ်နယ်တီမှတစ်ဆင့် ဒုတိယဂိုးသွင်းယူခဲ့သည်။ ၃၆ မိနစ်တွင် ကျော်ဝင်းသိန်းက ကချင်ယူနိုက်တက်အတွက် ချေပဂိုးပြန်သွင်းသော်လည်း ပထမပိုင်းပြီးခါနီးတွင် ညီညီအောင်က ရှောဝတီအတွက် တတိယ ဂိုးသွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံး၏ ကြိုးစားအားထုတ်မှုကို မြင်တွေ့ခဲ့ရပြီး ၅၇ မိနစ်တွင် ညီညီအောင်က ဟက်ထရစ်ရစေမည့် ၎င်းအတွက် တတိယဂိုးနှင့် ရှောဝတီအသင်းအတွက် စတုတ္ထဂိုးသွင်းယူ ပြီး ၈၇ မိနစ်တွင် အောင်သီဟက ပဉ္စမဂိုးသွင်းယူခဲ့သည်။ ကချင်ယူနိုက်တက်အသင်းအတွက် တတိယဂိုးကို ၆၈ မိနစ်တွင် ဇော်မွန်အောင်က ပယ်နယ်တီမှတစ်ဆင့် သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ဟက်ထရစ်သွင်းယူခဲ့သည့် ရှောဝတီအသင်းမှ ညီညီအောင်က ရရှိခဲ့သည်။ ယခုပွဲအပြီးတွင် ကချင်ယူနိုက်တက်အသင်းက ၁၀ ပွဲကစား ကိုးမှတ်၊ ရှောဝတီအသင်းက ၁၀ ပွဲကစား ခုနစ်မှတ် ရရှိထားသည်။

YUSC ကွင်း၌ကျင်းပသည့်ပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်းက ဟံသာဝတီအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ယခုပွဲတွင်လည်း အမှတ်ပြည့် ထပ်မံရယူနိုင်ခဲ့သည်။ ရန်ကုန်အသင်းအတွက် အဖွင့်ဂိုးကို ၂၇ မိနစ်တွင် ဆယ်လာနှင့် ဒုတိယဂိုးကို ၉၀+၃ မိနစ်တွင် ရန်ကျော်ထွေးက သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ရန်ကုန်ယူနိုက်တက်ကွင်းလယ်ကစားသမား ဇော်ဝင်းသိန်းက ရရှိခဲ့သည်။ ယခုပွဲအပြီးတွင် ရန်ကုန်ယူနိုက်တက်အသင်းက ကိုးပွဲကစား ရမှတ် ၂၄ မှတ်၊ ဟံသာဝတီအသင်းက ၁၀ ပွဲကစား ရမှတ် ၁၆ မှတ် ရရှိထားသည်။ ပွဲစဉ် (၁၀) တတိယနေ့အဖြစ် ဇွန် ၂၈ ရက် **(ယနေ့)** တွင် သုဝဏ္ဏကွင်း၌ ရတနာပုံအသင်းနှင့် အား/ကာ သိပ္ပံအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ-MNL**

# သဘာဝဘေးအန္တရာယ် ကျရောက်သောဒေသများတွင် တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇွန် ၂၇**

သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့ရသည့် ဒေသများတွင် လိုအပ်သည့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် တပ်မတော်မှ ကြိုတင်စုဖွဲ့စေလွှတ်ထားသည့် ကူညီကယ်ဆယ်ရေး အဖွဲ့များသည် နယ်မြေခံ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ သက်ဆိုင်ရာဒေသများတွင် အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

**ကျန်းမာရေးစောင့်ရှောက်**

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် မောင်တောမြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေး အဖွဲ့များသည် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့်အတူ မြို့သူကြီးကျေးရွာ၌ မောင်တောခရိုင်သစ်တောဦးစီးဌာနက ကျင်းပပြုလုပ်သည့် ၂၀၂၃ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ၌ စုပေါင်းသစ်ပင်စိုက်ပျိုးပေးပြီး နယ်လှည့်ဆေးကုသရေး အဖွဲ့များနှင့် ပူးပေါင်း၍ မြို့ယုကျေးရွာ၌ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသည်။

အလားတူ ပုဏ္ဏားကျွန်းမြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေး အဖွဲ့များသည် နယ်လှည့်ဆေးကုသရေးအဖွဲ့များနှင့် ပူးပေါင်း၍ စံပြရပ်ကွက်ရှိ ဒေသခံပြည်သူများအား စံပြစာတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသည်။



ထို့အတူ မောင်တောမြို့၌ ရောက်ရှိနေသည့် နယ်လှည့်ဆေးကုသရေးအဖွဲ့သည် မြို့ယုကျေးရွာရှိ ဒေသခံပြည်သူများအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

အလားတူ ဘူးသီးတောင်မြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေး အဖွဲ့များသည် ကားလမ်းမ ဘေးဝဲ/ယာရှိ သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးပြီး နယ်လှည့်ဆေးကုသရေးအဖွဲ့များနှင့် ပူးပေါင်း၍ လက်ဝဲဒက်ပြင်ရှည်ကျေးရွာ၌ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသည်။

ထို့အတူ မြောက်ဦးမြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေး အဖွဲ့များသည် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ သက်မာရုံအောင်စေတီတော်အတွင်း၌ အမှိုက်များ ရှင်းလင်းခြင်းနှင့် လဲကျနေသာ သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

**ကူညီဆောင်ရွက်ပေး**

အလားတူ ရသေ့တောင်မြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေး အဖွဲ့များသည် နယ်လှည့်ဆေးကုသရေးအဖွဲ့များနှင့် ပူးပေါင်း၍ သာသနာ့ဗိမာန်ကျောင်းတိုက်၌ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ရခိုင်ပြည်နယ် စစ်တွေမြို့နှင့် ရသေ့တောင်မြို့တို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

**နေပြည်တော် ဇွန် ၂၇**

ဆိုင်ကလုန်းမုန်တိုင်း (မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေး အဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန် ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေး အတွက် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် နယ်မြေခံ တပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ် ရောင်းချပေးလျက်ရှိသည်။



ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံနှင့် ရသေ့တောင်မြို့ မေယုခန်းမရှေ့တို့၌ ဆန်၊ ဆီ၊ ဆား၊ အသား/ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့် စားသောက်ကုန်များ၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက် အရောင်းဆိုင်များ၏ စားကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးလျက်ရှိရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းမိသားစုများက တစ်ခဲနက် ဝယ်ယူအားပေးကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲ ဖြစ်ပေါ်နေချိန်တွင် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများအား အထူးပင်ကျေးဇူးတင်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## ဖြူးမြို့နယ်၌ ၂၀၂၃ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပွဲကျင်းပ

**ဖြူး ဇွန် ၂၇**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်၌ ၂၀၂၃ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပွဲကို ဇွန် ၂၅ ရက်က အမြန်လမ်းမကြီး မိုင်တိုင်အမှတ် (၁၁၇/၇) ဖာလုံအနောက်ဘက် ငမြွေဆည်သွားလမ်းဘေးဖြူးကွန်း (၁) ကြိုးပြင်ကာကွယ်တောအတွင်း၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းသန်းစိုးက ရတနာတန်းဝင် ပျိုးပင်ပေါက်များကို လွှဲပြောင်းပေးအပ်ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောမင်းသူနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဒေဝီမေတို့က လက်ခံရယူပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် တက်ရောက်လာကြသူများက စုစုပေါင်းပျိုးပင် ၄၀၀ ကို စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။ **နေမျိုးလွင်(ပြန်/ဆက်)**



# တရားစီရင်ရေးအာဏာ အပ်နှင်းခြင်းခံထားရသည့် တရားရုံးအသီးသီးမှ တရားသူကြီးများအနေဖြင့် ဥပဒေနှင့်အညီ မှန်မှန်ကန်ကန်၊ အဂတိတရားကင်းစွာဖြင့် ဖြေရှင်းပေးနိုင်မှသာလျှင် ပြည်သူများ၏ယုံကြည်ကိုးစားမှုအား အပြည့်အဝရရှိမည်

**မုံရွာ ဇွန် ၂၇**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်နေသည့်အဖွဲ့များနှင့် တွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီးတရားလွှတ်တော်ရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး တရားသူကြီးချုပ် ဦးဇော်ထူး၊ တိုင်းဒေသကြီး ဥပဒေချုပ် ဒေါ်လှလှဝင်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအတွင်းရှိ ကန့်ဘလူခရိုင်၊ ရေဦးခရိုင်၊ ယင်းမာပင်ခရိုင်၊ မုံရွာခရိုင်တို့မှ ခရိုင်တရားသူကြီးများ၊ တိုင်းဒေသကြီး တရားလွှတ်တော်ရုံးမှ တရားသူကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(ယာပုံ)**



ရှေးဦးစွာ တိုင်းဒေသကြီး တရားရေးဦးစီးမှူး ဦးကျော်သောင်းအောင်က တိုင်းဒေသကြီးအတွင်းရှိ ခရိုင်/မြို့နယ်များ၏ တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

**မှန်မှန်ကန်ကန်စစ်ဆေးဆုံးဖြတ်**

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တရားစီရင်ရေးကဏ္ဍတွင် တာဝန်ထမ်းဆောင်နေကြသည့် တရားရေးဝန်ထမ်းများ၊ ဥပဒေရေးရာဝန်ထမ်းများ၊ ဆက်စပ်တာဝန် ထမ်းဆောင်နေကြသည့် ဝန်ထမ်းများအနေဖြင့် နိုင်ငံ့ဝန်ထမ်းများပီပီ မိမိနိုင်ငံတော်၏ ကျေးဇူးသစ္စာအား စောင့်ထိန်းရင်း တိုင်းဒေသကြီးအတွင်း တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုများတွင် စိတ်ရင်းစေတနာပြည့်ဝစွာဖြင့် ကြိုးစားဆောင်ရွက်ပေးသွားကြရန် လိုအပ်ကြောင်း၊ တရားစီရင်ရေးအာဏာအပ်နှင်းခြင်းခံထားရသည့် တရားရုံးအသီးသီးမှ တရားသူကြီးများအနေဖြင့် ပြည်သူများကြုံတွေ့နေရသည့် မှုခင်းဆိုင်ရာဖြစ်ပွားမှုများကို တရားစီရင်ရေးလမ်းကြောင်းပေါ်မှ ဥပဒေနှင့်အညီ မှန်မှန်ကန်ကန်၊ အဂတိတရားကင်းစွာဖြင့် ဖြေရှင်းပေးနိုင်မှသာလျှင် ပြည်သူများ၏ ယုံကြည်ကိုးစားမှုကို အပြည့်အဝရရှိမည်ဖြစ်ကြောင်း၊ ဖြစ်ပွားခဲ့သည့်မှုခင်းများကိုလည်း အမြန်ပြီးပြတ်အောင် မှန်မှန်ကန်ကန်ဖြင့် စစ်ဆေးဆုံးဖြတ်ကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးအတွင်းရှိ မုံရွာ၊ ကန့်ဘလူ၊ ရေဦး၊ ယင်းမာပင်ခရိုင်တို့မှ ခရိုင်တရားသူကြီးများက မိမိတို့ခရိုင်အတွင်းရှိ မြို့နယ်များ၏ တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များနှင့် လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်ပြီး တိုင်းဒေသကြီး တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များက တိုင်းဒေသကြီးအတွင်းရှိ ခရိုင်/မြို့နယ်များ၏ တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များဆောင်ရွက်နေသည့် လုပ်ငန်းများအပေါ် လိုအပ်သည်များကို ဖြည့်စွက်အကြံပြု ဆွေးနွေးတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆောင်ရွက်နေသည့်လုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် တိုင်းဒေသကြီး ဥပဒေချုပ်ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသော တိုင်းဒေသကြီး ဥပဒေချုပ်နှင့် ဥပဒေအရာရှိများအား တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဥပဒေအရာရှိ ဦးဝင်းနိုင်က တိုင်းဒေသကြီးအတွင်း ဥပဒေရေးရာလုပ်ငန်းများဆောင်ရွက်နေသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**လာဘ်ပေးလာဘ်ယူကင်းရှင်းရေး**

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဥပဒေအရာရှိများသည် နိုင်ငံ့ဝန်ထမ်းများဖြစ်သည်နှင့်အညီ ပါတီနိုင်ငံရေးကင်းရှင်းရေး၊ လာဘ်ပေးလာဘ်ယူကင်းရှင်းရေးစသည့် နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်များကို စောင့်ထိန်းလိုက်နာရသလို ဥပဒေအရာရှိကျင့်ဝတ်များနှင့်အညီလည်း ကျင့်ကြံနေထိုင်ကြရင်းဖြင့် နိုင်ငံတော်က ပေးအပ်ထားသည့်တာဝန်များကို ကျေပွန်စွာထမ်းဆောင်သွားကြသွားရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဥပဒေချုပ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များက တိုင်းဒေသကြီးအတွင်းရှိ ခရိုင်/မြို့နယ်များ၏ ဥပဒေရေးရာလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ ဖြည့်စွက်အကြံပြု ဆွေးနွေးတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆောင်ရွက်နေသည့်လုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

## သန်လျင်လူငယ်သင်တန်းကျောင်း(ရန်ကုန်) ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၂၇**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် အဖွဲ့ဝင် ဦးကျော်စိုး၊ ဒေါက်တာသန်းမြင့်နှင့် ဦးတင်အောင်တို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ဇွန် ၂၆ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်ရှိ သန်လျင်လူငယ်သင်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် သန်လျင်လူငယ်သင်တန်းကျောင်းအတွင်း လက်ခံစောင့်ရှောက် သင်ကြားပေးလျက်ရှိသော သင်တန်းသားများအား ကော်မရှင်ဥပဒေပြဋ္ဌာန်းချက်များ၊ ကော်မရှင်ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကျန်းမာရေးစောင့်ရှောက်မှု၊ အစားအစာကျွေးမွေးမှုနှင့် သန့်ရှင်းသောသောက်သုံးရေရရှိအောင် ဆောင်ရွက်ပေးနေမှု အခြေအနေ၊ ပညာသင်ကြားခွင့်၊ မိသားစုနှင့်ဆက်သွယ်ခွင့်၊ အသက်မွေးဝမ်းကျောင်း ပညာသင်ကြားခွင့်၊ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်စသည့် အခြေခံလူ့အခွင့်အရေးများရရှိအောင် ဆောင်ရွက်ပေးနေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ကော်မရှင်အဖွဲ့၏ သန်လျင်လူငယ်သင်တန်းကျောင်း ကြည့်ရှုစစ်ဆေးရေး ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို လိုအပ်သလို ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာသို့ပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**





## မြစ်ကြီးနားတပ်နယ်ရှိ တပ်မတော်သားမိသားစုဝင် အသက် နှစ်လမှ နှစ်နှစ်အောက် ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်တို့အား ပုံမှန်ကာကွယ်ဆေး ထိုးနှံတိုက်ကျွေး

**နေပြည်တော် ဇွန် ၂၇**

မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် မြစ်ကြီးနား တပ်နယ်ရှိ တပ်မတော်သား မိသားစုဝင် အသက် နှစ်လမှ နှစ်နှစ်အောက် ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးခြင်းကို ယနေ့ နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် အားကစားခန်းမ၌ပြုလုပ်ရာ နယ်မြေခံတပ်မတော်ဆေးရုံမှ ပါရဂူများ၊ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန်များနှင့် သူနာပြုများက တပ်ရင်း၊ တပ်ဖွဲ့များရှိ ကလေးငယ် ၇၂ ဦးနှင့် ကိုယ်ဝန်ဆောင်မိခင်တစ်ဦးတို့ကို ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါ (ဘီ)၊ ပြင်းထန်အဆုတ်ရောင်ကာကွယ်ဆေး၊ ပိုလီယိုကာကွယ်ဆေး၊ ဝက်သက်၊ ဂျိုက်သိုးနှင့် ဂျပန်ဦးနှောက် အမြှေးရောင် ငါးမျိုးစပ် ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးကြသည်။

ယင်းသို့ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူး ဗိုလ်ချုပ် ကိုကိုမောင်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်တို့အတွက် အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင်၊ စွမ်းအင်လည်းရ၊ ပြည်လည်းလှ။

# တရုတ်နိုင်ငံ အနောက်တောင်ပိုင်း၌ မြေပြိုကျမှုဖြစ်ပြီး လေးဦး သေဆုံး



**ချန်ဒူ ဇွန် ၂၇**

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း စီချွမ်းပြည်နယ်၌ ဇွန် ၂၇ ရက် နံနက်ပိုင်းက မြေပြိုကျမှုတစ်ခု ဖြစ်ပွားခဲ့ရာ လေးဦး သေဆုံးပြီး သုံးဦးပျောက်ဆုံးခဲ့သည်။

အချိန်ခဏတာ အတွင်း ပြင်းထန်သည့် မိုးရွာသွန်းမှုကြောင့် မြေပြိုကျမှုဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ မြေပြိုကျမှုသည် ဝမ်ချွန်းဒေသ မီယမ်စီမြို့နယ်နှင့် ဝေကျိုမြို့နယ်တို့တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဇွန် ၂၇ ရက် ဒေသစံတော်ချိန် ညနေ ၅ နာရီအထိ လူပေါင်း ၉၀၀ ကျော် မြေပြိုကျမှုဒဏ်ခံစားခဲ့ရပြီး ၎င်းတို့ကို နေရာရွှေ့ပြောင်းပေးခဲ့ကာ အိုးအိမ်များ ထိခိုက်ခြင်း မရှိခဲ့ကြောင်း စီရင်စုအုပ်ချုပ်ရေး ဌာနက ပြောသည်။

မြေပြိုကျမှုများ ဖြစ်ပွားပြီးနောက် ဒေသအာဏာပိုင်များက ကယ်ဆယ်ရေးလုပ်သား ၅၀၀ ကျော်ကို ကယ်ဆယ်ရေးလုပ်ငန်းများတွင် ကူညီလုပ်ကိုင်နိုင်ရန် စေလွှတ်ခဲ့သည်။ ထို့ပြင် လမ်းများပြင်ရန် ကူညီကယ်ဆယ်ရေး လုပ်သားများကိုလည်း စေလွှတ်လိုက်ပြီး နောက်ထပ် ပထဝီဝင်ဆိုင်ရာ ဘေးအန္တရာယ်များကို အကဲဖြတ်နိုင်ရန် စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။

**ဆင်ဟွာ**

# နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့၏ ချေးငွေရရှိရန် ပါကစ္စတန်ကြိုးစား

**အစ္စလာမ္မာဘတ် ဇွန် ၂၇**

ပါကစ္စတန်နိုင်ငံသည် ရပ်တန့်ထားသော ချေးငွေအစီအစဉ်ကိုရရှိရန် နိုင်ငံတကာငွေကြေး ရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်) အဖွဲ့နှင့် ဆွေးနွေးလျက်ရှိသည်။ ဆိုးရွားသော စီးပွားရေးအကျပ်အတည်းနှင့် စံချိန်တင် ငွေကြေးဖောင်းပွမှု ဖြစ်ပေါ်နေချိန်တွင် အဆိုပါချေးငွေကို အရေးပေါ်လိုအပ်လျက်ရှိသည်။

ပါကစ္စတန်ဗဟိုဘဏ်သည် ၎င်း၏အခြေခံ အတိုးနှုန်းကို တိုးမြှင့်လိုက်သည်။ အဆိုပါ ဆုံးဖြတ်ချက်သည် နိုဝင်ဘာလကတည်းက မချေးဘဲ ထိန်းထားသော အမေရိကန်ဒေါ်လာ ၁ ဒသမ ၁ ဘီလီယံ ချေးငွေထုတ်ပေးရန် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့၏ အခြေအနေနှင့် ကိုက်ညီမှုရှိကြောင်း လေ့လာသုံးသပ်သူများက ပြောသည်။

နိုင်ငံထိပ်တန်း မူဝါဒရေးရာရေးဆွဲသူများသည် အတိုးနှုန်းကို ဆွေးနွေးနိုင်ရန် ဇွန် ၂၆ ရက်က အရေးပေါ်အစည်းအဝေးတစ်ရပ် ကျင်းပခဲ့သည်။

ပါကစ္စတန်သည် ချေးငွေထုတ်ပေးရန် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့သို့ အကြိမ်ကြိမ် မေတ္တာရပ်ခံခဲ့သည်။ အဆိုပါချေးငွေသည် ယခုလကုန်တွင် သက်တမ်းကုန်ဆုံးမည့်ဒေါ်လာ ၆ ဒသမ ၅ ဘီလီယံတန် ထောက်ပံ့ရေးအစီအစဉ်၏အစိတ်အပိုင်းတစ်ခု ဖြစ်သည်။



လွန်ခဲ့သော သီတင်းပတ်က ပါကစ္စတန်ဝန်ကြီးချုပ် ရှာဘတ်ဇ် ရှာရစ်ဖ်သည် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့၏ ညွှန်ကြားရေးမှူးချုပ်နှင့် ပါရီ၌ တွေ့ဆုံခဲ့သည်။

ရှာရစ်ဖ်က နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့၏အခြေအနေများနှင့် ကိုက်ညီမှုရှိကြောင်း ရှင်းပြခဲ့ပြီး ထောက်ပံ့ငွေသည် မကြာမီရနိုင်ဖွယ်ရှိကြောင်း ၎င်း၏ရုံးက သတင်းထုတ်ဖော်ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## ခိုးယူခံထားရသော အမွေအနှစ်ပစ္စည်းများကို ပြန်ယူရန် သီရိလင်္ကာကြိုးပမ်း

**ကိုလံဘို ဇွန် ၂၇**

နိုင်ငံအသီးသီးမှ ခိုးယူခံထားရသော သီရိလင်္ကာရှေးဟောင်းပစ္စည်းများကို ပြန်လည်လက်ခံရယူရေးဆိုင်ရာ ကော်မတီတစ်ရပ်ခန့်အပ်ရန် သီရိလင်္ကာအစိုးရအဖွဲ့ဝင် ဝန်ကြီးများက အတည်ပြုသဘောတူခဲ့ကြောင်း အစိုးရသတင်းအချက်အလက်ဌာနက ထုတ်ပြန်လိုက်သော သတင်းအချက်အလက်များအရ သိရသည်။

ယူနက်စကို သဘောတူညီချက်အရ နိုင်ငံခြားတိုင်းပြည်များက ပိုင်ဆိုင်ထားသော မည်သည့်ယဉ်ကျေးမှုပစ္စည်းမဆို ပြန်လည်ပေးအပ်သွားနိုင်ရေး တောင်းဆိုသွားမည်ဖြစ်ကြောင်း ကြေညာချက်တွင် ထုတ်ပြန်ကြေညာထားသည်။

နယ်သာလန်နိုင်ငံသည် ယခင်က မိမိတို့နယ်ချဲ့ရာနိုင်ငံမှ သိမ်းယူခဲ့သောပစ္စည်းများကို ပြန်လည်ပေးအပ်ရန် ဆုံးဖြတ်ချက်ချခဲ့သည်။

သီရိလင်္ကာနိုင်ငံကလည်း တခြားတိုင်းပြည်များသို့ ရောက်နေသည့် မိမိတို့၏ ရှေးဟောင်းပစ္စည်းများကို ပြန်လည်ရရှိနိုင်ရေး သံတမန်နည်းလမ်းများဖြင့် တောင်းဆိုသွားမည်ဖြစ်သည်။ **ဆင်ဟွာ**



## တရုတ်နိုင်ငံတွင် တောင်ကျရေအတွက် အဝါရောင် သတိပေးချက်ထုတ်ပြန်

**ပေကျင်း ဇွန် ၂၇**

တရုတ်နိုင်ငံရေးအရင်းအမြစ်နှင့် မိုးလေဝသနှင့်ဇလဗေဒစီမံခန့်ခွဲရေးဌာနက နိုင်ငံအစိတ်အပိုင်းအတော်များများတွင် တောင်ကျရေထိုးဆင်းမှုကြောင့်ဖြစ်ပေါ်နိုင်သည့်အန္တရာယ်အတွက် အဝါရောင်သတိပေးချက် ထုတ်ပြန်ခဲ့သည်။

ဇွန် ၂၇ ရက် ဒေသစံတော်ချိန် ည ၈ နာရီမှ ၂၈ ရက် ည ၈ နာရီအထိ ရှန်စီး၊ စီချွမ်၊ ရှန်းစီနှင့် ဂမ်ဆုဒေသများတွင် ကြောက်စရာကောင်းသည့် တောင်ကျရေစီးဆင်းမှုဖြစ်မည်ဟု သတိပေးထားသည်။

ဒေသဆိုင်ရာအာဏာပိုင်များသည် အချိန်နှင့်တစ်ပြေးညီ စောင့်ကြည့်လျက်ရှိပြီး ကယ်ဆယ်ရေးလုပ်ငန်းများ မဆောင်ရွက်မီ ရေကြီးနိုင်သည့် သတိပေးချက်ထုတ်ပြန်ထားသည်။

တရုတ်နိုင်ငံ၌ ရာသီဥတုဆိုင်ရာ အဆင့်သတ်မှတ်ချက် လေးခုရှိရာ အနီရောင်သည် အဆိုးဆုံးဖြစ်သည်။ ယင်းနောက် လိမ္မော်ရောင်၊ အဝါရောင်နှင့် အပြာရောင် အသီးသီးဖြစ်ကြသည်။ **ဆင်ဟွာ**

# အင်ဒိုနီးရှားအရှေ့ပိုင်း တောင်ကုန်းထူထပ်သောဒေသ၌ လေယာဉ်ပျက်ကျပြီး ခြောက်ဦးသေဆုံး

**ဂျကာတာ ဇွန် ၂၇**

အင်ဒိုနီးရှားအရှေ့ပိုင်း တောင်ကုန်းထူထပ်သော ပြည်နယ်တစ်ခုဖြစ်သည့် ပါပူအာ ကုန်းမြင့်ဒေသ၌ လေယာဉ်ငယ်တစ်စင်း ပျက်ကျမှုဖြစ်ပွားခဲ့ရာမှ သေဆုံးသူ ခြောက်ဦး၏ ရုပ်အလောင်းများကို ကယ်ဆယ်ရေးသမားများက ရှာဖွေတွေ့ရှိခဲ့သည်။

ဂျာရာပူရာ ကယ်ဆယ်ရေးနှင့် ရှာဖွေရေးအေဂျင်စီ စီမံကိန်းအကြီးအကဲ မာရီနက်စ်အိုဟိုင်းရက်က လေယာဉ်ငယ်မှာ မီးအားလုံးလောင်ကျွမ်းသွားခဲ့သဖြင့် လေယာဉ်ပေါ်လိုက်ပါလာသူအားလုံးမှာလည်း သေဆုံးသွားခဲ့ကြောင်း ပြောသည်။

ရဟတ်ယာဉ်ကိုအသုံးပြုလျက် သေဆုံးသူများကို ဝါမီနာမြို့လေဆိပ်သို့ ပို့ဆောင်ပေးလျက်ရှိကြောင်းနှင့် နောက်ပိုင်းတွင် ဂျာရာပူရာသို့ လွှဲပြောင်းပေးသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အဆိုပါလေယာဉ်ငယ်မှာ လေယာဉ်အမှုထမ်းနှစ်ဦးနှင့် ခရီးသည်လေးဦး လိုက်ပါလာခဲ့ကြောင်း လွန်ခဲ့သော သီတင်းပတ် တနင်္ဂနွေနေ့က ယာလီမိုဒေသရှိ အယ်လ်လီလင်လေဆိပ်မှ နံနက် ၁၀ နာရီ ၅၃ မိနစ်ခန့်တွင် လေယာဉ်ပျံတက်ပြီး ခုနစ်မိနစ်အကြာ၌ လေယာဉ်ထိန်းချုပ်ရေးစင်တာနှင့် အဆက်အသွယ်ပြတ်တောက်သွားခဲ့ကြောင်း သိရသည်။

ထို့နောက် နာရီအနည်းငယ်ကြာပြီးနောက် လေယာဉ်အပျက်အစီးများကို အနီးနားရှိ တောအုပ်တစ်ခု၌ တွေ့ခဲ့ရသည်။

**ဆင်ဟွာ**



ပျက်ကျလေယာဉ်မှ ရုပ်အလောင်းများ သယ်ယူနေမှုကို တွေ့ရစဉ်။

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဇွန် ၂၇**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။



ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ ဈေးကုန်းကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ မြို့မရွှေဂူကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ သာသနာ့ရက္ခိတကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ မဟာအတုလဝေယံဘုံသာတိပိဋကရွှေပါရမီ ကျောင်းတိုက်၊ လှိုင်မြို့နယ်ရှိ ဝါယာလက်ပရိယတ္တိစာသင်တိုက်၊ လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ်ရှိ သာသနာဟိတ ပရိယတ္တိကျောင်းတိုက်၊ သာကေတမြို့နယ်ရှိ တိပိဋကာလင်္ကာရ စာသင်တိုက်နှင့် ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ ယန်းကုန်းကျောင်းတိုက် **(အပေါ်ပုံ)** များသို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ ပေါ်တော်မူကျောင်းတိုက်နှင့် အမရပူရမြို့နယ်ရှိ ရွှေကူကြီးကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်ရှိ သုစိတ္တာရုံကျောင်းတိုက်၊ ဗဟန်းမြို့နယ်ရှိ စတုဘုမ္မိက မဟာသတိပဋ္ဌာန် စာသင်တိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ ဇေတဝန်မြို့ဦးကျောင်းတိုက်နှင့် လားရှိုးမြို့နယ်ရှိ ဇမ္ဗူအေးစေတီ တပ်ဦးပရိယတ္တိစာသင် တိုက်များသို့ ဆန်ကြာဆံများကို လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက် ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်းသိရသည်။ **သတင်းစဉ်**

## လားရှိုးမြို့၌ ဇီဝဆိုင်ရာအချက်အလက်များ ကောက်ယူရေးသင်တန်း ဖွင့်လှစ်

**လားရှိုး ဇွန် ၂၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့တွင် ဇီဝဆိုင်ရာအချက်အလက်များ (Biometric) ကောက်ယူရေး သင်တန်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က လားရှိုးမြို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယပြည်နယ်ဦးစီးမှူးရုံးရှိ သစ္စာခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်းနှင့် တိုင်းစစ်ဌာနချုပ်မှ အရာရှိကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူးများ၊ သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်နယ်အစိုးရ အုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းမြောက်) ဥက္ကဋ္ဌ ဦးမျိုးကျော်က အမှာစကားပြောကြားပြီး လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒုတိယပြည်နယ်ဦးစီးမှူး၊ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးလင်းအောင်က Biometric အချက်အလက်များ ကောက်ယူရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက Biometric ကိုယ်ရေးအချက်အလက်များ ကောက်ယူသည့် လုပ်ငန်းစဉ်များလက်တွေ့သရုပ်ပြနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**စိုင်းထွန်း(လားရှိုး)**



## ဟိုပန်ခရိုင် ရဲတပ်ဖွဲ့ဝင်များ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်



**သီပေါ ဇွန် ၂၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ဟိုပန်မြို့နယ် ပန်းလုံနယ်မြေရဲစခန်းမှူး ရဲအုပ် နေမျိုးလတ် ဦးစီးသောတပ်ဖွဲ့ဝင်များ၊ မန်ကန်နယ်မြေရဲစခန်းမှူး ရဲအုပ်လင်းအောင်ဦးစီးသော တပ်ဖွဲ့ဝင်များက ဇွန် ၂၆ရက်တွင် ပြည်သူ့ဆေးရုံ အတွင်း/အပြင်၊ ဗဟိုဈေးကြီးနှင့် အခြေခံပညာအထက်တန်းကျောင်းဝန်းကျင်တို့၌ သန့်ရှင်းသာယာလှပရေးနှင့် ပေါင်းမြက်ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များစုပုံရာနေရာသို့ သယ်ယူပို့ဆောင်ပေးခြင်း၊ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရန် ပြန်လည်တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကြသည်။

အဆိုပါလုပ်ငန်းဆောင်ရွက်ရာသို့ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဟိုပန်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်ဝင်းလှိုင်နှင့် တာဝန်ရှိသူများ လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ တရားမဝင်သစ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၂၇**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးကို ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ် ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System-CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ဇွန် ၁၉ ရက်မှ ၂၅ ရက် အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင် ကျွန်း ၁၈ ဒသမ ၂၀၁၀ တန်၊ သစ်မာ ၂၇ ဒသမ ၇၆၆၂ တန်၊ အခြား ၄၄ ဒသမ ၆၃၁၈ တန် စုစုပေါင်း ၉၀ ဒသမ ၅၉၉၀ တန်၊ ယာဉ်နှင့် ယန္တရား ခုနစ်စီး၊ တရားခံ ၁၄ဦး ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

## မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

**နေပြည်တော် ဇွန် ၂၇**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

**မိုး/ဇလ**

## အမျိုးသမီးတစ်ဦးကို ပြည့်တန်ဆာအဖြစ်အဓမ္မခိုင်းစေပြီး လုပ်အားခခေါင်းပုံဖြတ်ရယူခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် ဇွန် ၂၇**

အမျိုးသမီးတစ်ဦးကို ပြည့်တန်ဆာအဖြစ် အဓမ္မခိုင်းစေပြီး လုပ်အားခခေါင်းပုံဖြတ်ရယူခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်စီချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်နေ စွမ်းရည်မိုးနှင့် မရန်နိုင် (ခ) ရင်ရင်နိုင်တို့က တစ်မြို့နယ်တည်းနေ မ XXX၊ ၁၅ နှစ်ကို လားရှိုးမြို့ရှိ KTV ဆိုင်တွင် တစ်လလျှင် ငွေကျပ် သုံးသိန်းခန့်ဖြင့် သန့်ရှင်းရေး အလုပ်လုပ်ကိုင်ရမည်ဟု စည်းရုံး ပြောဆို၍ ပြည့်တန်ဆာအိမ်သို့ ပို့ဆောင်ပြီး အဓမ္မပြည့်တန်ဆာအလုပ်ခိုင်းစေကာ လုပ်အားခများ ခေါင်းပုံဖြတ် ရယူခဲ့သဖြင့် ဒလမြို့မရဲစခန်းက (ပ)၂၀/၂၀၂၃၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅ ဖြင့် အမှုရေးဖွင့်၍ တွံတေးခရိုင် တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ဇွန် ၂၆ ရက်တွင် တရားခံစွမ်းရည်မိုးနှင့် မရန်နိုင်(ခ) ရင်ရင်နိုင်တို့ကို လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်စီ ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇွန် ၂၇**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် အောင်မေတ္တာ(ဂ)ရပ်ကွက်နေ ချစ်ရတီ (ခ)နန်းနှင်းဂျူလိုင်သည် ၎င်းအသုံးပြုသည့် "Chit Yati" Facebook အကောင့်၊ တောင်တွင်းကြီးမြို့နယ် ရွှေကြာအင်း(၂)ရပ်ကွက်နေ စိုးမင်းထက်(ခ) စိုးကြီးသည် ၎င်းအသုံးပြုသည့် "Soe Gyi" Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် မြို့သစ်(၅) ရပ်ကွက်နေ အောင်ကိုကိုသက်(ခ)အောင်ကိုသက်သည် ၎င်းအသုံးပြုသည့် "Aung Ko Thet" Facebook အကောင့်တို့ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာလူငယ်များအတွက် နျူကလီးယား သတင်းအချက်အလက်

**“နျူကလီးယားနည်းပညာဟာ ယနေ့ကမ္ဘာမှာ အလွန်ရေပန်းစားနေပါတယ်။ နျူကလီးယားနည်းပညာကို နိုင်ငံဖွံ့ဖြိုးရေးအတွက် နိုင်ငံတိုင်းက ပိုင်ဆိုင်လိုကြတယ်။ နျူကလီးယားစွမ်းအင်ဟာ ရေအားပြီးရင် ကမ္ဘာပေါ်မှာ ဒုတိယကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လုပ်မှု အနည်းဆုံးဖြစ်ပါတယ်”**

ရုရှားနိုင်ငံသားတို့၏ ခန္ဓာဗေဒအချိုးအစားအတိုင်း ကျန်းမာကြံ့ခိုင်သော ခန္ဓာကိုယ်အနေအထားနှင့် ဆံစတွင် စိမ်းပြာရောင်ကာလာခြယ်သထားပြီး လှပကျော့ရှင်းစွာ ဝတ်ဆင်ထားသော လူလတ်ပိုင်းအရွယ် အမျိုးသမီးတစ်ဦးက နျူကလီးယား နည်းပညာဆိုင်ရာ ဘာသာရပ်အကြောင်း သိကောင်းစရာများကို အားတက်သရောဆွေးနွေးပြောကြားလျက်ရှိသည်။

ထိုအမျိုးသမီးကား ရုရှားဖက်ဒရေးရှင်းနိုင်ငံ Strana Rosatom သတင်းဌာနမှ အယ်ဒီတာချုပ် Yulia Gileva ဖြစ်ပြီး နျူကလီးယားနည်းပညာနှင့် နျူကလီးယားစွမ်းအင်ဆိုင်ရာ အသိပညာများကို အဓိကရေးသားနေသူလည်းဖြစ်သည်။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် အဏုမြူစွမ်းအင် ကော်ပိုရေးရှင်း “ROSATOM”တို့အကြား နျူကလီးယားစွမ်းအင်အား ငြိမ်းချမ်းစွာ အသုံးချရေး ရည်ရွယ်ချက်ဖြင့် ပူးပေါင်းဆောင်ရွက်ရန် လက်မှတ်ထိုးထားသည့် “နျူကလီးယားစွမ်းအင်အပေါ် ပြည်သူလူထု၏ အပြုသဘောဆောင်သော သဘောထားအမြင်များ ရရှိရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ” အရ ပြီးခဲ့သည့် မေ ၂၉ ရက်တွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ နျူကလီးယားနည်းပညာ သတင်းအချက်အလက်စင်တာ၌ ကျင်းပသော မြန်မာမီဒီယာများအတွက် နျူကလီးယားစွမ်းအင်ဆိုင်ရာ အသိပညာမျှဝေ ဆွေးနွေးပွဲတွင် ဆရာမ Yulia Gileva က ဆွေးနွေးပြောဆိုနေခြင်း ဖြစ်သည်။



ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ နျူကလီးယားနည်းပညာ သတင်းအချက်အလက်စင်တာ၌ မေ ၂၉ ရက် နံနက် ၉ နာရီက သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုင်းကျော်နိုင်ဦးနှင့် တာဝန်ရှိသူများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း “ROSATOM” မှ ကိုယ်စားလှယ်များ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် သတင်းမီဒီယာဌာနများမှ ကိုယ်စားလှယ်များ တက်ရောက်စဉ်။

## ကမ္ဘာကိုဖျက်မည့် နျူလက်နက်ကိုသာ ပြေးမြင်မိ

ဆွေးနွေးပွဲတွင် ဥာဏ်စမ်းပဟေဠိများလည်း ပါဝင်၍ မြိုင်မြိုင်ဆိုင်ဆိုင်ရှိလှသည်။ တကယ်တမ်းဆိုရလျှင် နျူကလီးယားနည်းပညာနှင့် နျူကလီးယားစွမ်းအင်ဆိုင်ရာ အသိပညာများက မိမိတို့နှင့် အတန်ငယ်အလှမ်းဝေးလှသည်။ “နျူကလီးယားဟေ့”ဟု ဆိုလိုက်လျှင် သာမန်ပြည်သူများ နည်းတူ နျူကလီးယားထိပ်ဖူးတပ် တိုက်ချင်းပစ်ဒုံးပျံများ၊ နျူကလီးယားလေယာဉ်တင် သင်္ဘောများ၊ ရေငုပ်သင်္ဘောများစသည့် ကမ္ဘာကိုဖျက်မည့် နျူလက်နက်များကိုသာ ပြေးမြင်မိတော့သည်။

နျူကလီးယားစွမ်းအင်ကို အသုံးပြု၍ လျှပ်စစ်စွမ်းအားထုတ်လုပ်သည့်ကဏ္ဍ၊ နျူကလီးယားနည်းပညာကို အသုံးချ၍ ကျန်းမာရေးကဏ္ဍတွင် ရောဂါရှာဖွေခြင်း၊ ကုသခြင်း၊ ကျန်းမာရေးလုပ်ငန်းသုံးပစ္စည်းများကို ပိုးသတ်ခြင်း၊ အာဟာရသုတေသနပြုခြင်း၊ အစားအစာ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍတွင် အစားအစာများကို ရောင်ခြည်ပေး၍ တာရှည်ခံအောင်ပြုလုပ်ခြင်း၊ မျိုးထွန်းမျိုးပြောင်းခြင်း၊ မြေဆီလွှာ အားကောင်းစေခြင်း၊ ပိုးမွှားနှိမ်နင်းခြင်း၊ တိရစ္ဆာန်ကျန်းမာရေး၊ အာဟာရ၊ မွေးမြူရေးနှင့် ကုသခြင်း၊ ဇလဗေဒ ကဏ္ဍတွင် ရေအရင်းအမြစ်ရှာဖွေခြင်း၊ ရေသက်တမ်းတွက်ချက်ခြင်း၊ ရေငန်မှ ရေချိုပြောင်းခြင်း၊ သဘာဝပတ်ဝန်းကျင်ကဏ္ဍတွင် လေထုအရည်အသွေးတိုင်းတာခြင်း၊ ရေအရည်အသွေးတိုင်းတာခြင်း(မြေပေါ်ရေ၊ မြေအောက်ရေ၊ ပင်လယ်ရေ၊ မိုးရေ)၊ မြေအရည်အသွေးတိုင်းတာခြင်း၊ အစားအသောက်များအတွင်း ရေဒီယိုသတ္တိကြွပစ္စည်းများ ပါဝင်မှုတိုင်းတာခြင်း၊ စက်မှုကဏ္ဍတွင် မူရင်းမပျက် စမ်းသပ်စစ်ဆေးခြင်း၊ စက်မှုလုပ်ငန်းသုံးပုံရိပ်ဖော်စစ်ဆေးခြင်း၊ ဒြပ်ပစ္စည်းများကို အရည်အသွေးမြှင့်တင်ခြင်း၊ ရေဒီယိုအိုင်ဆိုတုပ်များကို အသုံးပြု၍ အစိုင်အခဲ၊ အရည်နှင့် အငွေ့တို့၏ စီးဆင်းမှုနှုန်းကို တိုင်းတာခြင်း၊ ပုံဖော်ခြင်း၊ ထုတ်ကုန် အရည်အသွေးမြှင့်တင် ထိန်းချုပ်ခြင်း၊ ယဉ်ကျေးမှုကဏ္ဍတွင် သက်တမ်းတွက်ချက်ခြင်း၊ စစ်မှန်မှုကိုစိစစ်ခြင်းနှင့် အနုပညာလက်ရာများ၏ ပါဝင်ဖွဲ့စည်းထားသည့် အရာဝတ္ထုများနှင့် နည်းပညာများကို လေ့လာခြင်း၊ မပျက်မယွင်းအောင် ထိန်းသိမ်းစောင့်ရှောက်ခြင်း စသည်ဖြင့် နျူကလီးယားနည်းပညာအသုံးချကဏ္ဍများက လူအများစု၏ အသိဉာဏ‌ပိုင်းတွင် မှေးမှိန်နေသည်။

“The Jaws ရုပ်ရှင်ဇာတ်ကားကြောင့် လူတွေဟာ ငါးမန်းတွေကိုကြောက်ရွံ့ကြသလို နျူကလီးယားဓာတ်ရောင်ခြည်ကိုလည်း ယခင်က ဖြစ်ပွားခဲ့တဲ့ ချာနိုဘိုင်းနဲ့ ဖိုဘားစက်ရုံ ဓာတ်ရောင်ခြည်ယိုစိမ့်မှုဖြစ်စဉ်ကြောင့် ကြောက်ရွံ့မှုတွေ ဖြစ်ခဲ့ကြတယ်။

ကမ္ဘာပေါ်ရှိ လူအများစုက ချာနိုဘိုင်းပေါက်ကွဲမှုဖြစ်စဉ်မှာ လူအများအပြား သေဆုံးခဲ့ကြတယ်လို့ ထင်ခဲ့ကြပေမယ့် တကယ်တမ်းအားဖြင့်တော့ နည်းပါးပါတယ်။ ငါးမန်းက လူကိုကိုက်တဲ့ ဖြစ်စဉ်ကလည်း တစ်နှစ်မှာ ၁၃ ဦးခန့်ပဲ ရှိခဲ့ပါတယ်။

## ဓာတ်ပေါင်းဖိုများ လုံခြုံစိတ်ချမှုရရှိလာခဲ့

ယခုနောက်ပိုင်း နျူကလီးယားဓာတ်အားပေးစက်ရုံတွေကို လုံခြုံရေး၊ ဘေးကင်းရေးအတွက် အလေးထားဆောင်ရွက်လာသလို ရှေ့ကမျိုးဆက်ရဲ့အားနည်းချက်တွေကို ပြုပြင်ခဲ့သည့်အတွက် နောက်မျိုးဆက်ဓာတ်ပေါင်းဖိုများဟာ လုံခြုံစိတ်ချမှုရရှိလာခဲ့ပါတယ်”။

ဆရာမ Yulia က နျူကလီးယားစွမ်းအင်၊ နျူကလီးယားနည်းပညာနှင့် ပတ်သက်၍ လူအချို့၏ စိုးရိမ်ထိတ်လန့်မှုကို ထင်သလောက်မဟုတ်ကြောင်း အကျိုးနှင့်အကြောင်းနှင့် ရှင်းပြသည်။

## လူများသည် ဓာတ်ရောင်ခြည်ကို ကြောက်ရွံ့

လူများသည် ဓာတ်ရောင်ခြည်ကို မသိသောကြောင့် ဓာတ်ရောင်ခြည်ကို ကြောက်ရွံ့ကြသည်။ အမှန်တကယ်အားဖြင့် ဓာတ်ရောင်ခြည်သည် လူနှင့် လူ့ပတ်ဝန်းကျင်တွင် တည်ရှိသည်။ နေ၊ မြေကြီးနှင့် တောင်များသည် အိုင်းယွန်းဓာတ်ရောင်ခြည်၏ သဘာဝအရင်းအမြစ်များ ဖြစ်သည်။ အိုင်းယွန်းဓာတ်ရောင်ခြည်ကို ဆေးဘက်ဆိုင်ရာကဏ္ဍတွင် အသုံးပြုလျက်ရှိသည်။ လူသားတိုင်းသည် ရေဒီယိုသတ္တိကြွမှုရှိပြီး ဓာတ်ရောင်ခြည်နှင့် ထိတွေ့မှုအများဆုံးနေရာမှာ နျူကလီးယားစခန်းအနီးမဟုတ်ဘဲ ပျံသန်းနေသည့် လေယာဉ်ပေါ်တွင်ဖြစ်သည်ဟုလည်းဆိုသည်။

၄ ဒသမ ၅ ဂရမ်ရှိသော နျူကလီးယားလောင်စာတောင့်တစ်ခုတွင် ပါဝင်သော စွမ်းအင်ပမာဏသည် ကျောက်မီးသွေး ၅၅၀ ကီလိုဂရမ်နှင့် တူညီပြီး ကျောက်မီးသွေး စက်ရုံများသည် နျူကလီးယားဓာတ်အားပေးစက်ရုံများထက် ဓာတ်ရောင်ခြည်ကို ပိုမိုထုတ်လုပ်သည်ဟု သိရသည်။

**❋ ၄ ဒသမ ၅ ဂရမ်ရှိသော နျူကလီးယားလောင်စာတောင့်တစ်ခုတွင် ပါဝင်သော စွမ်းအင်ပမာဏသည် ကျောက်မီးသွေး ၅၅၀ ကီလိုဂရမ်နှင့် တူညီပြီး ကျောက်မီးသွေးစက်ရုံများသည် နျူကလီးယားဓာတ်အားပေးစက်ရုံများထက် ဓာတ်ရောင်ခြည်ကို ပိုမိုထုတ်လုပ်**

**❋ ရုရှားနိုင်ငံတွင်နျူကလီးယားဓာတ်အားပေး စက်ရုံများမှထုတ်လွှတ်သော ညစ်ညမ်းမှုသည် ကုန်ထုတ်လုပ်မှုစက်ရုံအားလုံးမှ ထုတ်လွှတ်သော ညစ်ညမ်းမှုစုစုပေါင်း၏ သုည ဒသမ ၁ ရာခိုင်နှုန်းသာရှိ၍ နှစ်စဉ်ဖန်လုံအိမ်ဓာတ်ငွေ့တန်ချိန် ၁၀၉ ဒသမ ၅ သန်း ထုတ်လွှတ်မှုကို တားဆီးသည်ဟုသိရ**

## သတင်းသမားတစ်ဦး

ရုရှားနိုင်ငံတွင် နျူကလီးယားဓာတ်အားပေးစက်ရုံများမှ ထုတ်လွှတ်သော ညစ်ညမ်းမှုသည် ကုန်ထုတ်လုပ်မှုစက်ရုံအားလုံးမှ ထုတ်လွှတ်သော ညစ်ညမ်းမှုစုစုပေါင်း၏ သုည ဒသမ ၁ ရာခိုင်နှုန်းသာရှိ၍ နှစ်စဉ်ဖန်လုံအိမ်ဓာတ်ငွေ့တန်ချိန် ၁၀၉ ဒသမ ၅ သန်းထုတ်လွှတ်မှုကို တားဆီးသည်ဟု သိရသည်။

နျူကလီးယားစွမ်းအင်သည် ရေအားပြီးလျှင် ကမ္ဘာ့ဒုတိယအကြီးဆုံး ကာဗွန်ဒိုင်အောက်ဆိုက် မထုတ်လွှင့်သည့် စွမ်းအင်အရင်းအမြစ်ဖြစ်၍လည်း ယနေ့ကမ္ဘာ့နိုင်ငံပေါင်း ၃၁ နိုင်ငံတွင် နျူကလီးယားဓာတ်ပေါင်းဖို ၄၁၀ လည်ပတ်သုံးစွဲလျက်ရှိပြီး ဓာတ်ပေါင်းဖို ၅၈ ခုကို နိုင်ငံ ၁၈ နိုင်ငံတွင် ထပ်မံတည်ဆောက်နေဆဲဖြစ်ကြောင်း သိရသည်။

## ပထမဆုံး နျူကလီးယားစက်ရုံကို ရုရှားနိုင်ငံ၌ စတင်တည်ဆောက်

ပထမဆုံး နျူကလီးယားဓာတ်အားပေးစက်ရုံကို ရုရှားနိုင်ငံ၌ စတင်တည်ဆောက်ခဲ့သည်။ ၁၉၄၂ ခုနှစ်တွင် သုတေသနလေ့လာစမ်းသပ်ခဲ့ပြီး ၁၉၅၆–၁၉၅၇ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့သည်။ လက်ရှိကာလတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ လူဦးရေ ၂၀ ရာခိုင်နှုန်းမှာ နျူကလီးယားစွမ်းအင်ဓာတ်အား အကျိုးအမြတ်ကိုရရှိနေပြီး လာမည့်နှစ်တွင် ၂၅ ရာခိုင်နှုန်းအထိ အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

ယခုရက်ပိုင်းအတွင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့၌ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာစီးပွားရေးဖိုရမ် ၂၀၂၃ (SPIEF’23)တွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်က Role of the Nuclear Industry in “Achieving Technological Sovereignty and Technologies of the Future” ခေါင်းစဉ်ဖြင့် ကျင်းပသည့် မျက်နှာစုံညီအစည်းအဝေး၌ “Nuclear industry သည် သိပ္ပံပညာရပ်များတွင် တိုးတက်မှုနှင့် နည်းပညာပိုင်းဆိုင်ရာ အခက်အခဲများကို ကျော်လွှားရန်အတွက် များစွာအထောက်အကူဖြစ်စေကြောင်း၊ Nuclear Technology ကို ဓာတ်အားထုတ်လုပ်သည့် နေရာတွင်သာမက အခြားကဏ္ဍများတွင်လည်း အသုံးချဆောင်ရွက်လျက်ရှိကြောင်း၊ နျူကလီးယားဓာတ်အားပေးစက်ရုံများ၏ Safety နှင့် Efficiency တိုးတက်မြင့်မားလာမှုသည် ရေရှည်အသုံးပြုနိုင်မှုကို မြှင့်တင်ပေးသကဲ့သို့ ဆေးပညာ၊ စက်မှု၊ စိုက်ပျိုးရေးနှင့် အာကာသသို့ သွားရောက်စူးစမ်းရှာဖွေမှုစသည့် ကဏ္ဍအမျိုးမျိုးတွင်လည်း ဖွံ့ဖြိုးတိုးတက်အောင် များစွာ အထောက်အကူ ပြုလျက်ရှိကြောင်း၊ နျူကလီးယား သိပ္ပံနှင့် နည်းပညာကဏ္ဍများတွင် အသိပညာနှင့်စွမ်းဆောင်ရည်များကို လူငယ်များအား ဖြည့်ဆည်းပေးခြင်းအားဖြင့် စဉ်ဆက်မပြတ်တိုးတက်နေသည့် အနာဂတ်ဆီသို့ တက်လှမ်းနိုင်မည်ဖြစ်ကြောင်း၊ Nuclear Power ကို လက်ခံယုံကြည်ခြင်း၊ သုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံခြင်းနှင့် အနာဂတ်မျိုးဆက်သစ်ပညာရှင်များကို ပျိုးထောင်ပေးခြင်းအားဖြင့် Nuclear Industry၏ နည်းပညာဆိုင်ရာ အလားအလာများကို ဖော်ထုတ်ရယူနိုင်မည်ဖြစ်သည့်အတွက် သာယာဝပြောပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်နေသည့် Technological Sovereignty ရှိသည့် အနာဂတ်ဆီသို့ လျှောက်လှမ်းနိုင်မည်ဖြစ်ကြောင်း” ပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဏုမြူစွမ်းအင်ဦးစီးဌာနသည် နျူကလီးယားနှင့် ဓာတ်ရောင်ခြည် အသုံးချဆောင်ရွက်လျက်ရှိသော ကဏ္ဍအသီးသီးတွင်

*စာမျက်နှာ ၁၇ သို့*

# ကချင်ပြည်နယ်၌ ၂၀၂၃ ခုနှစ် မေလအထိ မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် အမှုပေါင်း ၂၄၅ မှု၊ ပြစ်မှုကျူးလွန်သူ ၃၁၀ တို့ကို အရေးယူနိုင်ခဲ့



**မြစ်ကြီးနား ဇွန် ၂၇**

(၃၆)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားနှင့် ဆုချီးမြှင့်ပွဲကို ယမန်နေ့ နံနက်ပိုင်းက ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ပြည်သူ့အားကစားကွင်းအတွင်းရှိ မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ကချင်ပြည်နယ်၌ ၂၀၂၂ ခုနှစ်အတွင်း မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့် အမှုပေါင်း ၇၆၆ မှု၊ စုစုပေါင်းတန်ဖိုးငွေကျပ် ၁၈၅၂၆ ဒသမ ၁၄၇ သန်း၊ ပြစ်မှုကျူးလွန်သူ ၉၆၆ ဦးနှင့် ၂၀၂၃ ခုနှစ် မေလအထိ မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့် အမှုပေါင်း ၂၄၅ မှု စုစုပေါင်းတန်ဖိုးငွေကျပ် ၆၈၃၈ ဒသမ ၃၃၈ သန်း၊ ပြစ်မှုကျူးလွန်သူ ၃၁၀တို့အား ဖမ်းဆီးအရေးယူနိုင်ခဲ့ကြောင်း၊ အလားတူ ၂၀၂၂–၂၀၂၃ ခုနှစ် ဘိန်းစိုက်ရာသီအတွင်း တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဌာနဆိုင်ရာများနှင့် ပြည်သူလူထုပူးပေါင်းပြီး ဘိန်းခင်း ၈၀ ဒသမ ၅ ကေကို ဖျက်ဆီးနိုင်ခဲ့ကြောင်း ပြောကြားသည်။

ထို့နောက် အခမ်းအနားတွင် ပြည်နယ်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်ကြည်လင်းက ၂၀၂၃ ခုနှစ် ဇွန်လ ၂၆ ရက်နေ့ (၃၆)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌထံမှ ပေးပို့သည့် သဝဏ်လွှာအား ဖတ်ကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက အထိမ်းအမှတ်နေ့ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့် ပန်းချီပြိုင်ပွဲ၊ ကာတွန်းပြိုင်ပွဲ၊ ပိုစတာပြိုင်ပွဲနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲများတွင် ဆုရ ကျောင်းသား ကျောင်းသူများ တစ်နှစ်တာအတွင်း မူးယစ်ဆေးဝါးများ ဖော်ထုတ်ဖမ်းဆီးရာတွင် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသူများအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။ (ဝဲပုံ)

ယင်းနောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပြခန်းငယ်အား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။ **ပြည်နယ်(ပြန်/ဆက်)**

# အုတ်တွင်းမြို့နယ်၌ ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးနေမှု လက်တွေ့သရုပ်ပြသ

**အုတ်တွင်း ဇွန် ၂၇**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် စက်မှုလယ်ယာဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်း၍ ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးနေမှုကို ဇွန် ၂၆ ရက်က ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၊ ခရိုင်စက်မှုလယ်ယာဦးစီးဌာနနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုသည်။

အုတ်တွင်းမြို့နယ် ဘုရားနှစ်ဆူကျေးရွာ ရန်ကုန်–မန္တလေးလမ်းဘေးရှိ တောင်သူဦးတင်အေး၏ မိုးစပါးစိုက်ပျိုးမည့် လယ်မြေလေးကေကို ကောက်စိုက်စက်ဖြင့် ဇန်း ၄၀၀ စိုက်ပျိုးနေမှုကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်စက်မှုလယ်ယာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုကာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေဝင်းအောင်က စိုက်ပျိုးမှုစနစ်မှန်ကန်ရေးနှင့် စပါးအထွက်နှုန်း တိုးတက်စေရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံတောင်သူများကို မှာကြားသည်။

ကောက်စိုက်စက်နှင့် စိုက်ပျိုးခြင်းဖြင့် လုပ်အားခသက်သာခြင်း၊ မျိုးစေ့ကုန်ကျမှုသက်သာခြင်း၊ အလုပ်သမား ရှာဖွေရမည့် အခက်အခဲများ လျော့ကျခြင်း၊ တွင်ကျယ်၍ ပြီးစီးမှုပိုမိုခြင်း၊ သက်သောင့်သက်သာ စိုက်ပျိုးနိုင်ခြင်း၊ ပင်ပွားနှုန်းကောင်းပြီး စပါးအထွက်နှုန်းကောင်းစေခြင်းအပြင် ကောက်စိုက်စက်ဖြင့် စိုက်ပျိုးရန်အတွက် ပျိုးထောင်ခြင်းနည်းစနစ်များဖြစ်သည့် သန့်စင်ပြီး ရောဂါကင်းသော မိမိလယ်မြေနှင့် သင့်လျော်သော မျိုးစပါးကို ရွေးချယ်သင့်ကြောင်း၊ ကောက်စိုက်စက် အသုံးပြုမည့် လယ်ကွက်သည် ရေသွင်းရေထုတ် ကောင်းမွန်ရန်နှင့် လယ်မြေမျက်နှာပြင် ညီညာမှုရှိရန် လိုအပ်ကြောင်းနှင့် ကောက်စိုက်စက်ဖြင့် စိုက်ပျိုးရာတွင် တစ်ရက်ပြီးစီးမှု ၆ ဒသမ ၅ ကေမှ ၈ ဒသမ ၅ ကေအထိ ပြီးစီးကြောင်း မြို့နယ်စက်မှုလယ်ယာဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ဟိန်းထံမှ သိရသည်။

**အေမင်းရည်စော(ပြန်/ဆက်)**

# နမ့်ဆန်မြို့နယ်၌ သဘာဝဘေးအန္တရာယ် အသိပညာပေးဟောပြော

**နမ့်ဆန် ဇွန် ၂၇**

ရှမ်းပြည်နယ် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ်၌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ သဘာဝဘေးအန္တရာယ် အသိပညာပေးဟောပြောပွဲကို ဇွန် ၂၆ ရက်က နမ့်ဆန်မြို့နယ် ဇယန်းကြီးကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဦးစီးမှူး ဦးထွန်းအောင်ဝေက ကျောင်းသား ကျောင်းသူများကို သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်သည့်အကြောင်းအရာများ၊ မုန်တိုင်းသတိပေးချက်ရလျှင် ဆောင်ရွက်ရန်အချက်များ၊ မုန်တိုင်းဖြစ်ပေါ်နေစဉ်တွင် လိုက်နာရန်အချက်များ၊ မုန်တိုင်းဖြစ်ပေါ်နေချိန်တွင် ရှောင်ရှားသင့်သည့်အချက်များ၊ မုန်တိုင်းဖြစ်ပေါ်ပြီးချိန်တွင် ပြုလုပ်ရန်အချက်များ၊ မုန်တိုင်းဖြစ်ပြီးချိန်တွင် ရှောင်ရှားသင့်သည့်အချက်များနှင့် မုန်တိုင်းအတွက်ကြိုတင်ပြင်ဆင်ရန်များကို ဟောပြောခဲ့ကြောင်း သိရသည်။

**နမ့်ဆန်ဒေသ(ပြန်/ဆက်)**

# ပွင့်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ၃၅ ခု အကောင်အထည်ဖော် ဆောင်ရွက်သွားမည်

**ပွင့်ဖြူ ဇွန် ၂၇**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ယခု ၂၀၂၃–၂၀၂၄ ဘဏ္ဍာနှစ်တွင် ဒေသဖွံ့ဖြိုးရေးအတွက် ခွင့်ပြုငွေလုံးငွေရင်းရန်ပုံငွေ ကျပ်သန်း ၂၃၈ ဒသမ ၈၀ ဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ၃၅ ခုကို အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလင်းမင်းညွန့်ထံက သိရသည်။

ပွင့်ဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၂၃ – ၂၀၂၄ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများမှာ ငွေလုံးငွေရင်းရန်ပုံငွေကျပ်သန်း ၁၂၄ ဒသမ ၁၀ဖြင့် လမ်းလုပ်ငန်း ၂၂ ခု၊ ရန်ပုံငွေကျပ်သန်း ၁၅ ဒသမ ၅၀ ဖြင့် တံတားလုပ်ငန်းငါးခု၊ ရန်ပုံငွေကျပ် ၃၅ သန်းဖြင့် ရေစီးရေလာကောင်းမွန်ရေး အရှည်ပေ ၁၂၅၀ ရေမြောင်းလုပ်ငန်းနှစ်ခု၊ ရန်ပုံငွေကျပ်သန်း ၅၇ ဒသမ ၁၀ ဖြင့် အခြားဖွံ့ဖြိုးရေးလုပ်ငန်းနှစ်ခု၊ ရန်ပုံငွေကျပ် သန်း ၇ ဒသမ ၁၀ ဖြင့် စက်ကိရိယာပစ္စည်းလုပ်ငန်းလေးခု၊ ခွင့်ပြုငွေလုံးငွေရင်း ရန်ပုံငွေကျပ်သန်း ၂၃၈ ဒသမ ၈၀ ဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ၃၅ ခုကို အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ ပွင့်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေနဲ့ မြို့ပြအင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပစေရန်အတွက် နှစ်စဉ်နှစ်တိုင်း ဌာန၏ ခွင့်ပြုရန်ပုံငွေအပေါ်မူတည်ပြီး မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ယခု ၂၀၂၃ – ၂၀၂၄ ဘဏ္ဍာနှစ်မှာလဲ ခွင့်ပြုငွေလုံးငွေရင်း ရန်ပုံငွေနဲ့ ဒေသခံပြည်သူတွေ သွားလာရေး အဆင်ပြေစေရန်အတွက် လမ်း/တံတားလုပ်ငန်းတွေ၊ ရေစီးရေလာကောင်းမွန်စေဖို့ ရေမြောင်းပြုလုပ်ခြင်းလုပ်ငန်းတွေအပါအဝင် အခြားဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးမှာဖြစ်ပါတယ်။ ယခုလက်ရှိမှာတော့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေ အမြန်ဆုံး ဖော်ဆောင်နိုင်ဖို့အတွက် ကြိုတင်ဆောင်ရွက်လို့ရတဲ့ လုပ်ငန်းတွေကို လုပ်ဆောင်နေပါတယ်"ဟု မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိက ပြောသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# အိုင်တုံချောင်းအတွင်း ငါးကောင်ရေသုံးသိန်း ငါးမျိုးစိုက်ထည့်

**ကျောက်တံခါး ဇွန် ၂၇**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်၌ ဒေသအတွင်း ငါးသယံဇာတ တိုးပွားလာစေရန်၊ ငါးရိက္ခာဖူလုံမှုရှိစေရန်နှင့် ဒေသရင်းငါးမျိုးစိတ်များ မျိုးသုဉ်းပျောက်ကွယ်မှုမှ ကာကွယ်ရန်အတွက် ညောင်လေးပင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ အိုင်တုံချောင်း သဘာဝရေပြင်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ဇွန် ၂၆ ရက်က အိုင်တုံချောင်းတံတား၌ ပြုလုပ်သည်။

အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညွန့်ဆွေနှင့် အဖွဲ့ဝင်များ၊ ငါးလုပ်ငန်းဦးစီးဌာန ခရိုင်တာဝန်ခံ ဦးထိန်ဝင်းနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ပြီး အိုင်တုံချောင်းသဘာဝရေပြင်အတွင်း နှစ်လက်မအရွယ် ငါးမြစ်ချင်း သားပေါက်ကောင်ရေ ၂၀၀၀၀၀နှင့် ငါးခုံးမကြီးသားပေါက်ကောင်ရေ ၁၀၀၀၀၀ စုစုပေါင်းကောင်ရေ ၃၀၀၀၀၀ ငါးမျိုးစိုက်ထည့်ပေးသည်။

**မြို့နယ်(ပြန်/ဆက်)**

*စာမျက်နှာ ၁၆ မှ*

ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်ရေး၊ နျူကလီးယားလုံခြုံရေးနှင့် နျူကလီးယားနည်းပညာကို ငြိမ်းချမ်းသော ရည်ရွယ်ချက်ဖြင့် အသုံးပြုနိုင်ရေး ဖွံ့ဖြိုးတိုးတက်လာစေ၍ ပြည်သူလူထု၏ လူမှုစီးပွားဘဝမြှင့်တင်ပေးရန် ရည်ရွယ်ချက်ဖြင့်လည်းကောင်း၊ နျူကလီးယားသုတေသနဗဟိုဌာနထူထောင်၍ နျူကလီးယား နည်းပညာဆိုင်ရာ သုတေသနနှင့် အသုံးချမှုလုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုတိုးမြှင့်ဆောင်ရွက်ခြင်း၊ နျူကလီးယားနှင့် ဓာတ်ရောင်ခြည်ပိုင်းဆိုင်ရာလုပ်ငန်းများကို ထိန်းကျောင်းဆောင်ရွက်မည့် ဥပဒေမူဘောင်များ အားကောင်းလာစေခြင်းနှင့် လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်ခြင်းတို့ဖြင့် နျူကလီးယားနည်းပညာကဏ္ဍ အဆင့်မြှင့်တင်ဆောင်ရွက်၍ လူမှုစီးပွားများ ဖွံ့ဖြိုးတိုးတက်စေရေး အထောက်အပံ့ဖြစ်စေရန် ရည်မှန်းချက်ပန်းတိုင် ချမှတ်၍လည်းကောင်း ဝန်ဆောင်မှုနှင့် သုတေသနလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပြည်သူလူထုကို နျူကလီးယာနည်းပညာဆိုင်ရာ အသိပညာများ တိုးပွားလာစေရေးအတွက် နျူကလီးယားနည်းပညာနှင့် သက်ဆိုင်သော အပြည်ပြည်ဆိုင်ရာ ကွန်ဖရင့်များ၊ အစည်းအဝေးများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများ၊ ဟောပြောပွဲများ၊ စာတမ်းဖတ်ပွဲများ၊ ဉာဏ်စမ်းပြိုင်ပွဲများ၊ သိပ္ပံနှင့် နည်းပညာဆိုင်ရာ ပြပွဲပြိုင်ပွဲများ ကျင်းပနိုင်ရန်နှင့် မူလတန်းအဆင့်မှသည် တက္ကသိုလ်အဆင့်အထိ ကျောင်းသား ကျောင်းသူများ၊ ကလေးသူငယ်များနှင့် မိသားစုများ၊ အများပြည်သူများ လေ့လာပါဝင်နိုင်ရန်နှင့် သိသင့်သိထိုက်သော နျူကလီးယားနည်းပညာဆိုင်ရာ ဗဟုသုတများဖြန့်ဝေပေးရန် ရန်ကုန်မြို့ လှိုင်မြို့နယ် ပါရမီလမ်းတွင် နျူကလီးယားနည်းပညာ သတင်းအချက်အလက် စင်တာကို တည်ဆောက်ဖွင့်လှစ်ခဲ့ရာ ကျောင်းသား ကျောင်းသူများ အပတ်စဉ် လာရောက်လေ့လာလျက်ရှိကြောင်း သိရသည်။

သိပ္ပံနှင့် နည်းပညာ ခေတ်ကြီးအတွင်းဝယ် မြန်မာလူငယ်တို့ နောက်ကျကျန်ရစ် မနေသင့်တော့ပါ။ စူးစမ်းခြင်း၊ လေ့လာသင်ယူခြင်း၊ တွေးတောကြံစည်ခြင်း၊ တီထွင်ကြံဆခြင်းတို့နှင့်အတူ သိပ္ပံနှင့်နည်းပညာဖြင့် လောကကောင်းကျိုး၊ နိုင်ငံ့ကောင်းကျိုးကို ရွက်ဆောင်နိုင်ပါစေသတည်း။ ။

# မိုးရာသီ အောင်မင်္ဂလာအဝေးပြေးနှင့် ဒဂုံရောအဝေးပြေးတို့တွင် တစ်ရက်လျှင် ခရီးသွား ၉၀၀၀ ခန့်အား ခရီးသွားဝန်ဆောင်မှုပေးနေ

**ရန်ကုန် ဇွန် ၂၇**

အောက်မြန်မာပြည်မှ တိုင်းဒေသကြီးနှင့်ပြည်နယ်များသို့ ခရီးသွားဝန်ဆောင်မှုပေးနေသည့်အောင်မင်္ဂလာအဝေးပြေးနှင့် ဒဂုံရောအဝေးပြေးတို့တွင် မိုးရာသီ၌ တစ်ရက်လျှင် ခရီးသွား ၉၀၀၀ ခန့်အား ဝန်ဆောင်မှုပေးနေကြောင်း အောင်မင်္ဂလာအဝေးပြေး YRTC ရုံးမှ သိရသည်။

ရန်ကုန်မြို့၏ ခရီးသွားအမြင့်ဆုံးအချိန်သည် သင်္ကြန်ရုံးပိတ်ရက်ကာလဖြစ်ပြီး တစ်ရက်လျှင် ခရီးသွား ၂၀၀၀၀ ခန့် ခရီးသွားလာခဲ့ကြပြီး မေလတွင် ယာဉ်ရပ်နားစခန်းနှစ်ခုမှ တစ်ရက်လျှင် ခရီးသွား၁၃၀၀၀ခန့် ခရီးသွားလာခဲ့သည်။ မိုးရာသီ ဇွန်လပထမပတ်၌ တစ်နေ့လျှင် ခရီးသွား ၁၁၀၀၀ ကျော်အထိ ခရီးသွားလာခဲ့ကြပြီး နောက်ဆုံးပတ်၌ တစ်ရက်လျှင် ခရီးသွား ၉၀၀၀ ခန့်ဖြင့် ခရီးသွားလာလျက်ရှိသည်။

**ပုံမှန်ဈေးနှုန်းအတိုင်းရောင်းချပေး**

ယခုလတွင် ရန်ကုန်မြို့၌ မိုးများခြင်းကြောင့် အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်းမှ ခရီးသွား ၈၀၀၀ ခန့်၊ ဒဂုံ–ရော အဝေးပြေးယာဉ်ရပ်နားစခန်းမှ ခရီးသွား ၁၀၀၀ ခန့်ဖြင့် ခရီးသွားလာလျက်ရှိပြီး ပို့ဆောင်ရေးယာဉ်များ ခရီးသည်တိုးမြှင့်လာပါက ဝန်ဆောင်မှုပေးရန်အသင့်ရှိနေကြောင်း၊ ယာဉ်စီးခကို လက်ရှိပုံမှန်ဈေးနှုန်းအတိုင်း ခရီးသွားကျေနပ်မှုနှင့်အညီ ရောင်းချပေးလျက်ရှိပြီး အဆင်ပြေမှုမရှိပါက အောင်မင်္ဂလာအဝေးပြေး YRTC ရုံးမှ ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကိုဗစ်–၁၉ ရောဂါထိန်းချုပ်ဆောင်ရွက်မှုနှင့် ယာဉ်ရပ်နားဝင်းအတွင်း ခရီးသွားများလုံခြုံရေးကို အစဉ်မပြတ်ဆောင်ရွက်နေကြောင်း သိရသည်။

အောင်မင်္ဂလာ အဝေးပြေးယာဉ်ရပ်နားစခန်းတွင် ယာဉ်လိုင်းပေါင်း ၂၃၈ လိုင်းနှင့် ယာဉ်အစီးရေပေါင်း ၂၀၇၀၊ ဒဂုံ–ရောအဝေးပြေးတွင် ယာဉ်လိုင်းပေါင်း ၇၅ လိုင်းမှ ယာဉ်အစီးရေ ၂၀၉ စီးဖြင့် ပြေးဆွဲလျက်ရှိပြီး ဇွန်လနောက်ဆုံးပတ်တွင် အောင်မင်္ဂလာအဝေးပြေး၌ ယာဉ်လိုင်းပေါင်း ၁၃၈ လိုင်းမှ အစီးရေ ၄၃၆ စီးဖြင့် ခရီးသွား ၇၆၁၄ ဦး၊ ဒဂုံ – ရော အဝေးပြေးယာဉ်ရပ်နားစခန်း၌ ယာဉ်လိုင်းပေါင်း ၇၅ လိုင်းမှ ယာဉ်အစီးရေ ၂၀၉ စီးဖြင့် ၂၀၄၇ ဦးတို့ကို ခရီးသွားအတက်/အကျပေါ်မူတည်၍ ဝန်ဆောင်မှုပေးခဲ့ပြီး ရုံးပိတ်ရက်တို့တွင် ခရီးသွားအနည်းငယ် မြင့်တက်လေ့ရှိကြောင်း သိရသည်။

**ပုံမှန်နှုန်းထားထက်ပိုပြီးမယူဖို့**

“ရန်ကုန်မြို့ အောင်မင်္ဂလာအဝေးပြေးကနေ နေပြည်တော်၊ မန္တလေး၊ တောင်ကြီး၊ မော်လမြိုင်၊ မြဝတီကို ခရီးသွားအများဆုံး ပို့ဆောင်နေတယ်။ ကလေး၊ တမူး ပြေးဆွဲမှုတော့ မရှိဘူး။ လားရှိုး၊ မူဆယ်ကတော့ ခရီးသည်နည်းသွားတယ်။ တိုင်းနဲ့ပြည်နယ် အားလုံးကို အနည်းနဲ့အများ ပြေးဆွဲနေပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနက ချမှတ်ထားတဲ့ စည်းကမ်းကိုလိုက်နာဖို့၊ မှတ်ပုံတင်မပါရင် လက်မှတ်မရောင်းဖို့၊ လမ်းမှာ ခရီးသည်မတင်ဖို့ ယာဉ်လိုင်းတွေကို အသိပေးနှိုးဆော်ထားပါတယ်။ ယာဉ်စီးလက်မှတ်ကို သတ်မှတ်ပုံမှန်နှုန်းထားထက်ပိုပြီးမယူဖို့ အကြိမ်ကြိမ်နှိုးဆော်ထားပါတယ်။ ခရီးသည် မကျေနပ်ရင် ရုံးကိုလာရောက်ပြောကြားပါ၊ ချက်ချင်းအရေးယူပြီး ဖြေရှင်းဆောင်ရွက်ပေးပါတယ်။ အောင်မင်္ဂလာကားဝင်းမှာ ပူးပေါင်းအဖွဲ့အင်အား ၂၀ နဲ့ ယာဉ်စည်းကမ်းလိုက်နာမှုမရှိတဲ့ ယာဉ်အစီးရေ ၂၀၀၀ ကျော်ကိုအရေးယူဆောင်ရွက်ထားပါတယ်။ ခရီးသွားပြည်သူတွေ စိတ်အေးချမ်းစွာ သွားလာနိုင်အောင်ဆောင်ရွက်နေပါတယ်။ ဒီလ နောက်ဆုံးပတ်မှာ မိုးများတဲ့အတွက် အဝေးပြေးကွင်း နှစ်ခုပေါင်း တစ်ရက်ကို ခရီးသွား ၉၀၀၀ ခန့်ကို ဝန်ဆောင်မှုပေးနေပါတယ်” ဟု အောင်မင်္ဂလာအဝေးပြေး ယာဉ်ရပ်နားစခန်းမှ YRTC ကော်မတီဝင် ဦးဘမြင့်က ပြောသည်။



မြန်မာပြည်၏ စီးပွားရေးမြို့တော်ဖြစ်သော ရန်ကုန်မြို့မှ တိုင်းဒေသကြီးနှင့်ပြည်နယ်များသို့ အများပြည်သူ ခရီးသွားလာမှု အဆင်ပြေချောမွေ့စေရန် အောင်မင်္ဂလာအဝေးပြေး ယာဉ်ရပ်နားစခန်းမှ ဝန်ဆောင်မှုပေးလျက်ရှိပြီး ရောဝတီတိုင်းဒေသကြီး မြစ်ဝကျွန်းပေါ်ရှိ မြို့နယ်များသို့ လှိုင်သာယာမြို့နယ် ဒဂုံရောအဝေးပြေး ယာဉ်ရပ်နားစခန်းမှ ခရီးသွားများကို နေ့စဉ်ဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရသည်။

**သတင်း၊ ဓာတ်ပုံ – အီသန်**

## သိန္နီမြို့နယ်၌ မော်တော်ယာဉ်မှ အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးရှိ ဓာတ်တိုင်ကို ဝင်ရောက်တိုက်မိ၍ သုံးဦး သေဆုံးပြီး တစ်ဦး ဒဏ်ရာရရှိ

**နေပြည်တော် ဇွန် ၂၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သိန္နီမြို့နယ်၌ ဇွန် ၂၆ ရက်က မော်တော်ယာဉ် အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးရှိ ဓာတ်တိုင်ကို ဝင်ရောက်တိုက်မိ၍ သုံးဦးသေဆုံး၊ တစ်ဦး ဒဏ်ရာရရှိခဲ့သည်။

ဇွန် ၂၆ ရက် မွန်းလွဲ ၂ နာရီခန့်က သိန္နီမြို့နယ် နောင်မောင်းကျေးရွာအနီး သိန္နီ–ကွမ်းလုံသွား ကားလမ်းမကြီးဘေး မိုင်တိုင်အမှတ် ၁၀ မိုင် လေးဖာလုံနှင့် ငါးဖာလုံကြားတွင် ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ နမ့်စလပ်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ သိန္နီမြို့ဘက်မှ ကွမ်းလုံမြို့ဘက်သို့ လားရှိုးမြို့ ရပ်ကွက်(၅)နေ ညီပန်း(၅၀)နှစ် မောင်းနှင်ပြီး တစ်ရပ်ကွက်တည်းနေ ဦးဆွေ့စော (၄၅) နှစ်၊ မုံးစီးမြို့နယ် နမ့်ခမ်းကျေးရွာနေ မမေရီကြီးအောင် (၂၀)နှစ်နှင့် ကလေးမြို့နယ် ပခန်းကြီးကျေးရွာနေ မယုယုနှင်း(၂၄)နှစ်တို့ သုံးဦးလိုက်ပါလာသည့် MDY 1K/xxxx WISH မော်တော်ယာဉ်သည် အခင်းဖြစ်နေရာအရောက် အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက်ဘေးရှိ ဓာတ်တိုင်ကို ဝင်ရောက်တိုက်မိခဲ့ရာ ဦးဆွေ့စော၊ မမေရီကြီးအောင်နှင့် မယုယုနှင်းတို့တွင် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားပြီး ညီပန်းတွင် ဒဏ်ရာများရရှိခဲ့သောကြောင့် ညီပန်းအား နမ့်စလပ်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

**(ရဲပြန်ကြား)**

## လုပ်ငန်းခွင်ပြင်ပ မတော်တဆထိခိုက်ဒဏ်ရာရ သေဆုံးမှုအတွက် ကျန်ရစ်သူအကျိုးခံစားခွင့်ထုတ်ပေး

**နေပြည်တော် ဇွန် ၂၇**

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့မှ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ လုပ်ငန်းခွင်ပြင်ပ မတော်တဆထိခိုက်ဒဏ်ရာရ၍ သေဆုံးမှုအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ငွေလုံးငွေရင်းထုတ်ပေးခြင်းကို ယနေ့နံနက်ပိုင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်ပျဉ်းမနားမြို့နယ် မြန်မာ့သစ်လုပ်ငန်းရုံးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုနယ်မြေလူမှုဖူလုံရေးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခိုင်ခိုင်အောင်က ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေအကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လက်ထောက်ညွှန်ကြားရေးမှူးက ပျဉ်းမနားမြို့နယ် လူမှုဖူလုံရေးရုံး၌ အကျုံးဝင်မှတ်ပုံတင်ထားသော မြန်မာ့သစ်လုပ်ငန်း၊ သစ်ထုတ်ရေးဌာန ဒုတိယအထွေထွေမန်နေဂျာရုံးမှ အာမခံအလုပ်သမား ဦးအောင်မျိုးသူ၏ အလုပ်ဌာနမှအပြန် ဆိုင်ကယ်မတော်တဆမှုကြောင့် ထိခိုက်သေဆုံးခဲ့မှုအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ခွင့်ပြုငွေကျပ် ၄၃၂၀၀၀၀ ကို မိသားစုဝင်များအား ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နေပြည်တော်အဆင့် မိတ်ဖက်ပေါင်းစပ်အဖွဲ့ဝင်များ ရှေ့မှောက်တွင် ထုတ်ပေးခဲ့ကြောင်း သိရသည်။

**ဇော်ဟိန်း**




မြန်မာ့အလင်း

| | |
|---|---|
| စာတည်းမှူးချုပ် | – အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | – မြင့်စိုး |
| သတင်းထောက်မှူး | – ခင်ရတနာ |
| စာတည်းများ | – ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန် စာတည်း | – ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | – ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်း သတင်းထောက်များ | – ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| ဓာတ်ပုံ သတင်းထောက် | – တင်စိုး |
| သုတေသန | – အိအိခင်နှင့် အဖွဲ့ |
| စာပြင် | – အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | – သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | – သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | – (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | – (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်–စာတည်းမှူး ၀၆၇–၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇–၃၆၁၄၅၊ ဖက်စ် ၀၆၇–၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ– အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်–၄၀၊ စာတည်းအဖွဲ့ ၀၁–၅၄၄၃၀၉၊ မန်နေဂျာ ၀၁–၅၄၄၃၁၄၊ စီမံ ၀၁–၅၄၄၃၁၅၊ ငွေစာရင်း ၀၁–၅၄၄၃၁၆၊ ကြော်ငြာ ၀၁–၅၄၅၈၃၄၊ ၀၁– ၅၅၉၁၁၈၊ Fax ၀၁–၅၄၆၂၂၁၊ ၀၆၇–၃၆၁၄၈၊ ဖြန့်ချိရေး ၀၁–၅၄၄၃၁၇၊ Fax ၀၁–၈၆၀၄၅၄၆။


MYANMAR Digital News

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၇ – ၆ – ၂၀၂၃

**စက်သုံးဆီ(လက်လီဈေးနှုန်းများ)**

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၉၂၅ ကျပ် | ၁၉၇၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၀၀၅ ကျပ် | ၂၀၅၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၉၄၅ ကျပ် | ၁၉၉၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၀၄၀ ကျပ် | ၂၀၉၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၀၀၀ | ၈၀၀၀ | ၁၀ | ၈၀၀၀၀ |
| MTSH | ၂၉၀၀ | ၂၉၀၀ | ၁၀၈၈ | ၃၁၅၅၂၀၀ |
| MCB | ၇၂၀၀ | ၇၂၀၀ | ၁၈၉ | ၁၃၆၀၈၀၀ |
| FPB | ၁၅၀၀ | ၁၅၀၀ | ၁၁၀၈၇ | ၁၆၁၃၀၅၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၂၅၀၀ | ၂၅၀၀ | ၁ | ၂၅၀၀ |
| AHPC | ၄၈၀၀ | ၄၈၀၀ | ၂၂၉ | ၁၀၉၉၂၀၀ |

ညီညီ – စုစည်းသည်

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာနံ့စေတီ(၁၂ × ၁၂ × ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၅၉ သိန်း



မုစလိန္ဒကန်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာနံ့စေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် မြန်မာအဓိပ္ပါယ် ၂ ချပ်) | ၂၅၉.၀၀ | ၇,၂၀ ဆူ | ၇,၂၀ ဆူ | - |
| ၂။ | သာသနာ့ဗိမာန်တော်(ဒိမ်းတော်ကြီး)(၂၈၀× ၂၈၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၃,၂၉၇ သိန်း | ၄၆၇၀၃ သိန်း |
| ၃။ | ဘုရားမုခ်(၅၄×၃၀×၇၂)ပေ | ၂၉၇၀.၀၀ | ၆ | ၅ | ၁ |
| ၄။ | ဆင်ဖုံကန်(၄၈× ၂၄× ၂၉)ပေ | ၄၈၁၀.၀၀ | ၁ | - | ၁ |
| ၅။ | မော်ကွန်းတိုင်(၇၂×၃၀×၇၂)ပေ | ၈၀၇၉ | ၁ | ၁ | - |
| ၆။ | အဝင်မုခ်ဦး(အနောက်ဘက်) | ၂၈၆၅ | ၁ | ၁ | - |
| ၇။ | ရွေ့လျားစက်လှေကား(Walking Escalator) | | | | |
| | (က) Acrylic အမိုးအကာလုပ်ငန်း | ၂,၂၇၀.၅၅ | ၂ | - | ၂ |
| | (ခ) Civil Work လုပ်ငန်း | ၁၆၄၂.၁၅ | ၂ | - | ၂ |
| ၈။ | ရေပန်းအလှ(အချင်း ၁၅ ပေ အမြင့် ၉ ပေ) | ၈၀၅.၀၀ | ၁၈ ခု | ၄ ခု | ၁၄ ခု |
| ၉။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၅၉၄.၀၀ | ၉ တိုင် | ၆ တိုင် | ၃ တိုင် |
| ၁၀။ | မဟာရံတံတိုင်းအတွင်းရှိထိုင်ခုံ(၁၀ ပေ ၁ ခုံ) | ၇၂.၀၀ | ၂၀၀ ခုံ | ၁၅ ခုံ | ၁၈၅ ခုံ |
| ၁၁။ | မြန်မာ့ရှေးဟောင်းလက်ရာထိုင်ခုံ ၂၇ ပေခုံ | ၃၀.၀၀ | ၄၇၅ ခုံ | ၉၈ ခုံ | ၃၇၇ ခုံ |
| ၁၂။ | မဟာရံတံတိုင်းရှိ ဆောင်းတိုင်(ကျောက်မြန်မာ့ပုံ) | ၇၂.၀၀ | ၅၀ တိုင် | ၂ တိုင် | ၄၈ တိုင် |
| ၁၃။ | လမ်းမီးတိုင်(၆ မီတာ) ၁ တိုင်လျှင် | ၁၆.၈၅ | ၂၀၈ တိုင် | - | ၂၀၈ တိုင် |
| ၁၄။ | Garden Light (၄ မီတာ) ၁ တိုင်လျှင် | ၁၉.၀၀ | ၃၆၆ တိုင် | ၁၀ တိုင် | ၃၅၆ တိုင် |
| ၁၅။ | မဟာရံတံတိုင်း ခြင်္သေ့ရုပ်ကျောက်ဆစ်လုပ်ငန်း(ကျောက်မြန်မာ့ပုံ) | ၇.၀၀ | ၆၅၂ ခု | ၁၅၆ ခု | ၄၉၆ ခု |
| ၁၆။ | ကျောက်ကျောက်ပြား ၁ ကျင်းနှုန်း | ၈.၅၀ | ၇၅၇၈.၁၅ ကျင်း | ၅၀ ကျင်း | ၇၅,၂၈.၁၅ ကျင်း |
| ၁၇။ | မဟာရံတံတိုင်း(အင်္ဂတေမြန်မာ့) | ၄.၅၀ | ၂၁၈.၁၄ ကျင်း | ၂၉ ကျင်း | ၁၈၉.၁၄ ကျင်း |
| ၁၈။ | ကွန်ကရစ် ၈ လက်မလမ်းခင်းခြင်း | ၆.၅၀ | ၈၄၇၃ ကျင်း | ၁၉ ကျင်း | ၈၄၅၄ ကျင်း |
| ၁၉။ | မုစလိန္ဒကန် | ၂,၂၇၀၀.၀၂ | ၁ | ၈၅၉၉ သိန်း | ၁၃၇၀၀.၀၂ သိန်း |
| | (က) မုစလိန္ဒကန်ရေကန်လုပ်ငန်း | ၆၇၁၀.၅၉ | ၁ | - | ၁ |
| | (ခ) မုစလိန္ဒကန်အဝင်မုခ်ဦးတည်ဆောက်ခြင်း | ၃၆၀၈.၃၆ | ၁ | - | ၁ |
| | (ဂ) မုစလိန္ဒကန်အတွင်းအပြင်ပတ်လည်ရေပြင်ကျောက်ပြားခင်းလှေကားများပြုလုပ်ခြင်း | | | | |
| | ၁။ အရှေ့ဘက်အခြမ်း(၇၉၉၉ ပေ) | ၁၇၁၀.၈၅ | ၁ | - | ၁ |
| | ၂။ အနောက်ဘက်အခြမ်း(၇၉၉၉ ပေ) | ၁၇၁၀.၈၅ | ၁ | - | ၁ |
| | ၃။ တောင်ဘက်ရေပြင်(၆၄၈၂ ပေ) | ၁၅၉၄.၂၆ | ၁ | - | ၁ |
| | ၄။ မြောက်ဘက်ရေပြင်(၅၅၅၂ ပေ) | ၂,၂၅၈.၄၀ | ၁ | - | ၁ |
| | (ဃ) ကျောက်ကျောက်ပြားခင်းခြင်း(၁၁၇၄.၆၅ ကျင်း) | ၈.၅၀ | ၁၁၇၄.၆၅ | - | ၁၁၇၄.၆၅ |
| | (င) ရေကန်ပတ်လည် ကနုတ်သံပန်းလက်ရန်းတပ်ဆင်ခြင်း | ၂၁၉.၂၀ | ၅၇ | - | ၅၇ |
| | (စ) အတွင်း/အပြင် မီးနှင့်အမြင်ရေဆောက်လုပ်ခြင်း | | | | |
| | ၁။ အတွင်း/အပြင် မီးဆောက်လုပ်ခြင်း | ၅၇၀.၀၀ | ၁ | - | ၁ |
| | ၂။ အမြင်ရေဆောက်လုပ်ခြင်း | ၇,၂၀.၀၀ | ၁ | - | ၁ |
| ၂၀။ | ရေချိုးဆိပ်နှိမ့်ခုံ(၁၂ ပေ × ၁၇၆ ပေ) | ၂၅၉.၀၀ | ၇,၂၇ ခု | ၇ ခု | ၇,၂၀ ခု |
| ၂၁။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် မြန်မာအဓိပ္ပါယ် ၂ မျက်နှာစီပါ)(Creamy Paper) လှူဒါန်းနိုင်ရေး[၅၀ ကျမ်း(၁၀၀ အုပ်)]တစ်စုံလျှင် | ၁၂.၀၀ | ၁၀၀၀ စုံ | ၆၀၂ စုံ | ၃၉၈ စုံ |
| ၂၂။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် မြန်မာအဓိပ္ပါယ် ၂ မျက်နှာစီပါ)(Bible Paper) လှူဒါန်းနိုင်ရေး[၅၀ ကျမ်း(၁၀၀ အုပ်)]တစ်စုံလျှင် | ၂၀.၀၀ | ၅၀၀ စုံ | ၂၈၄ စုံ | ၂၁၆ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၀** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

(က) **ဒုတိယဗိုလ်မှူးကြီးအောင်ကျော်စော** **၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

(ခ) **ဒေါ်အေးအေးကြည်** **၀၉-၄၂၉၃၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ကျန်းမာရေးဝန်ကြီးဌာန
# ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
# ဆေးဝါးတက္ကသိုလ်၊ မန္တလေး
# မန္တလေးမြို့

ရက်စွဲ-၂၀၂၃၊ ၆ လ၊ ၂၆ ရက်

## ဆေးဝါးသိပ္ပံဘွဲ့လွန်သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၂၄-ပညာသင်နှစ်အတွက် ဆေးဝါးတက္ကသိုလ်၊ မန္တလေး၌ ဖွင့်လှစ်မည့် အောက်ဖော်ပြပါ ဆေးဝါးမဟာသိပ္ပံ(M.Pharm)သင်တန်းများနှင့် ဆေးဝါးသိပ္ပံပါရဂူဘွဲ့ (Ph.D) သင်တန်းများသို့ သတ်မှတ်အရည်အချင်းများနှင့် ပြည့်စုံသူ နိုင်ငံ့ဝန်ထမ်းများ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်-

**ဆေးဝါးမဟာသိပ္ပံ(M.Pharm)သင်တန်းများ**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (က) | ဆေးဝါးမဟာသိပ္ပံဘွဲ့(ပရဆေးဗေဒ) (M.Pharm) (Pharmacognosy) | (၂) နှစ် |
| (ခ) | ဆေးဝါးမဟာသိပ္ပံဘွဲ့(ဆေးဝါးဘက်ဆိုင်ရာဓာတုဗေဒ) (M.Pharm) (Pharmaceutical Chemistry) | (၂) နှစ် |
| (ဂ) | ဆေးဝါးမဟာသိပ္ပံဘွဲ့(ဆေးဝါးဖော်စပ်ရေးဗေဒ) (M.Pharm) (Pharmaceutics) | (၂) နှစ် |
| (ဃ) | ဆေးဝါးမဟာသိပ္ပံဘွဲ့(ဆေးလက်တွေ့ဆေးဝါးသိပ္ပံ) (M.Pharm) (Clinical Pharmacy) | (၃) နှစ် |

**ဆေးဝါးသိပ္ပံပါရဂူဘွဲ့(Ph.D)သင်တန်းများ**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (က) | ဆေးဝါးသိပ္ပံပါရဂူဘွဲ့(ပရဆေးဗေဒ) (Ph.D) (Pharmacognosy) | (၃) နှစ် |
| (ခ) | ဆေးဝါးသိပ္ပံပါရဂူဘွဲ့(ဆေးဝါးဘက်ဆိုင်ရာဓာတုဗေဒ) (Ph.D) (Pharmaceutical Chemistry) | (၃) နှစ် |
| (ဂ) | ဆေးဝါးသိပ္ပံပါရဂူဘွဲ့(ဆေးဝါးဖော်စပ်ရေးဗေဒ) (Ph.D) (Pharmaceutics) | (၃) နှစ် |
| (ဃ) | ဆေးဝါးသိပ္ပံပါရဂူဘွဲ့(ဆေးလက်တွေ့ဆေးဝါးသိပ္ပံ) (Ph.D) (Clinical Pharmacy) | (၃) နှစ် |

**၂။ လိုအပ်သောအရည်အချင်းများ**

**(က) ဆေးဝါးမဟာသိပ္ပံ(M.Pharm)သင်တန်းများ**

(၁) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသားဖြစ်ရမည်။

(၂) ဆေးဝါးသိပ္ပံဘွဲ့(B.Pharm) ရရှိပြီး သူဖြစ်ရမည်။

(၃) လျှောက်လွှာပိတ်သည့်ရက်တွင် လုပ်ငန်းစတင်ဝင်ရောက်သည့်နေ့မှစ၍ ခွင့်ရက်မပါ အနည်းဆုံး လုပ်သက်(၁)နှစ် ပြည့်ပြီးသူ နိုင်ငံ့ဝန်ထမ်းဖြစ်ရမည်။

(၄) လျှောက်လွှာပိတ်သည့်နေ့တွင် အသက်(၄၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(၅) ဆေးဝါးမဟာသိပ္ပံဘွဲ့ရရှိပြီးနောက် အနည်းဆုံး(၅)နှစ် နိုင်ငံ့ဝန်ထမ်းအဖြစ် ဆက်လက် တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

(၆) သတ်မှတ်ထားသော သင်တန်းကာလကိုအချိန်ပြည့် တက်ရောက်နိုင်သူဖြစ်ရမည်။

**(ခ) ဆေးဝါးသိပ္ပံပါရဂူဘွဲ့(Ph.D)သင်တန်းများ**

(၁) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသားဖြစ်ရမည်။

(၂) ဆေးဝါးမဟာသိပ္ပံဘွဲ့ (M.Pharm) ရရှိပြီးသူဖြစ်ရမည်။

(၃) လျှောက်လွှာပိတ်သည့်ရက်တွင် ဆေးဝါးမဟာသိပ္ပံဘွဲ့ရရှိပြီးနောက်ခွင့်ရက်မပါ အနည်းဆုံး လုပ်သက်(၂)နှစ်ရှိသူ နိုင်ငံ့ဝန်ထမ်းဖြစ်ရမည်။

(၄) လျှောက်လွှာပိတ်သည့်နေ့တွင် အသက်(၅၂)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(၅) ပြည်ပ၌ မိမိအစီအစဉ်ဖြင့် ဘွဲ့လွန်ရရှိပြီးမှ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ပြီး ဆေးဝါးသိပ္ပံပါရဂူဘွဲ့ သင်တန်းများသို့ လျှောက်ထားသူများသည် လျှောက်လွှာပိတ်သည့်ရက်တွင် လုပ်ငန်းစတင်ဝင်ရောက်သည့်နေ့မှစ၍ ခွင့်ရက်မပါ စုစုပေါင်းလုပ်သက် (၄) နှစ် ရှိသူဖြစ်ရမည်။

(၆) ပါရဂူဘွဲ့ရရှိပြီးနောက် အနည်းဆုံး(၅)နှစ် နိုင်ငံ့ဝန်ထမ်းအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

**၃။ လျှောက်လွှာတွင် အောက်ပါအချက်များကို ပြည့်စုံမှန်ကန်စွာ ဖော်ပြပါရှိရမည်-**

(က) အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၊ လက်ရှိရာထူး/ဌာန ၊ အမြဲတမ်းလိပ်စာနှင့် ဖုန်းနံပါတ်၊ ဆက်သွယ်ရန်လိပ်စာနှင့် ဖုန်းနံပါတ်၊

(ခ) အဘအမည်၊

(ဂ) နိုင်ငံ့ဝန်ထမ်းအဖြစ် စတင်ထမ်းဆောင်သည့် နေ့ရက်/ လ/ ခုနှစ်နှင့် အမှုထမ်းသက်၊

(ဃ) အသက်နှင့် မွေးသက္ကရာဇ်၊( အသက်ထောက်ခံစာတင်ပြရမည်)

(င) ပညာအရည်အချင်း

(စ) တက်ရောက်လိုသည့်သင်တန်း(အတိအကျ ဖော်ပြရန်)

(ဆ) အမှုထမ်းသက် မှတ်တမ်းအပြည့်အစုံ (ခက်ခဲဒေသတွင် တာဝန်ထမ်းဆောင်ခဲ့ပါက၊ ဌာနဆိုင်ရာထောက်ခံစာနှင့်အတူ တပါတည်း တင်ပြရမည်။)

(ဇ) ပြည်တွင်း/ ပြည်ပ ဘွဲ့လွန်သင်တန်းတစ်ခုခု တက်ရောက်ရန် ရွေးချယ်ခံရဖူးခြင်း ရှိ/မရှိ ဖော်ပြရန်။

၄။ လျှောက်လွှာနှင့်အတူ အောက်ပါတို့ကို ပူးတွဲပေးပို့ရမည်-

(က) လျှောက်လွှာတွင် ဖော်ပြထားရှိသည့် အချက်အလက်များသည် မှန်ကန်မှုရှိပါကြောင်း ကိုယ်တိုင်လက်မှတ်ရေးထိုးထားသော ခံဝန်ချက်၊

(ခ) ဆေးဝါးမဟာသိပ္ပံဘွဲ့သင်တန်းအတွက် ဆေးဝါးသိပ္ပံဘွဲ့လက်မှတ်မိတ္တူနှင့် အမှတ်စာရင်း (Grading Certificate) (မိတ္တူ)၊

(ဂ) ဓါတ်ပုံ(၃)ပုံ(လိုင်စင်ဓါတ်ပုံ)၊

(ဃ) အသက်ထောက်ခံစာ (သို့မဟုတ်) တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်(မိတ္တူ)

(င) ဆေးဝါးတက္ကသိုလ်၊ မန္တလေး၏ မြန်မာ့စီးပွားရေးဘဏ်(၂)၊ မန္တလေးတွင် ဖွင့်လှစ်ထား သော ငွေစာရင်းအမှတ်(MD-013006 ) သို့ ဆေးဝါးသိပ္ပံဘွဲ့လွန်သင်တန်း ဝင်ခွင့်စာမေးပွဲကြေး ကျပ်-၁၀၀၀/-(ကျပ်တစ်ထောင်တိတိ)ကို ပေးသွင်းထားသည့် ချလန်မူရင်း (၁)စောင်၊

(မှတ်ချက်။ မြို့နယ်မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲများမှတစ်ဆင့် မြန်မာ့စီးပွားရေးဘဏ်(၂)၊ မန္တလေးမြို့တွင် ဆေးဝါးတက္ကသိုလ်၊ မန္တလေး၏ ငွေစာရင်းအမှတ် (MD-013006) သို့ လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်း ပေးသွင်းနိုင်ပါသည်။

၅။ လျှောက်လွှာကို သက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး (ညွှန်ကြားရေးမှူးချုပ်/ဦးဆောင်ညွှန်ကြားရေးမှူး) မှတစ်ဆင့် လျှောက်ထားရမည်ဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းဖြစ်ကြောင်း သက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး၏ထောက်ခံချက်ပါရှိရမည်။ သတ်မှတ်ချက်အတိုင်း လျှောက်ထားခြင်းမရှိသည့် လျှောက်လွှာများနှင့် သတ်မှတ်ရက်ကျော်လွန်ရောက်ရှိလာသော လျှောက်လွှာများကို လုံးဝထည့်သွင်း စဉ်းစားမည်မဟုတ်ပါ။

၆။ ကြိုတင်လျှောက်လွှာမိတ္တူတစ်စောင်ကို ငွေသွင်းချလန်မူရင်းနှင့်တကွ ပါမောက္ခချုပ်၊ ဆေးဝါးတက္ကသိုလ်မန္တလေးသို့ လိပ်မူ၍ မပျက်မကွက်ပေးပို့ လျှောက်ထားရမည်။

၇။ လျှောက်လွှာ ပိတ်ရက်မှာ (၄-၈-၂၀၂၃) ရက် (သောကြာနေ့) ညနေ(၄:၃၀) နာရီ ဖြစ်ပါသည်။

၈။ သင်တန်းဝင်ခွင့်အတွက် ရေးဖြေ၊ နှုတ်မေးစာမေးပွဲများဖြင့် စစ်ဆေး ရွေးချယ်ပါမည်။

**ဝင်ခွင့်ရေးဖြေစစ်ဆေးမည့်ရက်မှာ**

(က)ဆေးဝါးသိပ္ပံပါရဂူဘွဲ့သင်တန်း - (၅-၁၀-၂၀၂၃)ရက် နေ့လည်(၁:၀၀)နာရီ မှ (၄:၀၀)နာရီ

(ဘာသာရပ်ဆိုင်ရာကျွမ်းကျင်မှု) (Essay Type)

(ခ) ဆေးဝါးမဟာသိပ္ပံသင်တန်း - (၆-၁၀-၂၀၂၃)ရက် နေ့လည်(၁:၀၀)နာရီ မှ (၃:၀၀)နာရီ

(ဘာသာရပ်ဆိုင်ရာကျွမ်းကျင်မှု) (MCQ)

အင်္ဂလိပ်စာမေးခွန်း စစ်ဆေးခြင်းမပြုဘဲ သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း တက္ကသိုလ်၌ တစ်နှစ်လျှင်(၂)ကြိမ် စစ်ဆေးမည့် အင်္ဂလိပ်စာဘာသာရပ်စာမေးပွဲကို ဖြေဆိုရမည်ဖြစ်သည်။

**လူတွေ့/ နှုတ်မေးစစ်ဆေးခြင်း**

လူတွေ့/ နှုတ်မေးစစ်ဆေးမည့်ရက်ကို လူတွေ့/ နှုတ်မေးဖြေဆိုခွင့် ရရှိသူစာရင်း ထုတ်ပြန်ကြေညာသည့် အခါတွင် ဖော်ပြပါမည်။

၉။ သင်တန်းတက်ရောက်ရန်ရွေးချယ်ခံရပြီးမှ သင်တန်းတက်ရောက်ရန် ပျက်ကွက်လျှင် နောင်ပညာသင်နှစ် (၂)နှစ်၊ ပြည်တွင်း/ ပြည်ပ ဘွဲ့လွန်သင်တန်းများသို့ လျှောက်ထားခွင့်မရှိပါ။

၁၀။ သင်တန်းတက်ရောက်ရန်ရွေးချယ်ခံရပြီး၊ တက်ခွင့်ရစာရင်း ထုတ်ပြန်ပြီးမှ သင်တန်းကို မတက်ရောက်လျှင်ဖြစ်စေ၊(မှတ်ပုံတင်ခြင်းပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ) သင်တန်းကို ပြီးဆုံးအောင်မတက်ရောက်လျှင်ဖြစ်စေ၊ သင်တန်းအောင်မြင်ပြီးနောက် သတ်မှတ်ထားသည့်ကာလအတိုင်း နိုင်ငံ့တာဝန်ကို မထမ်းဆောင်လျှင်ဖြစ်စေ သတ်မှတ်ထားသော လျော်ကြေးငွေကို ပေးလျော်ရမည်။

၁၁။ လျှောက်လွှာခေါ်ယူသည့် ကြေညာချက်အပြည့်အစုံနှင့် အသေးစိတ်အချက်အလက်များကို ဆေးဝါးတက္ကသိုလ်၊ မန္တလေး၏ Website:www.uopmdy.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ (သို့မဟုတ်)ဆေးဝါးတက္ကသိုလ်၊ မန္တလေး၏ (ဖုန်းနံပါတ်- ၀၈၅- ၄၇၄၀၁၃၄၊ ၀၈၅- ၄၇၄၀၁၃၅၊ ၀၈၅-၄၇၄၀၂၄၄) သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဆေးဝါးတက္ကသိုလ်၊ မန္တလေး**

---

## ပျောက်ဆုံးကြောင်း

ကျွန်တော် အောင်စည်သူ ၁၂/ဒဂမ(နိုင်)၀၁၁၉၁၃ ၏ နိုင်ငံကူးလက်မှတ်အမှတ် MB-702385 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၀၈၂၂၁၅

---

## ဖခင်အမည်မှန်

တောင်သာမြို့၊ ဘုရားလှကျေးရွာနေ နန်းမြင့် အထက Grade-10 မှ မောင်ထက်ဝေအောင်၏ ဖခင်အမည်မှန်မှာ ဦးဗိုလ်စန်း ၉/တသန(နိုင်)၀၇၉၉၂၂ ဖြစ်ပါကြောင်း။

ဦးဗိုလ်စန်း

---

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ ကွင်း/ အကွက်အမှတ် (၄/ပဒေသာ)၊ ဦးပိုင်အမှတ် (၄၈)၊ မြေဧရိယာ ၀ဒသမ ၂၂၀ ဧကရှိ မြေကွက်အား မြေငှားဂရန် (အမည်ပြောင်း/သက်တမ်းတိုး)လျှောက်ထားနိုင်ရေး ဒေါ် အေးအေးခိုင် ၉/ခအဇ(နိုင်) ၀၀၁၅၆၄ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့

---

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅၃၊ မြေကွက်အမှတ် ၅၆၈၊ အကျယ်အဝန်း(၄၀ပေ x ၆၀ပေ)ရှိ ဦးအောင်ကြီး (CE-၀၉၅၀၁၀)၁၂/သဃက(နိုင်)၀၇၂၂၆၇ အမည်ပေါက် ပါမစ်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရောင်းအဝယ် ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူလက်ဝယ်ရှိထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံအဆိုပြုသူ ဦးကြည်ရွှင် ၉/ပမန(နိုင်)၁၀၁၂၉၆ ထံမှ ကျွန်ုပ်က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် အတွက် ရောင်းကြေးတန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ယခုအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာ အပ်ပါသည်။

**ဒေါ်မေဝင်းမော်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၇၂၈/၂၀၁၇)**
**အမှတ် ၃၅၇၊ ၆လမ်း၊ အပိုင်း(၂)၊ ငမိုးရိပ်ရပ်ကွက်၊**
**သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၄၈၀၂၀၀၄၃**

---

## ကြော်ငြာစာ

မန္တလေးမြို့၊ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၆)၊ ဦးပိုင်အမှတ်(၅၈)၊ ၄၈x၄၉လမ်းကြား၊ ၁၁၃x ၁၁၄လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးသိန်းဇော် ၉/မရတ(နိုင်)၀၀၅၀၈၃၊ EMDY-၂၇၂၀၂၂၏ (SPရသူ ဒေါ်အားချင့်)က မူရင်းပိုင်ရှင်၏ မှတ်ပုံတင်နှင့် အိမ်ထောင်စုဇယားတို့ တင်ပြနိုင်ခြင်းမရှိကြောင်း တင်ပြစာ၊တောဂရန် စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၁၉၂၅/၂၀၂၃-၂၀၂၄) ဖြင့် တောမှ မြို့ပြောင်းသက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## အများသိစေရန်ကြေညာခြင်း

တောင်ကြီးမြို့၊ အေးသာယာမြို့သစ်၊ အမှတ်(၂)ရပ်ကွက်၊ နယ်မြေ(၃)၊ အိမ်အမှတ်(၂၉/၂၄)၊ အကွက်အမှတ်(၂၉)၊အကွက်အမည် (ကံကြီးကွင်းရပ်)၊ဦးပိုင်အမှတ်(F/၂၄)၊ ဧရိယာ ၀ဒသမ ၁၀၈ ဧကရှိ ဦးရဲတင့် အမည်ပေါက်ပိုင်ဆိုင်သော ဂရန်အမှုတွဲအမှတ် ၉၄၁/၉၂ အား ဒေါ်ခင်ခင်ဝင့်အောင် ၁၃/နဆန(နိုင်)၀၂၄၉၀၀ မှ ဦးရဲတင့် ထံမှ အမှန်တကယ်ဝယ်ယူရရှိသူဖြစ်သည်။ ဝယ်ယူပြီးနောက် မှတ်ပုံတင်စာချုပ်ပြုလုပ်ရန် သဘောတူထားသော်လည်း ဦးရဲတင့်အား စုံစမ်းသော်လည်း စုံစမ်း၍မရပါသောကြောင့် ဒေါ်ခင်ခင်ဝင့်အောင် ဂရန်အမည်ပေါက်ရရှိရန် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း များဖြင့် ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာ အပ်ပါသည်။

**ဒေါ်ခင်ခင်ဝင့်အောင် (၎င်း၏ အထွေထွေကိုယ်စားလှယ်-ဒေါ်ခင်မြတ်သူ)**
**၁၃/ နဆန(နိုင်)၀၂၄၉၀၀**
**အမှတ်(၂) ရပ်ကွက်၊ နယ်မြေ(၃)၊ အမှတ်(၂၉/၂၄)**
**အေးသာယာမြို့သစ်၊ တောင်ကြီးမြို့**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၃ယ/၇၂၉၄၀ ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်စိုး ၁၀/ပမန(နိုင်)၁၄၁၇၉၇ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ပြည်နယ် ဦးစီးမှူးရုံး(မော်လမြိုင်မြို့)**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၁ယ/၃၂၀၀၀ ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်တိုး ၁၀/မလမ(နိုင်)၁၃၈၄၆၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ပြည်နယ် ဦးစီးမှူးရုံး(မော်လမြိုင်မြို့)**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် SHN/10904, Honda Click ယာဉ်လက်ဝယ်ရှိသူ ဒေါ်လေးလေးဖြိုး ၁၃/တခလ(နိုင်)၀၉၃၉၇၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(တာချီလိတ်)**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7E/1215, Toyota Corolla NZE120, Saloon (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးဝေလင်းဖြိုး ၉/သစန(နိုင်) ၁၃၁၀၇၉ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)အင်းစိန်**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၇ယ/၈၁၄၀၄ ယာဉ်လက်ဝယ်ရှိသူ ဦးထိန်လင်း ၁၀/ခဆန(နိုင်)၁၀၉၂၉၂ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ပြည်နယ် ဦးစီးမှူးရုံး(မော်လမြိုင်မြို့)**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၈ယ/၉၆၀၉၁ ယာဉ်လက်ဝယ်ရှိသူ ဦးအေးဝင်း ၁၀/ပမန(နိုင်)၁၃၄၈၈၉ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ပြည်နယ် ဦးစီးမှူးရုံး(မော်လမြိုင်မြို့)**

---

**ဇီဝမျိုးစုံမျိုးကွဲတွေ ကွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့**

---

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ဒရယ်ဘိုကျေးရွာ၊ ကွင်းအမှတ် (၁၀၃၈)၊ ကွင်းအမည် (၄က်ပျောတောကွင်း)၊ ဦးပိုင်အမှတ် (၅၅)၊ ဧရိယာ (၀.၀၈)ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်လွင်လွင်သိန်း (၁၀/သထန (နိုင်) ၀၄၃၇၈၈)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက်စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဒေါ်အေးအေးမူ** |
| **LL.B, D.B.L, D.I.L.,** | **LL.B, D.B.L., M.A. (Business Law)** |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၇၀၉) |

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၃၁၁ ၅၁၀၅

## အများသိစေရန်ကြေညာခြင်း

၂၈-၆-၂၀၁၂ရက်တွင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားရေးဦးစီးဌာန (DICA)၌ မှတ်ပုံတင်အမှတ် (၁၁၅၄၈၂၃၅၁)ဖြင့် မှတ်ပုံတင်ခဲ့သော မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း (MRESA)၏ လက်ရှိတာဝန်ရှိသူများစာရင်း မှာ ၁။ ဦးကျော်ဝင်း (Director)၊ ၂။ ဦးမြင့်စိန် (Director)၊ ၃။ ဦးသန်းဦး (Director) နှင့် ၄။ ဒေါ်မို့မို့အောင် (Director Secretary General)တို့ (၄)ဦးသာဖြစ်ပြီး ခေတ္တဥက္ကဋ္ဌ ဦးသန်းဦးမှ ဦးဆောင်၍ အသင်းကြီး၏ ၂၀၂၃-၂၀၂၆ စတုတ္ထသက်တမ်းအတွက် အမှုဆောင်အသစ်ရွေးချယ်ပွဲအား အမြန်ဆုံးကျင်းပမည်ဖြစ်ပါကြောင်း အသင်း၏ရုံး (ဖုန်း/Viber)မှာ 09-268800565, 09-796681916, Email:mresa.myanmar.baho.2012@gmail.com, Facebook: mresa.myanmar.bahoနှင့် Facebook Page:Myanmar Real Estate Services Association ဖြစ်ပါကြောင်း မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း (MRESA)၏ Logo, Letterhead၊ ရုံးတံဆိပ်တုံးနှင့် မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း ရုံးခန်းအဖြစ်သုံးစွဲခွင့်တို့အား DICA တွင် မှတ်ပုံတင်ထားသူများ၏ ခွင့်ပြုချက်မရရှိဘဲ မည်သူတစ်ဦးတစ်ယောက်မျှ အသုံးပြုခွင့်မရှိပါကြောင်းနှင့် ခွင့်ပြုချက်မရှိဘဲ သုံးစွဲပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အေးနန္ဒာနွယ်
(LL.B, D.B.L, LQB, UK)
(WIPO-101 Switzerland)
အထက်တန်းရှေ့နေ
ဖုန်း-၀၉-၅၀၆၈၇၄၆၊ ၀၉-၈၈၅၀၆၈၇၄၆

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2S/4860 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညန၊ခရိုင်ရုံး(မြိတ်)

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9J/6578 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညန၊ခရိုင်ရုံး(မြိတ်)

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6P/8160 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(မြိတ်)

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1B/4371 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညန၊ခရိုင်ရုံး(မြိတ်)

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် ၁၃၊ ဒေဝဒဟ ၃၄လမ်း၊ မြေကွက်အမှတ် ၁၂၀၉(က)၊ အကျယ်အဝန်းရေိယာ (၂၀ပေ X၆၀ပေ)ရှိ ဦးစိုးလွင် ၁၂/သဃက(နိုင်) ၁၅၂၉၈၅ အမည်ပေါက် နှစ်(၆၀) မြေငှားဂရန် မြေအမျိုးအစားမြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့် နေအိမ်အပါအဝင် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဒေါ်နန်းဌေးအောင် ၇/ဒဥန(နိုင်)၁၆၀၆၀၇ ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိပါကြောင်း ကန့်ကွက်လိုသူများရှိပါက ယနေ့ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်ကိုယ်ကျ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်သည်အထိ လာရောက်ကန့်ကွက်မှု တစ်စုံတစ်ရာပေါ်ပေါက်ခြင်းမရှိပါက အရောင်းအဝယ် အလွှဲအပြောင်းကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | | |
|---|---|---|
| ဦးမျိုးမြင့်အောင် | ဦးအေးမင်းသူ | ဒေါ်လင်းလင်းကြည် |
| စဉ်-၂၅၁၆၅ | စဉ်-၂၆၁၉၉ | စဉ်-၄၆၃၂၈ |

အထက်တန်းရှေ့နေများ
အမှတ် ၅၈/၆၀(ပထမထပ်)မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉- ၅၁၄၅၇၆၇၊ ၀၉- ၄၂၀၀၂၈၃၆၆၊ ၀၉- ၄၂၅၂၈၈၆၅၁

## အများသိစေရန် ကြေညာခြင်း

ဦးမြင့်သိန်းထွန်း(ဘ)ဦးဝင်းမြင့် ၁၂/အစန(နိုင်)၀၆၃၅၃၇၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်သည်မှာ-

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (ဃ/၁၆)၊ မြေကွက်အမှတ် (၁၆၆)၊ အကျယ်အဝန်း ပေ ၆၀x၆၀ ရှိ ဦးစောကြိုင်အမည်ပေါက် ပါမစ်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား လုံးတို့အား တရားဝင်လက်ရှိထားပိုင်ဆိုင်ပါကြောင်း အမှုအခင်းအရှုပ်အရှင်း ကင်းရှင်းလျက်၊ လက်ရောက်လွှဲပြောင်းရောင်းချခွင့်ရှိပါကြောင်း ဝန်ခံကတိပြုလျက် ဦးစောကြိုင် (WKA-019458)ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးမြင့်သိန်းထွန်း ၁၂/အစန(နိုင်)၀၆၃၅၃၇သည် ၅-၇-၂၀၁၁ ရက်က အပြီးအပိုင် လက်ရောက်ဝယ်ယူခဲ့ပါသည်။ ၎င်းခြံမြေနှင့်ပတ်သက်၍ ဂရန်လျှောက်ထားခြင်း၊အမည်ပြောင်းခြင်း၊ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊ တခြားနည်းပြုလုပ်ခြင်း၊ မြေပုံကူးလျှောက်ထားခြင်း၊ စသည့်မြေစီမံမှုကိစ္စ အရပ်ရပ်တို့ကို ကျွန်ုပ်၏မိတ်ဆွေ ကိုမြင့်သိန်းထွန်း၏ ခွင့်ပြုချက်မရှိဘဲ ဆောင်ရွက် ခြင်းမပြုရန်နှင့် ယင်းသတ်မှတ်ချက်အား ဖောက်ဖျက်ကျူးလွန်ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ် ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ- ဦးအောင်စံမြင့် (LL.B)
အထက်တန်းရှေ့နေ (စဉ်-၅၅၀၄၀/၁၀-၅-၂၀၂၂)
ရှေ့နေများအသင်းရုံးခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊
ဖုန်း-၀၉-၇၇၆၉၂၆၅၃၃၊ ၆၈၆၆၁၅၆၀၁

## ကုန်အမှတ်တံဆိပ် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်း/တောင်ရပ်ကွက်၊စစ်ကိုင်းလမ်း၊ အမှတ် ၇(ပထမထပ်)နေ ဒေါ်ထွယ်ဆိုင်းဘူ(ဘ)ဦးအောင်မတ် ၉/ခအဇ(နိုင်)၀၁၆၆၅၀ သည် အောက်ဖော်ပြပါ MaKaကုန် အမှတ် တံဆိပ် အမည် အမှတ်အသားအား ရန်ကုန်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်စာချုပ် အမှတ် ၄/၅၄၅၁ (၁၂-၆-၂၀၂၃)ရက်စွဲ ဖြင့် မှတ်ပုံတင်သွင်းထားပြီးဖြစ်ပါသည်။



စာချုပ်အမှတ် - ၄/၅၄၅၁ (၁၂-၆-၂၀၂၃)

ယင်းအမည် အမှတ်တံဆိပ်ဖြင့် ကျား/မ၊ ကလေး/လူကြီးဝတ်အဝတ်အထည် အမျိုးမျိုး၊ အဝတ် အထည် ဒီဇိုင်းအမျိုးမျိုးနှင့် အိတ် အမျိုးမျိုးတို့တွင် ကပ်နှိပ်၊ထုတ်ပိုး၊ အသုံးပြု၊ ဖြန့်ဖြူး ရောင်းချသွားမည်ဖြစ်ပါသည်။ အဆိုပါ ကုန်တံဆိပ်အမည်အမှတ်အသား၏တစ်စိတ်တစ်ဒေသကို ဖြစ်စေ၊ တခုလုံးကိုဖြစ်စေ တုပသုံးစွဲ၍ အသုံးပြုရောင်းချခြင်းတို့ မပြုလုပ်ကြပါရန်နှင့် မည်သူမဆို ကျွန်ုပ်မိတ်ဆွေ၏ အကျိုးစီးပွားထိခိုက်နစ်နာစေရန် ထိုသို့ရည်ရွယ်ဆောင်ရွက်လာပါက တည်ဆဲ ဥပဒေများနှင့် အညီ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးရန်နိုင်
တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၆၈၄၇)
အမှတ် ၄၀၁/၅၊ ၁၅၄လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း- ၀၉-၄၂၁၁၁၅၂၈၃

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ငချောကွင်းကျေးရွာ၊ ငချော(၁)လမ်းဟုခေါ်တွင်သော အလျားပေ ၁၆၀xအနံပေ ၈၀ရှိ မြေကွက်အပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ နော်ဘေဘီရှ ၁၄/လပတ(နိုင်)၁၁၆၇၃၄ထံမှ ၁၁-၂-၂၀၂၃ရက်တွင် ရောင်းချငွေအားလုံးပေးချေခဲ့ရာ ထိုအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကြေညာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်မာသောစာချုပ်စာတမ်းမူရင်းနှင့်တကွ ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်စရာမရှိပါက ဥပဒေနှင့်အညီ ထိုအရောင်းအဝယ်အား အတည်ပြုဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဦးတင်ဝင်းမှန်၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဇင်ဝင်းပိုင် (LL.B)
အထက်တန်းရှေ့နေ (စဉ်-၄၆၆၈၃)
ဖုန်း-၀၉-၄၁၀၀၂၆၂၀၊ ၀၉-၇၉၄၉၀၈၁၉၅

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ဖြူးမြို့၊ဈေးရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်(၂-င၊ ဖြူးရုံးတောင်ရပ်)၊ ဦးပိုင်အမှတ် (၄၂-ခ)၊ရေိယာ ၀ဒသမ ၁၅၇ဧကရှိ မြေအား ကမ္ဘောဇဘဏ်လီမိတက်မှ သက်တမ်းတွင်း အမည်ပြောင်းစက်မှုစီးပွား၊ မြေငှားဂရန် လျှောက်ထားလာမှုနှင့် ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ဖြူးမြို့သို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းနှင့် ညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိရှိစေရန် ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ဖြူးမြို့

## ပါမစ်မူရင်းပျောက်ဆုံးခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ ခနသိဒ္ဓိလမ်း၊ အမှတ်(ည/၄၉)ဟုခေါ်တွင်သော အကျယ်အဝန်းပေ (၃၂x၆၈) အကျယ်ရှိ မြေကွက်နှင့် အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လက်ရှိ ပိုင်ဆိုင်ပြီးရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်ညွန့်မေ ၁၂/အစန(နိုင်) ၀၃၆၄၀၇ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ပြုလုပ်သည့် မြေကွက်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဦးဌေးလှိုင်၁၂/အစန(နိုင်)၀၃၂၃၅၀ ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးသဲမောင်ကြည် (LL.B)**
**အထက်တန်းရှေ့နေ (စဉ် - ၅၂၀၇၈)**
**မ (၂၆၁)၊ စံပယ်လမ်း၊ ၃/က ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၇၉၅၇၆၈၉၄၄**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

မကွေးမြို့၊ အောင်စေတနာ(က)ရပ်ကွက်၊ ကွင်းအမှတ်(၁၆၄၇-အလယ်ရပ်)၊ ဦးပိုင်အမှတ်(၉)၊ မြေဧရိယာ ၀ ဒသမ ၀၅၉ ဧကရှိ မြေကွက်မှာ ဦးသိန်းနိုင် ၈/မကန(နိုင်)၁၁၆၄၉၃-ဒေါ်ခိုင်ခိုင်စိုး ၈/မကန(နိုင်)၁၂၇၅၇၅ အမည်ဖြင့် အမှုတွဲ အမှတ်(၃၁၇/၁၉၉၈-၁၉၉၉) အရ ၁၂-၁၀-၁၉၉၈ ရက်တွင် အမည်ပြောင်း နှစ်(၃၀)ဂရန်ရရှိပြီး မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနနှင့် မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတို့တွင် (၁-က) စာရင်းရေးသွင်းမှု မရှိသေးပါသဖြင့် (၁-က)စာရင်းရေးသွင်းရန် ခိုင်လုံသော မူရင်းစာရွက်စာတမ်းအထောက်အထား၊ မြေဂရန်မိတ္တူနှင့်အတူ လျှောက်ထားခဲ့ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးသိန်းနိုင်-ဒေါ်ခိုင်ခိုင်စိုး**
**ဖုန်း-၀၉-၅၃၄၂၁၃၈**

## အထူးကိုယ်စားလှယ်လွှဲစာပြန်လည်ရုပ်သိမ်းကြောင်း ကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ အမှတ်(၁၅)ထန်းတပင်ရပ်၊ မြေကွက်အမှတ်- ဒ-၆၀၉၇၊ ဒ-၆၀၉၈၊ မြေအကျယ်အဝန်း ဧရိယာပေ(၈၀x၆၀)ရှိ နှစ်(၃၀) ဂရန်မြေ၏ လုပ်ပိုင်ခွင့်များနှင့်ပတ်သက်၍ ဦးသန်းလှိုင် (ဘ)ဦးမောင်ကြီး ၁၂/မရက(နိုင်)၁၁၆၁၆၀ မှ ဒေါ်ဖြူသွယ်ယု (ဘ)ဦးယုတင် ၉/မပန(နိုင်)၀၀၅၆၆၇ ထံသို့ မြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး ရန်ကုန်မြို့၌ ၁၂-၁၀-၂၀၂၁ ရက်တွင် လွှဲအပ်ခဲ့သော အထူးကိုယ်စားလှယ်အမှတ် (၇၃၁၂/၂၀၂၁) အား ယနေ့မှစ၍ အပြီးအပိုင်ရုပ်သိမ်းကြောင်း ကြေညာအပ်ပါသည်။

**ဦးသန်းလှိုင်**
**၁၂/မရက(နိုင်) ၁၁၆၁၆၀**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ်၊ ရေဝေရပ်ကွက်၊ ထောင်လမ်းရှိ အလျားပေ ၂၅xအနံ၇၀ပေ အကျယ်အဝန်းရှိ ခြံမြေနှင့် ယင်းခြံမြေပေါ်တွင် ဆောက်လုပ်ထားသော အုတ်ညှပ်(၁)ထပ် နေအိမ် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဒေါ်ကြည်ကြည်စန်း ၇/သဝတ(နိုင်) ၀၇၉၀၂၃ ထံမှ အပိုင်ဝယ်ယူသူ ဦးနယ်လဲဆင်ရွှေက ဝယ်ယူရန် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့လည်းကောင်း၊ သာယာဝတီမြို့နယ် မြေစာရင်းဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ရေဝေရပ်ကွက်အုပ်ချုပ်ရေးမှူးထံသို့ ပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဦးနယ်လဲဆင်ရွှေ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် (၁၃၅)၊ မြေကွက်အမှတ်(၅၁၇) ဦးဝင်းအမည်ပေါက် ပါမစ်မြေအကျယ်အဝန်း ပေ(၄၀x၆၀)မြေကွက်နှင့် အကျိုးခံစားခွင့်များအား ဆက်စပ်စာချုပ်များအရ ဦးဇေယျကျော် ၁၂/ဒဂရ(နိုင်)၀၀၇၂၂၃ မှ လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းမရှိကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်မိတ်ဆွေထံ ရောင်းချလိုကြောင်းကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေမှ ဝယ်ယူရန် သဘောတူညီပြီး အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်း အဝယ်အား ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးအောင်ရဲကျော်** | **ဒေါ်အိအိဖြူ(LL.B, D.B.L)** |
| **၅/ခဥတ(နိုင်)၀၈၅၆၆၃** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၈၈၁)** |
| | **အမှတ်(၁၃၅/ခ)၊ စစ်တွေလမ်း၊ (၁၂)** |
| | **ရပ်ကွက်၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်** |
| | **ဖုန်း-၀၉-၄၂၁၁၃၇၄၆၄၊ ၀၉-၉၇၇၉၀၀၂၀၃** |

## သမီးအဖြစ် စွန့်လွှတ်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ (၂၃/၁၇၃၄) ရွှေလင်ဗန်းကျေးရွာ၊ ရွှေဂန္ဓမာလမ်းသွယ်(၂)နေ ဦးမိုးမင်းဝင်း ၇/လပတ(နိုင်) ၀၈၉၅၁၅ နှင့် ဒေါ်ဇင်နွယ်ဦး ၇/လပတ(နိုင်)၀၈၈၆၄၇ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးမိုးမင်းဝင်းနှင့် ဒေါ်ဇင်နွယ်ဦးတို့၏ သမီးကြီးဖြစ်သူ မရွှန်းလဲ့ရွှေရည်(ခ)ကစ်ကစ် ၁၂/လသယ(နိုင်) ၁၀၄၀၄၂ အား မိဘတို့ဝတ္တရားရှိသည့်အတိုင်း တရားဝင်ထိမ်းမြားလက်ထပ် စီမံဆောင်ရွက်ပေးခဲ့သော်လည်း မိဘများ၏ ဆိုဆုံးမမှုကိုနာခံခြင်းမရှိဘဲ မိမိသဘောအလျောက် နေအိမ်ပေါ်မှ ဆင်းသွားခြင်းများ၊ မိဘများအား စိတ်ဆင်းရဲစေသည့် အပြုအမူများကို အမြဲတစေပြုမူခြင်းများ၊ လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် လောင်းကစားပြုမူခြင်းများနှင့် ငွေကြေးအရှုပ်အရှင်းကို မကြာခဏပြုမူလုပ်ဆောင်နေသဖြင့် ၄င်း၏လုပ်ဆောင်ချက်အဝဝအား မိဘများမှ(လုံးဝ)လုံးဝ ခွင့်မလွှတ်နိုင်သော ကိစ္စရပ်များဖြစ်သဖြင့် ၄င်းအားသမီးအဖြစ်မှ အပြီးအပိုင် (ရာသက်ပန်) အမွေပြတ်စွန့်လွှတ်ပါကြောင်းနှင့် ၄င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စရပ်များကိုမဆို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမိုးမင်းဝင်းနှင့်ဒေါ်ဇင်နွယ်ဦးတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သင်းသင်းဟန်**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၁၉၈၆/၂၀၁၇)**
**စုပေါင်းရုံးကြီးဝင်း၊ အင်းစိန်မြို့နယ်၊**
**ဖုန်း - ၀၉- ၄၂၁၁၀၃၄၅၄**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် (၅၀)၊ မြေကွက်အမှတ် ၄၅၄၊ မြေကွက်တည်နေရာအမှတ် ၄၅၄၊ ရာဇသင်္ကြန်လမ်း၊ (၅၀) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)(ဦးမြင့်လွင်ဦး(ခ)ဝီလီကျော်) အမည်ပေါက် နှစ် (၆၀) မြေငှားစာချုပ်(ဂရန်)မြေအား ISN-၁၄၉၂၈၅ အမည်ပေါက် ဦးမြင့်လွင်ဦး (ခ)ဝီလီကျော်အား တရားပြိုင်ထားကာ ဦးကျော်တိုးမှ တရားလို ပြုလုပ်၍ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် တရားရုံး၌ တရားမကြီးမှုအမှတ်(၆၆/၂၀၀၂)ဖြင့် မြေနှင့်အိမ်အပါအဝင် ပတ်သက်ဆက်နွှယ်သည့် အကျိုးခံစားခွင့် အရပ်ရပ်တို့အပေါ် ပဋိညာဉ်အတိုင်း မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုဖြင့်တရားစွဲဆိုခဲ့ခြင်းအပေါ် အနိုင်ဒီကရီချမှတ်လိုက်သည့် ၂၉-၉-၂၀၂၂ရက်စွဲပါ စီရင်ချက်၊ဒီကရီနှင့် တရားမဇာရီမှုအမှတ် (၈၇/၂၀၂၂) တို့အရ တရားရုံး ကိုယ်စား ဘီလစ် ဒေါ်လွဲ့လွဲ့ခိုင် ၁၃/တကန(နိုင်)၀၀၁၄၁၉ မှ ဂရန်၊ နိုင်၊ ကတ်၊ တရားရုံး အမိန့်များ၊ ဘီလစ်ခန့်စာတို့ တင်ပြ၍ အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်သည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅/ ထန်းတပင်ရပ်၊ မြေကွက်အမှတ်(E-၀၁၄)၊ မြေဧရိယာ ၀ ဒသမ ၁၃၇ ဧကရှိ ဦးခင်မောင်ဝင်း(ဘ)ဦးမောင်ငွေ ၁၂/မဂဒ(နိုင်)၀၀၆၆၉၃ အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်ကို ဦးခင်မောင်ဝင်းထံမှ နေပြည်တော် စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်၂၅၂၂/၂၀၁၉ (၂၀-၆-၂၀၁၉) ရရှိထားသူ ဦးဇေယျာမင်း (ဘ)ဦးအောင်ဖြိုး ၈/သရန(နိုင်)၀၇၁၃၅၃ မှ ဒေါ်မွေးဗိုလ်နောင် (ဘ)ဦးဗိုလ်နောင် ၉/မနမ(နိုင်)၀၀၀၈၃၅ နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက် နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံး လုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ ငဖဲမြို့နယ်၊ ပင်ဦးကျေးရွာအုပ်စု၊ လေးအိမ်စုကျေးရွာနေ (ဘ)ဦးမြဟန်၏သား ကျွန်တော် ၈/ငဖန(နိုင်)၀၃၀၁၆၇ ၏ ယခင်နိုင်ငံကူး လက်မှတ်အမှတ် (MD-427629) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၅၁၈၂၆၆၃**

## ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ ဝါးဖြူတောင် ကျေးရွာအုပ်စု၊ (၉)မိုင်ကျေးရွာနေ(ဘ) ဦးခင်လတ်၏ သမီး ဒေါ်ခင်သီတာလတ် ၈/ပခက (နိုင်)၁၈၅၉၅၀၏ ယခင်နိုင်ငံကူး လက်မှတ်အမှတ် (MG-901614) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၀၁၅၁၅၆၉၉**

## ကန့်ကွက်နိုင်ပါကြောင်း

ဟင်္သာတမြို့ သုံးပင်ကွင်းရပ်ကွက်၊ အကွက်အမှတ်(၃၃)၊ သီလကုန်းရပ်၊ ဦးပိုင်အမှတ် (၆/၂)၊ ဧရိယာ ၀ ဒသမ ၈၆၆ဧကရှိ မြေကို ဒေါ်ဝတ်ရည်ထက် အမည်ဖြင့် မြေပေးမိန့်လျှောက်ထားလာခြင်းအပေါ် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ဟင်္သာတမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အကျိုးအကြောင်းဖော်ပြ၍ ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေ**
**အုပ်ချုပ်ရေးဦးစီးဌာန**
**ဟင်္သာတမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ဟင်္သာတမြို့၊ ကနောင်စုရပ်ကွက်၊ အကွက်အမှတ် (၃၇)ကနောင်စု အနောက်ရပ်၊ ဦးပိုင်အမှတ် (၂၄ᵏ/၅၄) ဧရိယာ(၀ဒသမ၀၄၁)ဧကရှိ မြေကို ဦးရဲမင်းသိန်း အမည်ဖြင့် မြေပေးမိန့် လျှောက်ထားလာခြင်းအပေါ် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ဟင်္သာတမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အကျိုးအကြောင်းဖော်ပြ၍ ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေ**
**အုပ်ချုပ်ရေးဦးစီးဌာန**
**ဟင်္သာတမြို့**

## အမည်မှန်နှင့်မွေးသက္ကရာဇ်အမှန်

ပန်းတနော်မြို့နယ်၊ ချောင်းကလေး အုပ်စု၊ လိန်ကုန်းကျေးရွာနေ (ဘ) စောခူထီး၏သမီး နော်ခူးကပေါ်ရဲ ၁၄/ပတန(နိုင်)၂၂၈၈၄၉ ၏ အမည်မှန်မှာ နော်ခူကပေါ်ရဲဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ ၂၆-၁၀-၁၉၉၈ ဖြစ်ပါသည်။

## အမည်မှန်နှင့်မွေးသက္ကရာဇ်အမှန်

ပန်းတနော်မြို့နယ်၊ ချောင်းကလေး အုပ်စု၊ လိန်ကုန်း ကျေးရွာနေ (ဘ) စောခူထီး၏သမီး နော်ကပေါ်ရိုး ၁၄/ပတန(နိုင်)၂၂၈၈၅၀ ၏ အမည်မှန်မှာ နော်ခူကပေါ်ရိုး ဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ ၂၉-၂-၂၀၀၀ ဖြစ်ပါသည်။

## ဖခင်အမည်မှန်

ပေါင်မြို့နယ်၊ အထက (နတ်ကြီးချောင်) ကျောင်း၊ Grade- 12 မှ နန်းသဇင်မြင့်၏ ဖခင်အမည်မှန်မှာ စောစိန်ဖွားဖော် ၁၀/ပမန(နိုင်) ၀၇၄၃၄၀ ဖြစ်ပါကြောင်း။

**စောစိန်ဖွားဖော်**

## ဒေါ်ဝင်နီခင်မောင် ၁/မကန(နိုင်)၀၈၀၆၁၉၊ ဦးချာလီခင်မောင် ၁/မကန(နိုင်)၁၁၈၁၈၂ နှင့် အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်လေး ရပ်ကွက်၊ ဒေါ်သိန်းတင်လမ်း၊ အမှတ်-၆၆(မြေညီထပ်)နေ ဦးဝီလီခင်မောင် ၁/မကန(နိုင်)၁၀၁၉၇၃၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများ သိစေရန်ကြေညာချက် ထည့်သွင်းအပ်ပါသည်-

၁။ ဖခင်ဦးခင်မောင် ၁/မကန(နိုင်)၀၂၈၁၀၉နှင့် မိခင်ဒေါ်မိမိမာ ၁/မကန(နိုင်)၀၁၇၇၀၅တို့တွင် (၁) ဒေါ်ဝင်နီခင်မောင် ၁/မကန(နိုင်)၀၈၀၆၁၉၊ (၂)ဦးဝီလီ ခင်မောင် ၁/မကန(နိုင်)၁၀၁၉၇၃၊ (၃) ဦးချာလီခင်မောင် ၁/မကန(နိုင်)၁၁၈၁၈၂ တို့ သားသမီး(၃)ဦးထွန်းကားခဲ့ပါသည်။ မိခင် ဒေါ်မိမိမာသည် ၂၁-၂-၂၀၀၆ရက် တွင်လည်းကောင်း၊ ဖခင်ဦးခင်မောင်သည် ၃-၁၂-၂၀၂၂ရက်တွင်လည်းကောင်း အသီးသီး ကွယ်လွန်ခဲ့ကြပါသည်။

၂။ မိခင်ကွယ်လွန်ပြီးနောက် ဖခင်ဦးခင်မောင် ကိုယ်တိုင်ရေးသားခဲ့သည့် ၂၈-၁၁-၂၀၁၆ရက်စွဲပါ သေတမ်းစာအရလည်းကောင်း၊ ၅-၉-၂၀၂၂ရက်စွဲပါ ဦးခင်မောင် ဝန်ခံကတိပြုစာချုပ်အရလည်းကောင်း၊ ၆-၉-၂၀၂၂ရက်စွဲပါ အစ္စလာမ့်တရားဥပဒေနှင့်အညီ မိမိပိုင်ဆိုင်သောတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အား (ဟီဘာ)မေတ္တာဖြင့် လက်ရောက်ပေးကမ်းခြင်း၊ ကတိစာချုပ်အရလည်းကောင်း။ ၉-၁၂-၂၀၂၂ရက်စွဲပါ မောင်နှမ(၃)ဦးသဘော တူညီမှုစာချုပ်အရလည်းကောင်း၊ အောက်ပါမရွှေ့မပြောင်းနိုင်သောပစ္စည်းအရပ်ရပ်မှာ ဒေါ်ဝင်နီခင်မောင်၊ ဦးဝီလီခင်မောင်၊ ဦးချာလီခင်မောင်တို့ မောင်နှမ (၃)ဦး အချိုးကျ ပိုင်ဆိုင်ခွင့်ရှိသည့် မြေနှင့် အဆောက်အအုံများဖြစ်ပါသည်။

(၁) ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(မြောက်)ရပ်ကွက်၊ မြေနုလမ်း၊ အမှတ်-၃၁၊ (၂)ခန်းတွဲပါ(၈)ထပ်တိုက်၊(၄)လွှာ (မျက်နှာမူလျှင် ညာဘက်)၊ အကျယ်အဝန်း (၁၈ပေ x ၅၅ပေ)ရှိ တိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်းအတွင်း၌ တွဲကပ်တပ်ဆင်ထားသော ကိုယ်ပိုင်မီတာ၊ ကိုယ်ပိုင်မော်တာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး၊

(၂) ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ မြေမြင့်ကွက်သစ်ရပ်ကွက်ရှိ ဦးပိုင်အမှတ် (၆၃/တ)၊ မြေကွက်အမှတ်-(၁၆(က)/၃၁)၊ မြေချိန်ဧရိယာ ၀ ဒသမ ၂၂၀ဧကရှိ နှစ်(၉၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး၊

(၃) ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ မြေမြင့်ကွက်သစ်ရပ်ကွက်ရှိ ဦးပိုင်အမှတ် (၆၃/ခ)၊ မြေကွက်အမှတ်-(၁၆(က)/၃၁)၊ မြေချိန်ဧရိယာ ၀ ဒသမ ၂၂၀ဧကရှိ နှစ်(၉၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး၊

(၄) ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ မြို့သစ်ရပ်ကွက်၊ ကွင်းအမှတ်-၂၁ (မြို့သစ်အနောက်)၊ ဦးပိုင်အမှတ်-(၂၃၄)၊ မြေချိန်ဧရိယာ ၀ ဒသမ ၀၈၃ဧကရှိ နှစ်(၉၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး၊

သို့ပါ၍ အထက်ဖော်ပြပါ မရွှေ့မပြောင်းနိုင်သောပစ္စည်း(၄)မျိုးမှာ ဦးဝီလီခင်မောင် ၁/မကန(နိုင်)၁၀၁၉၇၃က အချိုးကျ ပိုင်ဆိုင်ခွင့်ရှိသည့်မြေနှင့် အဆောက်အအုံများဖြစ်ပါသဖြင့် ဦးဝီလီခင်မောင် ၁/မကန(နိုင်)၁၀၁၉၇၃၏ သဘောတူညီခွင့်ပြုချက်မရရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ ပေးကမ်းခြင်း၊ လွှဲပြောင်းခြင်း၊ အခြားနည်းစီမံခန့်ခွဲခြင်း၊ အမည်ပေါက် ပြောင်းလဲခြင်း၊ မြေပုံမြေရာဇဝင်ကူးယူခြင်း၊ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုခြင်း စသည့်မည်သည့်ကိစ္စကိုမျှ ဆောင်ရွက်ခြင်းမပြုပါရန် အများသိစေရန် သတိပေးတားမြစ်ကြေညာအပ်ပါသည်။

**ဦးဝီလီခင်မောင် ၁/မကန(နိုင်)၁၀၁၉၇၃၏ လွှဲအပ်ညွှန်ကြားချက်အရ -**

| | | |
|---|---|---|
| ဒေါ်လုလုလွင်(စဉ်-၅၇၇၃) | ဒေါ်နွယ်နွယ်ဇင်(စဉ်-၁၅၇၂၄) | ဦးတင်ထွန်းမြင့်အောင်(စဉ်-၁၇၂၉၂) |
| ဒေါ်လှဲ့လှဲ့ဝင်း(စဉ်-၁၄၁၃၂) | ဒေါ်ဝေဇင်အောင်(စဉ်-၁၆၇၀၆) | ဦးထက်ခေါင်(စဉ်-၁၇၅၆၉) |
| ဒေါ်သန္တာမော် (စဉ်-၁၄၁၅၂) | ဦးဝေဖြိုးကျော်(စဉ်-၁၇၀၀၅) | |

**တရားလွှတ်တော်ရှေ့နေများ**

**အမှတ်-၁၀၈/၁၁၀၊ ၃-လွှာ၊ ၃၈လမ်း(အောက်)၊ (၆)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

**ဖုန်း-၀၉-၅၁၂၇၁၄၄၊ ၀၉-၇၆၅၁၂၇၁၄၄**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်း၊ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊မြေတိုင်းရပ်ကွက်(၃၄)၊မြေကွက်အမှတ်(၅၉၆)၊ အင်ကြင်းလမ်း၊ ဦးအောင်ချိန်(AB-၀၄၃၇၁၁)အမည်ပေါက်သည့် နှစ်(၆၀)ဂရန်မြေကွက်၊ (၄၀ပေ×၆၀ပေ)ရှိအကျိုးခံစားခွင့်များအား အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်(၃၇၃၆/၂၀၂၃) အရပိုင်ဆိုင်၍လွှဲပြောင်းရောင်းချခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်လှရီ (၁၂/ဥကတ(နိုင်) ၀၅၁၁၉၀)ထံမှကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်အတွက်စရန်ငွေအချို့ကိုပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါကအထောက်အထား(မူရင်း)များဖြင့်ယနေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။ကန့်ကွက်သူမရှိပါကအရောင်းအဝယ်ကိုဥပဒေနှင့်အညီဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

**ဒေါ်စိုင်ဇင်ဦး LL.B, D.B.L, D.I.P.L**

တရားလွှတ်တော်ရှေ့နေ (စဉ်-၉၉၃၆)

အမှတ် (၁၀၅၁)ပြဟ္မစိုရ်လမ်း၊ ၅-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဖုန်း- ၀၉ ၄၂၀၀၇၀၇၂၉

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်း၊ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊မြေတိုင်းရပ်ကွက်(၃၂)၊မြေကွက်အမှတ်(၈၆၆)၊ ဇမ္ဗူသီရိ(၂)လမ်း၊ ဦးမောင်မောင်အေး(AB-၀၅၀၆၈၇)အမည်ပေါက်သည့် နှစ်(၆၀)ဂရန်မြေကွက်၊ အကျယ်အဝန်း(၄၀ပေ×၆၀ပေ)ရှိမြေကွက်နှင့်အကျိုးခံစားခွင့်များအား အမွေဆက်ခံပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချခွင့်ရှိသူဖြစ်ကြောင်းဝန်ခံကတိပြုသူ ဦးသူရအောင်(၁၂/ဒဂမ(နိုင်)၀၀၆၀၉၂) ထံမှကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်အတွက် စရန်ငွေအချို့ကိုပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါကအထောက်အထား(မူရင်း)များဖြင့်ယနေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါကအရောင်းအဝယ်ကိုဥပဒေနှင့်အညီဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

**ဒေါ်စိုင်ဇင်ဦး LL.B, D.B.L, D.I.P.L**

တရားလွှတ်တော်ရှေ့နေ (စဉ်-၉၉၃၆)

အမှတ် (၁၀၅၁)ပြဟ္မစိုရ်လမ်း၊ ၅-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဖုန်း- ၀၉ ၄၂၀၀၇၀၇၂၉

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်း၊ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊မြေတိုင်းရပ်ကွက်(၂၉)၊သခင်ခင်လမ်း၊မြေကွက်အမှတ်(၁၀၀၁)၊အကျယ်အဝန်း(၄၀ပေ×၉၀ပေ)နှင့် မြေကွက်အမှတ်(၁၀၀၂)၊အကျယ်အဝန်း(၄၀ပေ×၉၀ပေ)ရှိ ဦးရင်ဝေးကွဲ့(ခ)အေးကို(၁/မကန(နိုင်)၀၁၇၆၆၂)အမည်ပေါက်သည့် နှစ်(၆၀)ဂရန်မြေကွက်(၂) ကွက်နှင့်အကျိုးခံစားခွင့်များအား အမွေဆက်ခံပိုင်ဆိုင်၍ရောင်းချ ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံကတိပြုသူ ဒေါ်စန်းစန်း(၁/မကန(နိုင်)၀၁၇၆၆၄)ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်အတွက်စရန်ငွေအချို့ကိုပေးချေထားပြီးဖြစ်ပါ၍ကန့်ကွက်လိုသူများရှိပါကအထောက်အထား(မူရင်း)များဖြင့် ယနေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။ကန့်ကွက်သူမရှိပါကအရောင်းအဝယ်ကိုဥပဒေနှင့်အညီဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

**ဒေါ်စိုင်ဇင်ဦး LL.B, D.B.L, D.I.P.L**

တရားလွှတ်တော်ရှေ့နေ (စဉ်-၉၉၃၆)

အမှတ် (၁၀၅၁)ပြဟ္မစိုရ်လမ်း၊ ၅-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဖုန်း- ၀၉ ၄၂၀၀၇၀၇၂၉

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၆/ဒက္ခိဏသီရိရပ်၊ မြေကွက်အမှတ်(ဒ-၁၁၉၀)၊ မြေဧရိယာ ၀ ဒသမ ၃၃၀ ဧကရှိ ဒေါ်နန်းစမ်ခမ်း (ဘ) ဦးစိုင်းတစ်အောင် ၁၃/ကတန(နိုင်)၀၈၅၈၀၂ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဒေါ်နန်းစမ်ခမ်းထံမှ နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၉၁၃/၂၀၂၂ (၁၆-၅-၂၀၁၉)ရရှိထားသူ ဦးနေဖြိုးဇင် (ဘ) ဦးတင်မောင်အုန်း ၁၂/ရကန(နိုင်)၀၇၂၇၀၈မှ ဒေါ်လူစုရွှန်(ဘ) ဦးလူကြားလျှန် ၁၃/ကခန(နိုင်)၀၃၈၂၁၃ နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှု ဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**

**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

ပြည်မြို့၊ ရွှေတံခါးနယ်မြေ၊ ဘုရားကြီးတိုးချဲ့ရပ်ကွက်၊ ကံ့ကော်လမ်းသွယ်(၁)၊ အမှတ် (၁၈)နေ ဦးခင်မောင်ထွေး ၇/ပမန(နိုင်)၀၁၇၄၈၄နှင့် (ဒေါ်ဆွေဆွေမာ) ၇/ပမန(နိုင်)၀၁၇၄၈၅တို့၏ သမီးကြီးဖြစ်သူ မခိုင်ဇင်သိမ့် ၇/ပမန(နိုင်)၁၃၉၁၂၄ သည် မိဘများ၏ ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ မိဘများခွင့်မလွှတ်နိုင်သည့်ကိစ္စများ ပြုလုပ်ခြင်း၊ မိဘများ၏ ဂုဏ်သိက္ခာကျဆင်းအောင်ပြုလုပ်ခြင်းနှင့် မိဘများ ကိုယ်စိတ်နှစ်ပါး ဆင်းရဲပင်ပန်းစေသည့်ကိစ္စများကို အကြိမ်ကြိမ်ပြုလုပ်ခဲ့သည့်အတွက် သမီးကြီးဖြစ်သူ မခိုင်ဇင်သိမ့်အား ယနေ့မှစ၍ သမီးအဖြစ်မှ အပြီးအပိုင် အမွေပြတ်စွန့်လွှတ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

သို့ပါ၍ မခိုင်ဇင်သိမ့်နှင့်ပတ်သက်၍လည်းကောင်း၊ ၎င်း၏မိသားစုဝင်များနှင့် ပတ်သက်၍လည်းကောင်း လူမှုရေး၊ စီးပွားရေး၊ ငွေရေးကြေးရေး အရှုပ်အရှင်းကိစ္စအရပ်ရပ်တို့သည် မိဘများနှင့် တစ်စုံတစ်ရာသက်ဆိုင်ပတ်သက်ခြင်း လုံးဝမရှိပါသောကြောင့် လက်ခံဖြေရှင်း ဆောင်ရွက်ပေးမည်မဟုတ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဦးခင်မောင်ထွေး**

**၇/ပမန(နိုင်)၀၁၇၄၈၄**

**အမှတ်(၁၈)၊ ကံ့ကော်လမ်းသွယ်(၁)၊**

**ဘုရားကြီးတိုးချဲ့ရပ်ကွက်၊ ရွှေတံခါးနယ်မြေ၊ ပြည်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၁)၊ မြေကွက်အမှတ်(၆၃)၊ သုခလမ်း၊ အကျယ်အဝန်း(၄၀'x၆၀')၊ (၂၄၀၀)စတုရန်းပေ၊ ဧရိယာ ၀ ဒသမ ၀၅၅ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ် အားလုံး သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့မြေစာရင်းတွင် ဒေါ်စမ်းလှ(H/RGN-၀၁၇၉၈၈) ၁၂/လမတ (နိုင်) ၀၁၂၁၅၀ အမည်ပေါက်တည်ရှိပြီး အမည်ပေါက်ကိုယ်တိုင်မှ ပိုင်ဆိုင်မှု အရှုပ်အရှင်းကင်းရှင်း၍ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်တို့၏ မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ်(ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို) ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက် မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်မွန်မွန်ချို (LL.B)**

**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၂၆၈)**

**ဖုန်း-၀၉-၂၅၀၆၈၅၇၁၇**

**အမှတ်(၅၇)၊ ပထမထပ်၊ သံသုမာလမ်း၊ (၇)ရပ်ကွက်၊**

**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊**

**ဖုန်း-၀၉-၇၇၃၂၂၁၀၂၂၊ ၀၉-၇၇၇၇၂၀၁၆၆**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၅)၊ မြေကွက်အမှတ်(၉၇၁)၊ အကျယ်အဝန်းပေ(၄၀x ၆၀)၊ (၂၄၀၀)စတုရန်းပေရှိ ဦးညွန့်စိန် ၁၂/ဥကတ(နိုင်) ၀၅၉၆၇၀အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား အရပ်ကတိစာချုပ် အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်သီတာဝင်း၁၂/ဥကမ(နိုင်)၁၇၀၈၀၅ မှ ပိုင်ဆိုင်မှု အရှုပ်အရှင်းကင်းရှင်း၍ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ်(ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှ စ၍ (၁၄) ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| ဒေါ်မွန်မွန်ချို (LL.B) | ဒေါ်စန္ဒာဝင်း(LL.B) |
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |
| (စဉ်-၁၂၂၆၈) | (စဉ်-၂၆၄၀၉) |

**အမှတ် (၁၈၇)၊ ပထမထပ်၊ သုဒဿနလမ်း၊ (၁၆/၂) ရပ်ကွက်၊**

**သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့ ၊**

**ဖုန်း -၀၉-၂၅၀၆၈၅၇၁၇၊ ၀၉-၇၉၇၆၄၀၆၁၆**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2D/1555 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန်၍ ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊**

**သန်လျင်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 68W/74154 Honda Wave 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးစောချစ်ပိုပို ၁၄/သပန(နိုင်) ၁၁၅၃၁၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**

**တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6P/3948 ယာဉ်လက်ဝယ်ရှိသူ ဦးထန်ခန့်ထွန်း ၄/တတန(နိုင်)၀၁၄၉၀၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ချင်းပြည်နယ်ရုံး**

**(ဟားခါး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9R/4650 CHEVROLET SPARK HATCH BACK (4x2)L ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခိုင်သူဇာ ၁၂/သကတ(နိုင်) ၂၀၇၈၆၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ် ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (သာယာဝတီ)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 77W/99517 Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဦးစိန်မြင့် ၁၄/ဟသတ(နိုင်)၂၁၄၆၀၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြ ပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဟင်္သာတ)**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့၊ အရှေ့ပိုင်းရပ်ကွက်နေ ကျွန်တော် ဦးမြင့်ဆွေ ၈/ပဖန(နိုင်)၀၀၇၅၃၀နှင့် ကျွန်မ ဒေါ်အမာရီ ၈/ပဖန(နိုင်)၀၀၂၁၀၅တို့၏သမီး မဖြူမာဆွေ ၈/ပဖန(နိုင်)၀၀၈၉၇၂သည် မိဘနှစ်ပါး၏ ဆိုဆုံးမစကားကို မနာခံဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် မဖြူမာဆွေနှင့် ပတ်သက်သော ကိစ္စအဝဝအား မိဘနှစ်ပါးမှ လုံးဝ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

**မိဘများ- ဦးမြင့်ဆွေ-ဒေါ်အမာရီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၂)၊ မြေကွက်အမှတ်(၈၈၁)၊ မြေကွက်တည်နေရာအမှတ်-၈၈၁၊ ဇမ္ဗူသီရိလမ်း၊ ၃၂ ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဒေါ်သိန်းသိန်းဆင့် (SWE-၀၀၃၉၆၂) အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မြေအား ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် တရားရုံး၊ တရားမကြီးမှုအမှတ်-၇၆/၂၀၂၂ဖြင့် ဒေါ်သျှန္တီမေဟိန်းမှ တရားလိုပြု၍ ဒေါ်သိန်းသိန်းဆင့်(မြေအမည်ပေါက်)အပေါ် တရားပြိုင်ထားကာ ပဋိညာဉ်အတိုင်း အိမ်နှင့် မြေအရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှုဖြင့် စွဲဆိုခဲ့ခြင်းအား အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးရန် စရိတ်နှင့်တကွ အနိုင်ဒီကရီချမှတ်သည့် ၁၇-၁၀-၂၀၂၂ရက်စွဲပါ စီရင်ချက်နှင့် ဒီကရီ၊ တရားမ ဇာရီမှုအမှတ်-၉၅/၂၀၂၂၏နေ့စဉ်မှတ်တမ်း၊ တရားရုံးကိုယ်စား မြေပုံ၊ မြေရာဇဝင်ကူးယူရန်အတွက် ဘီလစ်ခန့်အပ်ကြောင်း ၂၂-၁၁-၂၀၂၂ရက်စွဲပါ အကြောင်းကြားစာ၊ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)တို့တင်ပြ၍ ဘီလစ် စာရေးကြီး ဒေါ်လှဲ့လှဲ့ခိုင်မှ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**

**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ မဟာဆွေလမ်း၊ မဟာဆွေကွန်ဒို၊ တိုက်(A)၊ အမှတ်(301)၊ Level-3 ရှိ ကွန်ဒိုတိုက်ခန်းနှင့် ယင်းကွန်ဒိုတိုက်ခန်းနှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး၊ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဒေါ်ခင်သန်းဌေး ၁၂/ပဘတ(နိုင်)၀၀၅၁၉၆ ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဦးဘုန်းနေထွန်း ၅/မရန(နိုင်)၁၉၂၅၇၃က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီး နောက်ပိုင်းကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| ဒေါ်စုစုခိုင်(LL.B, D.B.L, D.I.L) | ဒေါ်ခင်စောသိန်း (LL.B) |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၅၃) | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၂၈၆) |

**တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅-လမ်း(အောက်)၊**

**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**

**ဖုန်း-၀၉-၇၃၀၂၆၁၉၉၊ ၀၉-၄၄၃၀၂၆၁၉၉**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေး ဦးစီးဌာနသည် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ မန္တလေးပြည်သူ့ဆေးရုံကြီး၊ မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)တို့ရှိ အဏုမြူရောင်ခြည်ဖြင့် ရောဂါရှာဖွေကုသရေးဌာနများ အတွက် လိုအပ်သော အဏုမြူရောင်ခြည်ဆေးနှင့်ဆေးပစ္စည်းများအားဝယ်ယူရန် အိတ်ဖွင့်တင်ဒါအမှတ် 5DMS/ 2023-2024(L) အား ခေါ်ယူအပ်ပါသည်။

တင်ဒါစည်းမျဉ်း၊ စည်းကမ်းများကို တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ၊ ရုံးအမှတ်(၄)၊ နေပြည်တော်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဈေးနှုန်းတင်သွင်းလွှာပုံစံများ** - ၂၈-၆-၂၀၂၃ ရက် (ဗုဒ္ဓဟူးနေ့)

**စတင်ရောင်းချမည့်ရက်**

**တင်ဒါပိတ်မည့်ရက်နှင့် အချိန်** - ၁၂-၇-၂၀၂၃ ရက်၊ မွန်းတည့် ၁၂: ၀၀ နာရီ

**ဆက်သွယ်ရန်ဖုန်းနံပါတ်** - ၀၆၇-၃၄၁၁၅၄၄၊ ၀၆၇-၃၄၁၁၆၃၄

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ကုသရေးဦးစီးဌာန**
**ကျန်းမာရေးဝန်ကြီးဌာန**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၃)၊ စက်မှုလယ်ယာ(၁)လမ်း၊ မြေကွက်အမှတ်(၉)ဟု ခေါ်တွင်သောပေ (၄၁x၆၀ )၊ ၀ ဒသမ ၀၅၆ ဧကရှိ မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြနှင့်မြေယာဌာနတွင် ဦးမောင်ဌေး (KGN-၀၈၁၈၅၇) အမည်ဖြင့်မှတ်သားတည်ရှိပြီးပေ (၄၁x၆၀)အနက်မှ တရားဝင်မခွဲစိတ်ရသေးသော ခေါင်းရင်းခြမ်းထောင့်စွန်း မြေကွက်အမှတ် (၁၀)နှင့်ကပ်လျက်ရှိသော ပေ(၁၀x၆၀)ရှိမြေနှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော နှစ်ထပ်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား လက်ရှိဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုပြီး ရောင်းချရန် ကမ်းလှမ်းလာသူ ဒေါ်သန်းသန်းအေး ၁၂/မရက(နိုင်)၀၅၄၄၃၇ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စန်းရီ ၁၂/ဥကတ(နိုင်)၀၇၃၁၃၈ ကဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော အထောက်အထားစာရွက်စာတမ်း မူရင်းများနှင့်တကွ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်စန်းရီ၏ လွှဲအပ်ညွှန်ကြားချက်များအရ -**
**ဒေါ်စိုးသီတာအေး - LL.B, W.I.P.O (Switzerland)**
**အထက်တန်းရှေ့နေ (စဉ်-၄၈၁၇၀)**
**အမှတ်(၉)၊ စက်မှုလယ်ယာ(၁)လမ်း၊ (၁၃)ရပ်ကွက်၊**
**ဒဂုံ(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း - ၀၉- ၄၄၄၆၇၇၇၁၆**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2Q/3222 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ ၂၀)
## အောင်မြေသာစံခရိုင်တရားရုံးတော်
## ၂၀၂၃ ခုနှစ် တရားမကြီးမှုအမှတ် - ၁၁

| | | |
|---|---|---|
| ဒေါ်နန်းသန်းမေ<br>(၎င်း၏အထွေထွေကိုယ်စားလှယ်စာရသူ ဒေါ်ခင်ဝါမြင့်) | နှင့် | ၁။ ဒေါ်မော်မော်သန်း<br>၂။ ဦးသန်းလင်း<br>၃။ မညို (ခ) မတင်ဌေးဝင်း<br>၄။ မအေးအေးဝင်း<br>၅။ ဒေါ်သန်း<br>၆။ မမိုးနွယ်<br>၇။ဦးသံချောင်း(ခ)ဦးအောင်ကျော်<br>၈။ မိဝိုင်း |
| **တရားလို** | | **တရားပြိုင်များ** |

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ၈၉x၉၀ လမ်းကြား၊ ၃၅ လမ်း၊ အမှတ်(၂၉၈)နေ ဒေါ်မော်မော်သန်း (ယခုနေရပ်လိပ်စာမသိသူ)နှင့် မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ တဲကုန်းကျေးရွာနေ ဦးသန်းလင်း (ယခုနေရပ်လိပ်စာမသိသူ) တို့ သိစေရမည်။

သင်တို့အပေါ် တရားလို့ က သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ-၉ အရ တရားလို လက်ရှိထားပိုင်ဆိုင်သော ဝိုင်းမြေကွက်နှင့်အိမ်ကို တရားနည်းလမ်းအတိုင်း မဟုတ်ဘဲ အတင်းအဓမ္မ ဖျက်ဆီးကျူးကျော်ဝင်ရောက်၍ လက်မဲ့ဖြစ်သွားသော ဝိုင်းမြေကွက်နှင့်အိမ်အား ပြန်လည်၍ လက်ရောက်ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ် ဇူလိုင်လ ၁၄ ရက် (၁၃၈၅ ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၁၂ ရက်) နံနက် ၉:၃၀ နာရီတွင် အထက် အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေ့လက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ် ဇွန်လ ၂၃ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **(နန်းကိန်ခမ်း)**

**ဒုတိယခရိုင်တရားသူကြီး(၂)**
**အောင်မြေသာစံခရိုင်တရားရုံး**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ င/ကရပ်ကွက်၊ ညီညွတ်ရေးလမ်း၊ အိမ်အမှတ် ၆/၁၉ နေ ဦးမြင့်ဇော် ၁၂/သဃက(နိုင်)၁၃၉၇၂၂-ဒေါ်ညိုညိုမာ ၁၂/သဃက(နိုင်)၁၅၀၈၆၄တို့၏သား မောင်အောင်မင်းခိုင် ၁၂/သဃက(နိုင်)၁၉၇၄၂၂ သည် မိဘများ၏ဆိုဆုံးမမှုများကို နာခံမှုမရှိဘဲ မိဘများစိတ်ဆင်းရဲစေသောကိစ္စရပ်များအား အကြိမ်ကြိမ်အခါခါပြုလုပ်ပါသဖြင့် သားအဖြစ်မှ အမွေစားအမွေခံ စွန့်လွှတ်လိုက်ပါသည်။ သူနှင့်ပတ်သက်သည့် အကြောင်းအရာ တစ်စုံတစ်ရာကိုမှ တာဝန်မယူပါ။

(ဘ)-ဦးမြင့်ဇော်
(အမိ)- ဒေါ်ညိုညိုမာ

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ်(၂၅၁၄)၊ ဧရိယာ ၀ ဒသမ ၀၈၂ ဧကရှိ ဦးထင်ပေါ် အမည်ပေါက်နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အား အမည်ပေါက်သူ၏ အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဒေါ်သူဇာလှိုင် (ဘ)ဦးရန်ကွယ်ချီး(ခ)သိန်းဝင်း ၉/မဟမ(နိုင်)၀၁၅၅၀၇ မှ မြေငှားစာချုပ် အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၄၇၅၉/၂၀၂၂) နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများ တင်ပြပြီး ဒေါ်ယဉ်ယဉ်သန်း (ဘ)ဦးကံညွန့် ၁၄/မအန(နိုင်)၀၀၃၉၉၀ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် အသိပေးကြော်ငြာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ်-(၅၁၄/၄)၊ ဦးပိုင်အမှတ်(၉)၊ ဧရိယာ ၀ ဒသမ ၁၉၅၇ ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ တစ်ထပ်နံကပ်အဆောက်အအုံ(၂)လုံး၊ ရေမီတာ (၂)လုံး၊ မီးမီတာ (၃)လုံး အပါအဝင် ပေါက်ရောက်သစ်ပင်၊ ဝင်းခြံအကာအရံနှင့်တကွ နေထိုင်ပိုင်ဆိုင်အသုံးချ အကျိုးခံစားခွင့်၊ အခွင့်အရေးအရပ်ရပ် အားလုံးတို့မှာ မိမိ၏ဂရန်အမည်ပေါက်ပြီး လက်ရှိလက်ရောက် နေထိုင်ပိုင်ဆိုင်ကာ ရောင်းချပိုင်ခွင့်အပြည့်အဝရှိသည်ဟု ဝန်ခံကတိပြုပြောဆိုသူ (ဘ)ဦးကြည်စိုး၏ (သမီး) ဒေါ်ခင်မိမိ ၉/မရမ(နိုင်)၀၃၃၃၄၉ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စရပ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ယခုအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**အမှုသည်၏ ညွှန်ကြားချက်အရ -**
**ဒေါ်နှင်းသူအောင် (LL.B) တရားလွှတ်တော်ရှေ့နေ**
**၁၃ လမ်း x ၈၂ လမ်းထောင့် ၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့၊**
**ဖုန်း -၀၉-၈၇၀၃၉၅၉၃၉**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3F/2789 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2L/1332

ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကြည်ညွှန့် ၉/မခန(နိုင်)၀၃၁၆၂၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မြင်းခြံ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၆ယ/၃၇၅၆၀

TVS Wego 110ယာဉ်လက်ဝယ်ရှိသူ ဦးဌေးဝင်း ၅/ငဇန(နိုင်)၀၅၈၆၄၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 60W/76555

Honda Scoopy ယာဉ်လက်ဝယ်ရှိသူ NCX Myanmar Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

# မန်းမေတ္တာ ကားရောင်းဝယ်ရေးကုမ္ပဏီ (ထားဝယ်ရုံးခွဲ)မှ ကားအရစ်ကျ ဝယ်ယူထားသူများနှင့်အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်တို့မိတ်ဆွေကုမ္ပဏီဖြစ်သော မန်းမေတ္တာကားရောင်းဝယ်ရေးကုမ္ပဏီ(ထားဝယ်ရုံးခွဲ) မှ ရောင်းချသည့် ကားများအား အောက်ဖော်ပြပါလူကြီးမင်းတို့သည် အရစ်ကျဝယ်ယူအသုံးပြုခဲ့ကြပါသည်။ ၎င်းတို့မှာ ၁။ ဒေါ်ဖြူဖြူလွင် (4Q/5293)၊ (1R/8164)၊ (4R/1722)၊ ၂။ ဦးအောင်ဇော်ဦး (7P/9258)၊ (9P/8092)၊ ၃။ဦးကိုကိုမင်း (3P/6672)၊ (3P/6674)၊ ၄။ဦးနိုင်မျိုးသွင် (9P/8096)၊ ၅။ ကိုဦးဦး(5Q/2072)၊ ၆။ ဒေါ်အေးအေးကြူ (1P/3568)၊ (3P/7433)၊ ၇။ ဒေါ်သန်းသန်းနွယ် (5R/1491)၊ ၈။ ဦးအောင်နေဝင်း (4Q/3395)၊ ၉။ ဦးလှထွန်း (3Q/1916)၊ ၁၀။ ဦးသူရိန်မင်းမျိုး (2S/9177)၊ ၁၁။ ဦးထွန်းထွန်းလတ် (5Q/8948)၊ ၁၂။ ဦးအေးကို (6Q/8857) ၁၃။ ဦးမောင်လေး (7R/1250)၊ ၁၄။ ဦးညီညီ (7Q/7185)၊ ၁၅။ ဒေါ်ဝင်းပြည့်ပြည့်ဌေး (4R/3985)၊ ၁၆။ ဦးဖိုးစည် (1S/1766)၊ ၁၇။ ဦးတင်မင်းလွင် (1S/5634)၊ ၁၈။ ဦးစိုးရွှေ (4R/3261)၊ ၁၉။ ဒေါ်မြင့်သန်း (2S/9169)၊ ၂၀။ ကိုနေလင်းသူ (6Q/8851)၊ ၂၁။ ကိုထွန်းလင်းဦး(6Q/5704)၊ ၂၂။ ကိုနေမျိုးစိုး (7Q/3963)၊ ၂၃။ ဒေါ်အိအိထွေး (5Q/5513)၊ ၂၄။ ဦးဇာနည်ထက် (1Q/1311)၊ ၂၅။ ဦးထိုက်(7Q/7064)၊ ၂၆။ ဦးထက်မြတ်ကျော် (5Q/1975)၊ ၂၇။ ဦးအောင်ဌေး (5Q/8986)၊ ၂၈။ ဦးအောင်မျိုးထက် (3Q/7301)၊ ၂၉။ ဦးစိုးဝင်း (3R/9756)၊ ၃၀။ ဦးစိုးပိုင် (7Q/7158)၊ ၃၁။ ဦးရဲဝင်းစိုး (9Q/9690)၊ ၃၂။ ဦးကြည်စိုး (7Q/7876)၊ ၃၃။ ဦးညီလေးခိုင် (1R/8114)၊ ၃၄။ ဦးမင်းဇင်ဦး (1Q/2595)၊ ၃၅။ ဦးဇော်လင်း (5Q/8990)၊ ၃၆။ ဦးမင်းနိုင် (5R/2078)၊ ၃၇။ ဒေါ်တင့်တင့်ဌေး (6R/7331)၊ ၃၈။ ဦးလှထွေး (2Q/6754)၊ ၃၉။ ဦးမင်းကိုဦး(6Q/8973)၊ ၄၀။ဦးပြည့်ဖြိုးဟိန်း (6Q/6392)၊ ၄၁။ဦးမောင်မောင်စန်း (9P/9230)၊ ၄၂။ ဦးထွန်းနိုင် (ကစ)၊ ဦးကျော်ထက်ခိုင် (1Q/7563)၊ ၄၃။ ဒေါ်ချောရတနာစိုင်း (6Q/9674)၊ ၄၄။ဒေါ်မြတ်ဌေး (4Q/9629)၊ ၄၅။ဦးစိုးဇော်ခိုင် (5Q/7166)တို့ ဖြစ်ပါသည်။

ထိုကဲ့သို့ မော်တော်ယာဉ်များအား အရစ်ကျဝယ်ယူရာတွင် လူကြီးမင်းတို့နှင့် ကျွန်ုပ်တို့မိတ်ဆွေကုမ္ပဏီကြားတွင် နှစ်ဦးသဘောတူ မော်တော်ကားရောင်းဝယ်ရေးကတိစာချုပ်များချုပ်ဆို၍ နှစ်ဦးသဘောတူကတိပဋိညာဉ်ပြုကာ ဝယ်ယူခဲ့ကြခြင်း ဖြစ်ပါသည်။

ယခုအခါ အထက်ဖော်ပြပါ ကျွန်ုပ်တို့ မိတ်ဆွေကုမ္ပဏီမှ လူကြီးမင်းတို့ အရစ်ကျဝယ်ယူထားသော ကားများနှင့်ပတ်သက်၍ လူကြီးမင်းတို့ဘက်မှပေးသွင်းရန် ကျန်ရှိနေသော ကားအရစ်ကျကျန်ငွေများနှင့်ပတ်သက်၍ မည်ကဲ့သို့ ဆက်လက်ဆောင်ရွက်ပေးမည့်ကိစ္စရပ်များနှင့်ပေးသွင်းရန် ပျက်ကွက်ခဲ့သည့်လများအပေါ် ကျွန်ုပ်တို့မိတ်ဆွေကုမ္ပဏီ၏ နစ်နာမှုများအတွက် လူကြီးမင်းတို့နှင့် ကျွန်ုပ်တို့မိတ်ဆွေကုမ္ပဏီတို့အကြားချုပ်ဆိုခဲ့သောစာချုပ်ပါကတိပဋိညာဉ်များအရဖြေရှင်းပေးရန်လိုအပ်နေပါသောကြောင့်အဆိုပါကိစ္စများအားရင်ဆိုင်ဖြေရှင်းရန်အတွက်ယခုကြေညာပါသည့်ရက်မှ ၅ရက်အတွင်း မန်းမေတ္တာကားရောင်းဝယ်ရေးကုမ္ပဏီ၏ မန္တလေးရုံးချုပ်သို့ ကိုယ်တိုင်လာရောက်ဖြေရှင်းပေးကြရန်နှင့် အကယ်၍ သတ်မှတ်ရက်အတွင်း ဖြေရှင်းရန်ပျက်ကွက်ခဲ့ပါက လူကြီးမင်းတို့နှင့် ကျွန်ုပ်တို့မိတ်ဆွေကုမ္ပဏီတို့ကြား ချုပ်ဆိုထားခဲ့သော စာချုပ်ပါကတိပဋိညာဉ်များအရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မန်းမေတ္တာကားရောင်းဝယ်ရေးကုမ္ပဏီ(ထားဝယ်ရုံးခွဲ)မှ ကားအရစ်ကျဝယ်ယူထားသူများနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်နွယ်နွယ်သန်း(LL.B)(စဉ်-၁၀၈၃၇)** **ဒေါ်လင်းသီရိကျော်(LL.B)(စဉ်-၁၄၈၀၉)**

**တရားလွှတ်တော်ရှေ့နေများ**
**အကွက်(၈၅၂)၊ ချမ်း/တောင်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း-၀၉-၅၀၄၁၁၃၉၊ ၀၉-၄၃၁၇၁၂၅၃**

❖ နိုင်ငံရေးအနေဖြင့် ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးသွားမည်ဖြစ်ကာ အုပ်ချုပ်ရေးအနေဖြင့် ပါတီစုံဒီမိုကရေစီစနစ်နှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုစနစ်ကို ကျင့်သုံးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်...

❖ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA)သည်လည်း အစိုးရနှင့် EAO များအကြား၊ နိုင်ငံတကာအဖွဲ့အစည်းများအကြားထားရှိခဲ့သည့် ကတိကဝတ်ဖြစ်...

❖ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေး ဆွေးနွေးရာတွင်လည်း အပြုသဘောဆောင်သည့် ဆွေးနွေးမှုရလဒ်များကို ဖော်ဆောင်နိုင်ခဲ့...

❖ တစ်နိုင်ငံလုံး ငြိမ်းချမ်းရေးရရှိရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင် ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၂/၂၀၂၃)တွင် ပြောကြားမှုမှ ကောက်နုတ်ချက်)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၁၂) ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့်လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှု ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း (MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေး စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍ မြှင့်တင်ရေး။

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ တိရစ္ဆာန်များနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ


နေပြည်တော် ဇွန် ၂၇

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၄ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြို့နယ်သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရွှေဘိုမြို့ အမှတ် (၇) ချီပါစုရပ်ကွက်၌ ပိုင်ရှင်မဲ့ တရားမဝင် သစ်မျိုးစုံ ၅ ဒသမ ၉၁၄ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၈၈၇၂၂၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

စာမျက်နှာ ၉ ကော်လံ ၁ ◆


ပဲခူးတိုင်းဒေသကြီးအတွင်း၌ တရားမဝင်သစ်မျိုးစုံ ဖမ်းဆီးရမိမှု။

# ဇယားအောက်ဆုံးမှ ရောဝတီအသင်း နိုင်ပွဲပြန်ရပြီး ရန်ကုန်အသင်း နိုင်ပွဲဆက်


ရောဝတီနှင့် ကချင်ယူနိုက်တက် ယှဉ်ပြိုင်ကစားစဉ်။

ရန်ကုန် ဇွန် ၂၇

၂၀၂၃ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၀) ဒုတိယနေ့ကို ဇွန် ၂၇ ရက်က ဆက်လက်ကျင်းပရာ ရောဝတီအသင်းနှင့် ရန်ကုန်အသင်း နိုင်ပွဲရရှိသည်။

သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် ရောဝတီအသင်းက ကချင်ယူနိုက်တက်အသင်းကို ငါးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ဇယားအောက်ဆုံးရောက်နေသည့် ရောဝတီအသင်းသည် ယခုရာသီ ဒုတိယမြောက်နိုင်ပွဲရယူနိုင်ခဲ့ခြင်းဖြစ်ပြီး တန်းဆင်းဇုန်မှ ရုန်းထွက်နိုင်ရန် မျှော်လင့်ချက်ရှိလာခဲ့သည်။ လေးပွဲဆက်တိုက် ရလဒ်ကောင်းရယူနိုင်ခဲ့သည့် ကချင်ယူနိုက်တက်အသင်းမှာမူ ယခုပွဲတွင် အပြန်အလှန်သွင်းဂိုးများဖြင့် ရှုံးပွဲကြုံတွေ့ခဲ့ရသည်။

ခြေစွမ်းကွာခြားမှုမရှိသလို လူငယ်ကစားသမားအများစုဖြင့် ဖွဲ့စည်းထားသဖြင့် ပွဲမှာအပြန်အလှန်ရှိခဲ့ပြီး သွင်းဂိုးများအပြိုင်အဆိုင်သွားခဲ့ကြသည်။

စာမျက်နှာ ၁၁ ကော်လံ ၄ ❖


ယနေ့ သတင်းအညွှန်း



ဆိုင်ကလုန်းမုန်တိုင်း မိုခါတိုက်ခတ်မှုကြောင့် သဘာဝဘေးဒဏ်သင့်ဒေသများရှိ ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများအား တပ်မတော်(လေ)မှ လေယာဉ်/ရဟတ်ယာဉ်များဖြင့် ဆက်လက်ပို့ဆောင် — ပြည်တွင်းသတင်း စာ ၇

ခိုးယူခံထားရသော အမွေအနှစ်ပစ္စည်းများကို ပြန်ယူရန် သီရိလင်္ကာ ကြိုးစား — နိုင်ငံတကာသတင်း စာ ၁၃

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ — ပြည်တွင်းသတင်း စာ ၁၄